The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
စီးပွားရေးသတင်းဂျာနယ်
VOL. 25, NO. 7 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | July 7, 2025

# ပြည်ပပို့ကုန် တိုးမြှင့်ဖို့ ကဏန်းပျော့ မွေးမြူကြစို့

စာမျက်နှာ - 3 ➤






## ရှမ်းပြည်နယ်အတွင်း အာလူးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်ဆောင်ရွက်

စာမျက်နှာ - 10 ➤

## အိန္ဒိယကုန်စည်ပြပွဲ၌ ပါဝင်ပြသရန် မြန်မာလုပ်ငန်းရှင်များကို ဖိတ်ခေါ်

စာမျက်နှာ - 20 ➤

## အိမ်ခြံမြေ ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေ အဖွဲ့

စာမျက်နှာ - 25 ➤



# EMIN
Testing & Measuring Everything

## စမ်းသပ်တိုင်းတာရေးလုပ်ငန်းများအတွက် အရည်အသွေးပြည့်ဝသော
## Testing & Measuring Instruments များ




- လျှပ်စစ်တိုင်းတာရေး ကိရိယာများ
- စက်ပစ္စည်းတိုင်းတာရေး ကိရိယာများ
- သဘာဝပတ်ဝန်းကျင် တိုင်းတာရေး ကိရိယာများ
- ဓာတ်ခွဲခန်းသုံး တိုင်းတာရေး ကိရိယာများ
- ဆောက်လုပ်ရေးသုံး တိုင်းတာရေး ကိရိယာများ
- ရေစမ်းသပ်တိုင်းတာရေး ကိရိယာများ




Vietnam နိုင်ငံ သိပ္ပံ နှင့် နည်းပညာ အဖွဲ့အစည်းမှ Calibration Center အဖြစ် အသိအမှတ်ပြု လက်မှတ်ရရှိထားပါသည် ။

**အစရှိသောပစ္စည်းအမျိုးမျိုးကို Emin Myanmar တွင် ဝယ်ယူရရှိနိုင်ပါသည် ။**

SCAN HERE

## Emin Myanmar

09-266 993 007

www.emin.com.mm

အမှတ် (၅၁၁/B)၊ ဝေဇယန္တာလမ်း၊ (၄) ရပ်ကွက် ၊ ပါရမီ မီးပွိုင့်အနီး၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

# ပြည်ပပို့ကုန် တိုးမြှင့်ဖို့ ကဏန်းပျော့ မွေးမြူကြစို့



ကဏန်းများသည် ပင်လယ်သမုဒ္ဒရာရေပြင် ရေချိုပိုင်းနှင့် ကုန်းတွင်းပိုင်းတို့တွင် နေထိုင်လေ့ရှိကြသည်။ ကမ္ဘာအနှံ့အပြားတွင် ကဏန်းမျိုးစိတ်ပေါင်း ၆၇၀၀ ကျော်ခန့်ရှိကြပြီး ကဏန်းအုပ်စုပေါင်း ၉၃ စုခန့်ရှိသည်။ မြန်မာနိုင်ငံတွင် တွေ့ရှိရသော ကဏန်းများမှာ ရွှံ့ကဏန်း/ကဏန်းမည်း(Mud crab)၊ သဲကဏန်း(Sand crab)၊ ကဏန်းချေးပုန်း (Mangrove crab)၊ ကဏန်းပြာ (Blue swimming crab)၊ ကဏန်းဘုန်းကြီး/ကဏန်းနီ (Spanner crab) တို့ဖြစ်ကြပြီး အခြားကဏန်းမျိုးစိတ်ငယ်များမှာ ခြေနီကဏန်း၊ ကဏန်းဖြူ၊ အုန်းကဏန်း၊ ဝသုံးလုံးကဏန်း၊ မျောက်ကဏန်း၊ ကဏန်းယပ်တောင်၊ တယောထိုးကဏန်း တို့ဖြစ်သည်။ ကဏန်းမျိုးစိတ်များတွင် ကဏန်းပျော့(Soft-shell crab)မှာ အရေခွံလဲထားသော ကဏန်းဖြစ်ပြီး စီးပွားရေးအရ အရေးပါသော ရေထွက်ပို့ကုန်တစ်မျိုးဖြစ်သည်။

ကဏန်း၏ အပေါ်ခွံ Carapace အရောင်သည် ရွှံ့နှစ်ရောင် ရင့်ရင့်ဖြစ်ပြီး ဘဲဥပုံရှိသည်။ ကဏန်းအထီး၊ အမများကို ခွဲခြားရန်အတွက် ဝမ်းဗိုက်ပိုင်း (abdomen) ဘက်ကို လှည့်ကြည့်ခြင်းအားဖြင့် ရင်ဘတ်အဖုံးအပြား (ချက်ပြား) ၏ အနေအထားကို ကြည့်၍ လွယ်ကူစွာ ခွဲခြားနိုင်သည်။ ကဏန်းအမမှာ ဝမ်းဗိုက်ပြည့်လုနီးပါး (ဂ) ပုံသဏ္ဌာန်ရှိပြီး အထီးမှာ ချက်ပြားငယ်၍ ထိပ်ချွန်ချွန်(တြိဂံ)ပုံရှိသည်။ ကဏန်းများမှာ အသက်(၁-၂) နှစ်အရွယ်တွင် မျိုးပွားနိုင်ကြပြီး ကဏန်းအမမှာ ဥပေါင်း တစ်သိန်းကျော်ထိ ဥဥနိုင်ကြသည်။ အသက် (၈-၁၃)နှစ်ထိ သက်တမ်းရှည်ကြပြီး ခြေလက် ၁၀ ချောင်းပါသည့် အခွံမာသတ္တဝါ (decapod-crustaceans) များဖြစ်ကြသည်နှင့်အညီ ကဏန်းများတွင် လက်မတစ်စုံ အပါအဝင် စုစုပေါင်း ခြေလက် ငါးစုံပါဝင်သည်။ ကဏန်းပျော့မှာ နောက်ဆုံးပေါ် လူကြိုက်အများဆုံးဖြစ်ပြီး မွေးမြူရေးလုပ်ငန်းများတွင် တွင်ကျယ်စွာ လုပ်ကိုင် အောင်မြင်လျက်ရှိသည်။

ကဏန်းပျော့များကို မြန်မာနိုင်ငံတွင် ၂၀၀၀ ပြည့်နှစ် နောက်ပိုင်းမှ စတင်မွေးမြူထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ ကဏန်းပျော့တွင် သဘာဝကဏန်းပျော့နှင့် မွေးမြူရေးကဏန်းပျော့ဟူ၍ ရှိသည်။ ရေငန်ကဏန်းများမှာ ပုံမှန်အတိုင်းဆိုပါက ရက်ပေါင်း ၄၅ ရက်မှ ရက် ၉၀ အတွင်း အရေခွံလဲတတ်ကြသည်။ ကဏန်းအသက်အရွယ်အလိုက် အခွံလဲနှုန်းမှာ အလေးချိန် ၇၀ ဂရမ်မှ ၁၀၀ ဂရမ် အတွင်း ၁၅ ရာခိုင်နှုန်း၊ အလေးချိန် ၁၀၀ ဂရမ်မှ ၁၅၀ ဂရမ်အတွင်း ၃၅ ရာခိုင်နှုန်း၊ အလေးချိန် ၁၅၀ ဂရမ်မှ ၂၀၀ ဂရမ်အတွင်း ၁၅ ရာခိုင်နှုန်းသာ အခွံလဲတတ်ကြသည်။ အလေးချိန် ၂၀၀ ဂရမ်ကျော် ကဏန်းကြီးများမှာမူ အခွံလဲမှု နှေးကွေးသောကြောင့် ကဏန်းပျော့မွေးမြူရန် တွက်ခြေမကိုက်ကြတော့သဖြင့် အခွံမာအနေဖြင့်သာ ရောင်းဝယ်ကြသည်။

ကဏန်းပျော့ ထုတ်လုပ်ရာတွင် ကဏန်းဝယ်ယူခြင်း၊ မွေးမြူရေးကန်တွင် စနစ်တကျ မွေးမြူခြင်း၊ အအေးခန်းစက်ရုံတွင် ထုပ်ပိုးခြင်း၊ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချခြင်းနှင့် အချို့ကို ပြည်တွင်းစားသုံးရန် ရောင်းချခြင်း စသည်ဖြင့် အဆင့်ဆင့် လုပ်ဆောင်ကြရသည်။ ပင်လယ်ပြင်မှ ဖမ်းဆီးရရှိသည့် ကဏန်းများအား ဆိုဒ်အလိုက် ဝယ်ယူကြပြီး ရေငန်ထည့်သွင်းထားသည့် ကဏန်းပျော့ မွေးမြူရေးကန်ထဲတွင် PVC ပလတ်စတစ်ပိုက်လုံးဖြင့် ဖောင်ဖွဲ့ထား၍ အနက်ရောင် ပလတ်စတစ်ကဏန်းအိမ် ဖောင်အတွဲလိုက်လေးများကို တစ်အိမ်လျှင် ကဏန်းတစ်ကောင်နှင့် ငါးအသားတုံး တစ်တုံးထည့်ကာ အစီအရီထားရှိမွေးမြူကြသည်။ ကဏန်းပျော့ မွေးမြူရေးကန် အလယ်တွင် ကန်ကိုဖြတ်လျက် သွပ်မိုးတံတားထိုးထားသည်။ ရေကန်အကျယ်အဝန်းပေါ် မူတည်၍ ကဏန်းဖောင်များစွာ ထားရှိကြသည်။

ကဏန်းအခွံလဲ/မလဲကို စောင့်ကြည့်ရေးဝန်ထမ်းများက တစ်နာရီလျှင် တစ်ကြိမ် တံတားတစ်ဖက်တွင်ရှိသည့် ကဏန်းဖောင်ကို ကြိုးဖြင့် တစ်ဖက်ကို ဖြည်းဖြည်းချင်း ဆွဲယူပြီး တံတားပေါ်မှ တစ်အိမ်ချင်း စေ့စေ့စပ်စပ် ကြည့်ကြရသည်။ ထိုကဏန်းပျော့အခွံသည် အချိန်နှင့်အမျှ တဖြည်းဖြည်း မာကျောလာပြီး နှစ်နာရီအကြာတွင် ပုံမှန်အခွံမာကဏန်း ပြန်ဖြစ်သွားသဖြင့် တစ်နာရီလျှင် တစ်ကြိမ်စောင့်ကြည့်ရခြင်းဖြစ်ပြီး ဆယ်ယူခြောက်သွေ့စေပြီးမှ အမျိုးအစားခွဲကာ စနစ်တကျထုပ်ပိုးပြီး အခန်းထဲထည့်သွင်း သိုလှောင်ထားရသည်။ ဈေးကွက်သို့ တင်ပို့ရာတွင် အအေးပေးပြီး ပို့ကြရသည်။

ကဏန်းပျော့ မွေးမြူရာတွင် ရေငန်ပုစွန်မွေးမြူခြင်းကဲ့သို့ ပြည်ပမှ ပုစွန်သားလောင်း၊ ပုစွန်စာ ကုန်ကြမ်း တင်သွင်းရခြင်းမျိုး မလိုအပ်ဘဲ ကဏန်းကုန်ကြမ်းသာလိုအပ်သည်။ ပင်လယ်ပြင်တွင် သဘာဝ



**မြိတ်ကုန်သွယ်ရေးစခန်း**

အလျောက် ပေါက်ဖွားနေသော ကဏန်းများကို ဖမ်းဆီးမွေးမြူ ထုတ်လုပ်နေခြင်းဖြစ်သည်။ ကြာလျှင် ကဏန်းသယံဇာတ လျော့နည်းလာမည်ဖြစ်သည့်အတွက် ကဏန်းမျိုးထိန်းသိမ်းနိုင်ရန် ငါးလုပ်ငန်းဦးစီးဌာန၏ အကူအညီဖြင့် ဖျာပုံနှင့် လပွတ္တာမြို့နယ် ရေချိုရေငန်စပ်ကမ်းခြေတို့တွင် ပုဂ္ဂလိက ကဏန်းမွေးမြူရေးများ လုပ်ဆောင်လာကြသည်ဟု သိရသည်။ ထိုသို့မွေးမြူမှုများမှသာလျှင် ကဏန်းမျိုးဆက် မပြုန်းတီးဘဲ ကဏန်းမှ တန်ဖိုးမြင့်ထုတ်ကုန်များ ပိုမိုထုတ်လုပ်လာနိုင်ပြီး နိုင်ငံခြားဝင်ငွေလည်း ပိုမိုရရှိနိုင်မည်ဖြစ်သည်။

ကဏန်းပျော့ မွေးမြူသူလုပ်ငန်းရှင်များ တွေ့ကြုံရသည့် စိန်ခေါ်မှုများအနေဖြင့် တစ်နာရီလျှင် တစ်ကြိမ် စေ့စေ့စပ်စပ် စစ်ဆေးရခြင်း၊ တစ်ကောင်ခြင်းကို ခြေလက်များ မကျိုးမပဲ့အောင် အထူးသတိထား စောင့်ကြည့်ရခြင်း၊ ကဏန်းပျော့ ထုတ်လုပ်ရာတွင် မွေးမြူထားသည့် ကဏန်းတိုင်းမရခြင်း၊ ကဏန်းအရေခွံလဲရာတွင် ၎င်းတို့၏အရွယ်အစားပေါ် မူတည်ခြင်း၊ ကဏန်းဈေးကွက်၌ အသက်အရွယ်ကို အလေးချိန် ဂရမ်ဖြင့် သတ်မှတ်ခြင်း၊ အိမ်နီးချင်းနိုင်ငံများတွင်လည်း မွေးမြူလာကြသည့်အတွက် ဈေးကွက်ပြိုင်ဆိုင်မှု မြင့်မားလာခြင်းတို့ဖြစ်ကြသည်။ ကဏန်းပျော့ မွေးမြူခြင်း၏ အားသာချက်မှာ ကဏန်းပျော့များ အရေခွံလဲပြီးကြွင်းကျန်သော အခွံ၊ အသေများကို ကျွမ်းကျင်သူများ၏ အကူအညီနှင့် သဘာဝမြေဩဇာအဖြစ် ထုတ်လုပ်နိုင်သည့်အတွက် စွန့်ပစ်စရာမလိုသော ရေထွက်ကုန်ပစ္စည်း(Zero Waste)ဖြစ်သည်။ ကဏန်းပျော့ စွန့်ပစ်ပစ္စည်းမှ သဘာဝမြေဩဇာအဖြစ် ထုတ်လုပ်ပုံမှာ ကဏန်းအသေများနှင့် အရေခွံလဲ၍ ထွက်ရှိလာသော ကဏန်းအခွံများကို နေလှန်းကြိတ်ချေပြီး အရိုးမှုန့်ဓာတ်မြေဩဇာနှင့် အပင်များအတွက် လိုအပ်သော ကဏန်းအမိုင်နို အော်ဂဲနစ် ဆေးရည်အဖြစ် ထုတ်လုပ်ကြသည်။ ရရှိလာသော သဘာဝမြေဩဇာများကို ဈေးကွက်အတွင်း ကဏန်းအမိုင်နိုအော်ဂဲနစ် ရွက်ဖျန်းဆေးရည်နှင့် သဘာဝမြေဆီလွှာ ပြုပြင်ဆေးများကို ပြည်တွင်း၌ ဖြန့်ဖြူးရောင်းချကြသည်။

ထို့ပြင် ကဏန်းပျော့စေရန်အတွက် မည်သည့် ဓာတုဆေးဝါးမျှ သုံးစွဲရန် မလိုအပ်ဘဲ သဘာဝအတိုင်း အခွံလဲ/မလဲ စောင့်ကြည့်ဖော်ယူကြရသဖြင့် ကဏန်းပျော့ထုတ်လုပ်ရေးသည် ဓာတုဆေးဝါးကင်းစင်သည့် အော်ဂဲနစ်ပင်လယ်စာဖြစ်သည်။ ကဏန်းပျော့ စားသုံးခြင်းအားဖြင့် ပရိုတင်းအသားဓာတ် ကြွယ်ဝခြင်း၊ ဗီတာမင်နှင့် သတ္တုဓာတ်များစွာ ပါဝင်ခြင်းသည် အရသာ ထူးခြားကောင်းမွန်ရုံသာမက တစ်ကောင်လုံးလည်း စားသုံး၍ရသည့်အ ပြင် ကျန်းမာရေးအတွက်လည်း များစွာ အထောက်အကူရစေသည်။

ကဏန်းပျော့ကို တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အပြင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာနှင့် ရခိုင်ပြည်နယ်တို့တွင်လည်း မွေးမြူကြပြီး ထိုင်း၊ စင်ကာပူ၊ ဂျပန်၊ ကိုရီးယား၊ တရုတ်၊ ဟောင်ကောင်၊ တရုတ်(တိုင်ပေ)၊ ဩစတြေးလျ၊ ကနေဒါနှင့် ဥရောပ နိုင်ငံများသို့ တင်ပို့ရောင်းချကြသည်။ ကဏန်းပျော့များသည် ပြည်တွင်းစားသုံးမှုအတွက်သာမက ပြည်ပနိုင်ငံခြား ဈေးကွက်များအထိ တင်ပို့နေရသည့် တန်ဖိုးမြင့် ရေထွက်ပို့ကုန်ပစ္စည်း တစ်မျိုးဖြစ်၍ ပြည်ပပို့ကုန်တိုးမြှင့် တင်ပို့နိုင်ရေးအတွက် ကဏန်းပျော့ မွေးမြူရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး တင်ပြလိုက်ရပါသည်။

Commerce

**အတိုင်ပင်ခံစာတည်း**
သောင်းနိုင်
နီနီကျော်

**စာတည်းမှူးချုပ်**
ကျော်ဝင်း

**တာဝန်ခံစာတည်း**
စိန်သံ

**စာတည်းအဖွဲ့**
ကျော်ကျော်

**အုပ်ချုပ်ရေးမှူး**
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး

**သတင်းထောက်များ**
ရဲမင်းသာ (မကွေး)
သဇင် (မအူပင်)
ကျော်နိုင် (မြိတ်)
မောင်မောင်မြတ်ခိုင် (ဖျာပုံ)
ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)
မင်းမင်းဦး(ပုသိမ်)
မြင့်မြင့်သန်း(ပခုက္ကူ)
သင်းသင်းအေး (မုံရွာ)
မျိုးဝင်းသန့် (မုံရွာ)
ခင်ကြည် (မွန်)
စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
အိမ့်သဇင်ခိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (၀၉ ၇၇၇ ၁၂၇၂၇၂)

**ထုတ်ဝေသူ**
ဦးမျိုးခိုင်ဝင်း (၀၀၉၇၇)
အမှတ်-၂၂၈/၂၄၀၊
ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေး**
အုန်းခင်(၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
အိမ့်သဇင်ခိုင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com



PROVEN
GROUP OF COMPANIES
PROVEN GROUP OF COMPANIES
PROVEN TECHNOLOGY INDUSTRY
PROVEN DISTRIBUTION
PROVEN POLYWORLD
YANGON METAL INDUSTRY
PROVEN INTERNATIONAL
TOYO
AISIN
Battery Manufacturing
Renewable Energy
Lead Recycling
Plastic Injection and Blow Molding
Auto Parts and Lubricants Distribution
Investment
CONTACT US:
NO. F/S-14, BAYINTNAUNG ROAD, SHWE SABEI YEIKMON HOUSING , KAMAYUT TOWNSHIP, YANGON, MYANMAR
(POSTCODE - 11041 )
OFFICE NO.(+95-1)7 531 030 / 7 531 041/ 7 527 667 EMAIL : info@proven.com.mm WEBSITE : www.proven.com.mm




GOLD DELTA
GOLD DELTA CO.,LTD.
ကဠုနကျွန်းသာကုမ္ပဏီလီမိတက်
永 祥
YONGXIANG
အဆင့်မြင့်ဆန်စက် (မြန်မာပြည်၏ တစ်ဦးတည်းကိုယ်စားလှယ်)
www.golddeltamyanmar.com
ဆက်သွယ်ရန် - အမှတ်(၁)၊ ကနောင်မင်းသားကြီးလမ်း၊ ရွှေလင်ပန်းစက်မှုဇုန်၊
လှိုင်သာယာမြို့နယ်၊ ရန်ကုန်။ ဖုန်း - ၀၉ ၂၅၁၁၉၁၅၅၅၀၊ ၀၉ ၄၄၁၅၅၅၇၄၂၅။

# Yangon Fishery Development Co.,Ltd.


အမှတ် ၉၉/ဘီ၊ ပဲခူးမြစ်လမ်း၊ ငပိ၊ ငါးခြောက်၊ ငံပြာရည် စီမံကိန်းဇုန်၊ ဇုန် (၃)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

09 5096361

myanmaryfd2003@gmail.com


- လတ်ဆတ်တဲ့ ပင်လယ်ငါးကုန်ကြမ်းများနဲ့ သာထုတ်လုပ်ထားသည်။
- **Protein** အဆင့်အတန်း အမျိုးမျိုးရရှိနိုင်သည်။
- ပြည်တွင်းသာမက နိုင်ငံခြားသို့ လည်း တင်ပို့ ရောင်းချလျက်ရှိပါသည်။


















# ထွန်း

**Seamless ဘွိုင်လာ ကျွတ်ပိုက်၊ ဘွတ်(စ်) ပိုက်ဆိုဒ်စုံ၊ API ပိုက်၊ GAS ပိုက်၊ ASTM ပိုက်၊ M.S ပိုက်၊ G.I ပိုက်၊ သံပိုက်ဆိုဒ်စုံ၊ ပိုက်ဆက်ပစ္စည်းနှင့် ဘားအမျိုးမျိုး၊ ဝင်ရိုးဆိုဒ်စုံ၊ ပေါလစ်ရှပ်နှင့် ယိုးဒယားသံထည်ပစ္စည်းအမျိုးမျိုး လက်လီလက်ကားရောင်းဝယ် ဖြန့်ချီရေး**



ဆိုင်ခွဲအမှတ် (၁) C - ၂၇၀၊ ၂၇၁၊ ထုံးဘိုလမ်း၊ အမှတ်(၃) စက်မှုဇုန်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊

☎ 01 3590770, 09 696556551, 09 696556552, Viber : 09 257122779

ဆိုင်ခွဲအမှတ် (၂) D - ၁၈၀၊ ဇောင်းတူလမ်းနှင့် ကျောက်ပုထိုး (၈) လမ်းထောင့်၊ အမှတ်(၃) စက်မှုဇုန်၊ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်။

☎ 01 3590973, 01 3100707, 09 94080 1000, Viber : 09 94080 2000

09 5115099, 09 785115099, 09 5112099



# GEARWELL

## WHAT WE DO







Construction and Installation

Raw Materials

Industrial Equipment

Mechanical Spare Parts

Automation Spare Parts

Lubricants

အမှတ်(၂၁၁)၊မင်းရဲကျော်စွာ(၄) လမ်း၊ (၇) ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**Ph : 09421122085, 09441004489, 09250809060**

# မကွေးဈေးကွက်အတွင်း ဖြစ်ပေါ်နေသော ကုလားပဲ၊ ပဲစင်းငုံ၊ မတ်ပဲနှင့် ပဲကြီးဈေးနှုန်း အခြေအနေ

မကွေးတိုင်းဒေသကြီး မကွေးမြို့အနီးပတ်ဝန်းကျင်ရှိ မိကျောင်းရဲ၊ လျောင်းတော်ဦး၊ ကံသစ်၊ ရွာဟောင်းကန်၊ သစ်ရာကောက် စသည့်ကျေးရွာများ၊ နတ်မောက်၊ တောင်တွင်းကြီး၊ မြို့သစ်မြို့နှင့် မြစ်အနောက်ဘက်ကမ်းရှိ စလင်း၊ ဆင်ဖြူကျွန်းတို့မှထွက်ရှိသော ပဲတီစိမ်း၊ ပဲကြီး၊ စားတော်ပဲ၊ မတ်ပဲ၊ ကုလားပဲနှင့် နှမ်းသီးနှံများ မကွေးဈေးကွက်သို့ နေ့စဉ်ဝင်ရောက် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

### ကုလားပဲ

မကွေးဈေးကွက်၌ မြို့သစ် တောင်တွင်းကြီး နတ်မောက်မြို့နယ်အတွင်းရှိ ကျေးရွာများမှ ထွက်ရှိသည့် ကုလားပဲသီးနှံများ နေ့စဉ် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။ ဈေးနှုန်းအနေဖြင့် ဇွန်လ စတုတ္ထပတ်တွင် ကုလားပဲ(ဟော်လန်)တစ်တင်းလျှင် ကျပ် ၈၅၅၀၀၊ ကုလားပဲ (929)တစ်တင်းလျှင် ကျပ် ၈၆၄၀၀ ပေါက်ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ယခင်တစ်လနှင့် နှိုင်းယှဉ်ပါက ယခုလတွင် ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း သိရသည်။ ဈေးကွက်အနေဖြင့် တစ်လအတွင်း မကွေးမြို့မှ ရန်ကုန်မြို့သို့ ကုလားပဲအိတ်ရေ ၃၀၀၀၊ မန္တလေးမြို့သို့ အိတ်ရေ ၂၀၀၀၊ ပဲခူးမြို့သို့ အိတ်ရေ ၅၀၀ တင်ပို့ပြီး တန်ချိန် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

### ပဲစင်းငုံ

ဇွန်လ စတုတ္ထပတ်တွင် ပဲစင်းငုံနီ တစ်တင်းလျှင် ကျပ် ၈၆၄၀၀ ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိပြီး ယခင်လအတိုင်း ဈေးနှုန်း တည်ငြိမ်နေကြောင်း သိရသည်။ ဈေးကွက်အနေဖြင့် ရန်ကုန်မြို့၊ မန္တလေးမြို့ကြီးများသို့ တင်ပို့လျက်ရှိကြောင်း၊ တစ်လအတွင်း မကွေးမြို့မှ ရန်ကုန်မြို့သို့ ပဲစင်းငုံအိတ်ရေ ၂၀၀၀ တင်ပို့ပြီး တန်ချိန် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

### မတ်ပဲ

ဇွန်လ စတုတ္ထပတ်တွင် မတ်ပဲတစ်တင်းလျှင် ကျပ် ၉၀၀၀၀ ဖြင့် အရောင်း အဝယ် ဖြစ် လျက်ရှိပြီး ယခင်လအတိုင်း ဈေးနှုန်း တည်ငြိမ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် တစ်လအတွင်း မကွေးမြို့မှ ရန်ကုန်မြို့သို့ မတ်ပဲအိတ်ရေ ၃၀၀၀တင်ပို့ပြီး တန်ချိန် ၁၂၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

### ပဲကြီး

ဇွန်လ စတုတ္ထပတ်တွင် ပဲကြီး တစ်တင်းလျှင် ကျပ် ၁၀၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ယခင်လနှင့် နှိုင်းယှဉ်ပါက ယခုလတွင် ကျပ် ၅၀၀၀ ဈေးနှုန်းမြင့်တက်လာကြောင်း၊ ဈေးကွက်အနေဖြင့် တစ်လအတွင်း မကွေးမြို့မှ မန္တလေးမြို့သို့ ပဲကြီးအိတ်ရေ ၂၀၀၀ တင်ပို့ပြီး တန်ချိန်၁၂၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

**ရဲမင်းသာ (မကွေး)**





# ပခုက္ကူ နှမ်းဈေးကွက်

### နှမ်းဖြူ

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်အတွင်းရှိ ရေစကြိုမြို့နယ် ပခုက္ကူမြို့နယ် နှင့် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်အတွင်းရှိ ကျေးရွာများတွင် မတ်လနှင့် ဧပြီလများတွင် စိုက်ပျိုးခဲ့သည့် ဆီထွက်သီးနှံဖြစ်သော မိုးကြိုရေသွင်းနှမ်းသီးနှံများ ပခုက္ကူမြို့ရှိ ပွဲရုံများသို့ လှိုင်လှိုင် ဝင်ရောက်လျက်ရှိသည်။

မိုးကြိုနှမ်းဖြူသီးနှံများ မေလနောက်ဆုံးပတ်မှစ၍ ဇွန်လ စတုတ္ထပတ်အထိ လှိုင်လှိုင် ဝင်ရောက်လျက်ရှိပြီး ပခုက္ကူမြို့ပေါ်ရှိ ပွဲရုံများသို့ တစ်ရက်လျှင် နှမ်းဖြူ အိတ် ၁၂၀၀ မှ ၁၅၀၀ ခန့် အထိ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ဈေးနှုန်းအနေဖြင့် နှမ်းဖြူ တစ်တင်းလျှင် စတင်ထွက်ပေါ်စအချိန် မေလ နောက်ဆုံးပတ်တွင် ကျပ် ၁၂၀၀၀၀၊ ဇွန်လ နောက်ဆုံးပတ်တွင် ကျပ် ၁၀၅၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း၊ ပခုက္ကူခရိုင်အတွင်းသာမက မြင်းခြံခရိုင်အတွင်းမှ လှိုင်လှိုင် ဝင်ရောက်မှုရှိသဖြင့် ဈေးနှုန်းအနည်းငယ် ကျဆင်းခဲ့သော်လည်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဇူလိုင်လကုန်ထိ နေ့စဉ်ဝင်ရောက်နိုင်ကြောင်း သိရသည်။

### နှမ်းမျိုးစုံ

ပခုက္ကူမြို့နှမ်းမျိုးစုံဈေးနှုန်းများမှာ နှမ်းနက်(စမုန်) တစ်တင်းလျှင် ကျပ် ၂၄၀၀၀၀-၂၃၀၀၀၀၊ နှမ်းနီတစ်တင်းလျှင် ကျပ် ၁၁၅၅၀၀-၁၁၅၀၀၀၊ နှမ်းဖြူတစ်တင်းလျှင် ကျပ် ၁၀၅၀၀၀၊ အရောင်းအဝယ်ဖြစ်ပြီး ယခင်မေလ စတုတ္ထပတ်နှင့် ဈေးနှုန်းနှိုင်းယှဉ်ပါက နှမ်းနက်(စမုန်) တစ်တင်းလျှင် ကျပ် ၃၀၀၀၀ ခန့် ဈေးကျဆင်းပြီး နှမ်း(နီ)နှမ်း(ဖြူ)၊ နှမ်း (ညို)နှမ်း(ဝါ) တစ်တင်းလျှင် ကျပ် ၂၀၀၀ ခန့် ဈေးကျပြီး နေ့စဉ်ပိဿာ ၃၀ ဝင်အိတ် ၁၅၀၀ မှ ၂၀၀၀ ထိ အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

**မြတ်မင်း (ရေစကြို)၊ မြင့်မြင့်သန်း (ပခုက္ကူ)**

# ပြည်ပဲဈေးကွက်အတွင်းရှိ ပဲများ၏ လအလိုက် ဈေးနှုန်းနှိုင်းယှဉ်မှု

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်ပဲမျိုးစုံဈေးကွက်တွင် လက်လီ၊ လက်ကား အရောင်းအဝယ်ဖြစ်နေခဲ့သော ပဲသီးနှံများမှာ မတ်ပဲ၊ ပဲစင်းငုံ၊ ထောပတ်ပဲ၊ ပဲနီပြား ၊စားတော်ပဲ စသည့် သီးနှံများဖြစ်သည်။ ယခင်နှစ်က မတ်ပဲ၊ ပဲစင်းငုံနှင့် ထောပတ်ပဲမှာ တစ်တင်းလျှင် ကျပ်တစ်သိန်းအထက် ဈေးဖြင့် ရောင်းဝယ်နေခဲ့ပြီး ယခုနှစ်တွင် ထိုပဲများမှာ ကျပ်တစ်သိန်းအောက်ကို ကျဆင်းလာခဲ့သည်။

ထိုပဲများမှာ ဒေသတွင်းသာ ရောင်းဝယ်လျက်ရှိပြီး ရန်ကုန်ဝယ်လက်နှင့် လက်လီ/လက်ကားသမား အချို့သာ ဝယ်ယူမှုရှိ၍ ဈေးမှာ မြင့်လာခြင်းမရှိကြောင်း တွေ့ရသည်။ ပဲနီပြားနှင့် စားတော်ပဲသာ ကျပ်တစ်သိန်းအထက် ရပ်တည်နေခဲ့သည်။ ပြည်ဈေးကွက်တွင် ရောင်းဝယ်နေခဲ့သော ပဲများ၏ ယခုနှစ်အတွင်း လအလိုက်ဖြစ်ပေါ်ခဲ့သော ဈေးနှုန်းများကို အောက်ပါအတိုင်းလေ့လာတွေ့ ရှိရသည်-

**ရေတွက်ပုံ ပိဿာ ၂၀/တင်း (ကျပ်)**

| စဉ် | ပဲအမျိုးအစား | ၂၀၂၅ ဧပြီ | ၂၀၂၅ မေ | ၂၀၂၅ ဇွန် | ၂၀၂၅ ဇူလိုင်လဆန်း |
|---|---|---|---|---|---|
| ၁။ | မတ်ပဲ | ၉၇၀၀၀ | ၉၈၀၀၀ | ၉၇၀၀၀ | ၉၇၀၀၀ |
| ၂။ | ပဲစင်းငုံ | ၉၅၀၀၀ | ၉၂၅၀၀ | ၈၇၀၀၀ | ၈၇၀၀၀ |
| ၃။ | ထောပတ်ပဲ | ၉၀၀၀၀ | ၉၀၀၀၀ | ၉၀၀၀၀ | ၉၅၀၀၀ |
| ၄။ | ပဲနီပြား | ၁၄၅၀၀၀ | ၁၄၀၀၀၀ | ၁၄၀၀၀၀ | ၁၅၀၀၀၀ |
| ၅။ | စားတော်ပဲ | ၁၄၀၀၀၀ | ၁၅၅၀၀၀ | ၁၆၀၀၀၀ | ၁၆၅၀၀၀ |

မတ်ပဲသီးနှံသည် လက်ကားရောင်းဝယ်မှုရှိပြီး ဧပြီလမှစ၍ ဇူလိုင်လဆန်းပိုင်းအထိ ဈေးသိသိသာသာမြင့်တက်မှုမရှိဘဲ ဈေးငြိမ်နေခဲ့သည်။ ရန်ကုန်အဝယ်ရှိသဖြင့် ပဲလက်ကျန်များလိုသလောက် ရောင်းချမှုရှိကြောင်း သိရသည်။

ပဲစင်းငုံသီးနှံသည် ယခုနှစ်အတွင်း ပြည်ပဝယ်လိုအား နည်းသွားသည့်အတွက် ဈေးမှာ ယခင်နှစ်ကထက် သိသာစွာ ကျဆင်းလာခဲ့သည်။ ရန်ကုန်ဝယ်လက်သမားများ အဓိကထား ဝယ်ယူပြီး တစ်ရက်လျှင် အိတ် ၂၀၀-၃၀၀ ကျော် ရောင်းဝယ်မှုဖြစ်ခဲ့ကြောင်း သိရသည်။

ပြည်တွင်း လက်လီဝယ်လက်သမားများနှင့် ပြည်တွင်းစားသုံးမှုများသော ထောပတ်ပဲသီးနှံသည် ယခုကာလ ပဲဟောင်းလက်ကျန်များသာရှိခဲ့သည့်အတွက် လက်လီသမားများဖြင့်သာ နေ့စဉ်ရောင်းဝယ်နေကြရပြီး ဇူလိုင်လဆန်းပိုင်းတွင် တစ်တင်းလျှင် ကျပ် ၉၅၀၀၀ ဖြင့် ဈေးများ ပြန်လည်မြင့်တက်လာခဲ့သည်။ ထောပတ်ပဲသီးနှံမှာ ယခင်နှစ်လောက် ဈေးမရသော်လည်း ဒေသတွင်း စားသုံးမှုများသဖြင့် အရောင်းအဝယ် ပုံမှန်ဖြစ်ပြီး တစ်ရက်လျှင် လက်လီ/လက်ကား ဝယ်ယူမှုအနေဖြင့် အိတ် ၄၀-၅၀ ခန့် အရောင်းအဝယ်ဖြစ်သည်ဟု သိရသည်။

ထောပတ်ပဲနှင့် ပဲနီပြားသီးနှံများသည် ပဲပေါ်ချိန် အထွက်လှိုင်ချိန်များတွင် ဈေးကွက်သို့ ဝင်ရောက်မှုများသလို အရောင်းအဝယ်ဖြစ်မှုမှာလည်း လက်ကားအဝယ်ရှိသည့်အတွက် ရောင်းအားသွက်ခဲ့သော်လည်း ကျန်ကာလများတွင် လှောင်ပဲလက်ကျန်များဖြင့်သာ ရောင်းချနေကြရသော သီးနှံများဖြစ်ကြသည်။

နေ့စဉ်စားသုံးမှုများသော စားတော်ပဲသီးနှံသည် လက်လီရောင်းဝယ်မှုများပြီး နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ စားတော်ပဲမှာ ပြည်တွင်းစားသုံးသူများပြီး ထမင်းနှင့် လည်းကောင်း သရေစာလုပ်၍ လည်းကောင်း စားသုံးကြသည်။

မတ်ပဲ၊ ပဲစင်းငုံ၊ ထောပတ်ပဲမှာ ယခင်နှစ်ထက်စာလျှင် ဈေးနှုန်းများ ကျဆင်းလာပြီး လအလိုက်လည်း သိသိသာသာ မြင့်တက်မှုမရှိဘဲ ဈေးငြိမ်နေကြောင်း တွေ့ရသည်။ ပဲနီပြားနှင့် စားတော်ပဲသီးနှံမှာ ယခင်နှစ်ထက် ဈေးများမြင့်တက်လာကြောင်း သိရသည်။

**ဝေဝေမင်း(ပြည်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ကုန်သွယ်ရေးဦးစီးဌာန

## ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာ ( ၂/၂၀၂၅)

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၉ ရက်

အကြောင်းအရာ။ **ပို့ကုန် Non-Automatic Licensing စနစ်ဖြင့် ခွင့်ပြုလျက်ရှိသော ကုန်ပစ္စည်းများမှ Automatic Licensing စနစ်ဖြင့် ပြင်ဆင်ခွင့်ပြုမည့် ကုန်ပစ္စည်းစာရင်း အသိပေး ကြေညာခြင်း**

၁။ ပို့ကုန်လိုင်စင်များကို Myanmar Tradenet 2.0 တွင် Automatic Licensing စနစ်နှင့် Non-Automatic Licensing စနစ်တို့ဖြင့် ခွင့်ပြုလျက်ရှိရာ ၃၁-၃-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၈/၂၀၂၃) အရ ကုန်စည် ၁၅၅၆ လိုင်းကို Non-Automatic Licensing စနစ်ဖြင့် ခွင့်ပြုလျက်ရှိပါသည်။

၂။ ငလျင်ဘေးအလွန် ပို့ကုန်လုပ်ငန်းများအဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်စေရေးအတွက် လက်ရှိ Non-Automatic Licensing စနစ်ဖြင့် ခွင့်ပြုလျက်ရှိသော ကုန်စည်လိုင်းများအနက် HS Code 10 Digit ဖြင့် ကုန်စည် ၉၇ လိုင်းကို Automatic Licensing စနစ်ဖြင့် ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့မှ ဩဂုတ်လ ၃၁ ရက်နေ့အထိ ခွင့်ပြုသွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်၍ ဖော်ပြပါ ကုန်စည် ၉၇ လိုင်းကို Myanmar Tradenet 2.0 တွင် ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့မှစ၍ Automatic Licensing စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**Tradenet 2.0 စနစ်တွင် လက်ရှိခွင့်ပြုလျက်ရှိသော Non-Automatic Licensing စနစ်မှ Automatic Licensing စနစ်ဖြင့် ခွင့်ပြုမည့်ကုန်စည်လိုင်းစာရင်း**

| Ch No. | HS Code 2022 Version ပါ ကုန်စည်လိုင်း အရေအတွက် | Non-Auto စနစ်ဖြင့် ခွင့်ပြုလျက်ရှိသည့် ကုန်စည်လိုင်း | Non-Auto စနစ်ဖြင့် ဆက်လက်ခွင့်ပြုမည့် ကုန်စည်လိုင်း | Automatic စနစ်ဖြင့် ခွင့်ပြုမည့် ကုန်စည်လိုင်း | Automatic License ဖြင့် ခွင့်ပြုမည့် ကုန်ပစ္စည်း အမျိုးအမည် |
|---|---|---|---|---|---|
| 07 | 178 | 87 | 29 | 58 | ကြက်သွန်ဖြူ၊ ကြက်သွန်နီနှင့် ပဲမျိုးစုံ |
| 10 | 50 | 30 | 5 | 25 | ဆန်၊ ပြောင်း၊ နှံစားပြောင်း၊ ပန်းဂျုံ |
| 12 | 85 | 20 | 6 | 14 | ဆီထွက်သီးနှံများ |
| Total | | 137 | 40 | 97 | |

ကုန်သွယ်ရေးဦးစီးဌာန

# မကွေးမြို့ပေါ်ရှိ ဘိလပ်မြေနှင့် ဓာတ်မြေသြဇာ ဈေးနှုန်းဈေးကွက် အခြေအနေ

ဇွန်လ စတုတ္ထပတ်တွင် မကွေးမြို့၏ ဘိလပ်မြေဈေးကွက်မှာ အရောင်းအဝယ် ပုံမှန်ရှိနေပြီး ဈေးနှုန်း အနည်းငယ်ကျဆင်းနေကြောင်း သိရှိရသည်။ ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်နေသောဈေးမှာ ယခင်တစ်ပတ်က ကြံ့နှစ်ကောင် အမှတ်တံဆိပ် (50)kg တစ်အိတ်လျှင် ကျပ် ၂၃၅၀၀၊ အပါချီအမှတ်တံဆိပ် (50)kg တစ်အိတ်လျှင် ကျပ် ၂၃၀၀၀ ရှိခဲ့ပြီး ယခုတစ်ပတ်တွင် ကြံ့နှစ်ကောင် အမှတ်တံဆိပ် (50)kg တစ်အိတ်လျှင် ကျပ် ၂၃၀၀၀၊ အပါချီ အမှတ်တံဆိပ် (50)kg တစ်အိတ်လျှင် ကျပ် ၂၂၈၀၀ တို့ဖြစ်ကြောင်း သိရသည်။ ဓာတ်မြေသြဇာဈေးနှုန်းအနေဖြင့် တက်တိုးမြေသြဇာ(ကွန်ပေါင်း) (50)kg ပါ တစ်အိတ်လျှင် ကျပ် ၉၇၀၀၀၊ အာမိုအပြာ (15:15:15) (50) kg ပါ တစ်အိတ်လျှင် ကျပ် ၁၄၀၀၀၀၊ အာမိုအနက် (16:16:8) ကွန်ပေါင်း (50) kg ပါ တစ်အိတ်လျှင် ကျပ် ၁၅၀၀၀၀၊ သီးစုံ(ဝါ၊ စိမ်း၊ ပြာ) ကွန်ပေါင်း (50)kg ပါ တစ်အိတ်လျှင် ကျပ် ၉၄၀၀၀၊ ပုလဲပန်းဖူး(ဖြူ) တစ်အိတ်လျှင် ကျပ် ၁၀၀၀၀၀၊ ဇာမဏီ(ကွန်ပေါင်း) တစ်အိတ်လျှင် ကျပ် ၉၀၀၀၀၊ ကောမတ် ၄၆ % (ပုလဲ) တစ်အိတ်လျှင် ကျပ် ၉၈၀၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ဇွန်လ တတိယပတ်နှင့် ဈေးနှုန်းနှိုင်းယှဉ်ပါက ဘိလပ်မြေနှင့် ဓာတ်မြေသြဇာ ဈေးနှုန်းများမှာ ဈေးနှုန်းအနည်းငယ်ကျဆင်းမှုရှိပြီး ဘိလပ်မြေမှာ ဒေသတွင်းဝင်ရောက်မှုနည်းသော်လည်း ဈေးကွက်အတွင်း ပစ္စည်းပြတ်လပ်မှုမရှိကြောင်း အိမ်ဆောက်ပစ္စည်း အရောင်းဆိုင်များမှ သိရသည်။

**တည်တည်ခိုင် (မကွေး)**

## မြန်မာ့ဆိပ်ကမ်းတွင် ၇ . ၂ . ၂၀၂၅ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆီဆိပ်ကမ်း | MT.ROYAL 79 | P'Oil(In Bulk) ၆၁၂၅ ချဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်းအမှတ်(၁) | TC MESSENGER | ကုန်သေတ္တာ ၇၄၈ တင် ၃၃၆ ချဆဲ |
| | SINAR BANDA | ကုန်သေတ္တာ ၇၀၈ တင် ၈၂၅ ချဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်းအမှတ်(၃) | CAPE FORBY | ကုန်သေတ္တာ၇၆၁တင် ၄၉၇ချဆဲ(အသင့်စောင့်ဆိုင်း) |
| | BLPL BLESSING | ကုန်သေတ္တာ၄၅၀ ချဆဲ |
| | MSC SUPERNA F | ကုန်သေတ္တာ၈၂၆ တင် ၇၉၄ချဆဲ(အသင့်စောင့်ဆိုင်း) |
| | OTANA BHUM | ကုန်သေတ္တာ၈၄၀တင် ၆၃၉ ချဆဲ |
| | SITC RIZHAO | ကုန်သေတ္တာ၅၉၀တင် ၈၂၅ချဆဲ(အသင့်စောင့်ဆိုင်း) |
| အလုံဆိပ်ကမ်းအမှတ်(၁) | HONG LINH-1 | ပြောင်းဝါတန်ချိန် ၁၂၅၀၀ တင်ဆဲ |
| အလုံဆိပ်ကမ်းအမှတ်(၃) | WOOHYUN HOPE | ပြောင်းဝါ(Top Up)တန်ချိန် ၈၇၄၀ တင်ဆဲ |
| Yangon International Gatewayဆိပ်ကမ်း | MV MCL-11 | Cement တန်ချိန် ၃၀၁၀ ချဆဲ |
| စက်မှုဆိပ်ကမ်းအမှတ်(၃) | SINAR BINTAN | ကုန်သေတ္တာ ၈၈၅တင် ၁၀၀၇ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| စက်မှုဆိပ်ကမ်းအမှတ်(၄) | BANGKOK | ကုန်သေတ္တာ ၁၀၃၅ တင် ၁၀၃၃ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| ဆူးလေဆိပ်ကမ်းအမှတ်(၄) | BESIKTAS M | ဆန်တန်ချိန် ၂၀၀၀၀ တန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်းအမှတ်(၅) | TAY SON-2 | ဆန်တန်ချိန် ၁၁၀၀၀ တန်တင်ဆဲ |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်းအမှတ်(၂) | THAIBINH | ပြောင်းတန်ချိန် ၁၂၅၀၀ တင်ဆဲ |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်းအမှတ်(၃) | VIMC HARMONY | ပြောင်းတန်ချိန် ၁၆၅၀၀ တင်ဆဲ |
| Myanmar Integrated Port Limited | BERRY | Urea တန်ချိန် ၂၅၈၀၀ ချဆဲ |
| သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအမှတ်(၃) | AN HAI CONFIDENCE | Steel&Vehicle(Ro Ro)၃၄၅၆ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအမှတ်(၄) | BAO YU | Steel တန်ချိန် ၂၂၈၁၅ ချဆဲ |
| သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအမှတ်(၅) | BAO LI | Steel & Urea ၃၆၆၇၆ ချဆဲ |
| WILMAR JETTY | MT-MASAGANA | P'Oil(In Bulk)တန်ချိန် ၉၈၄၉ ချဆဲ |
| | VINASHIP GOLD | ပြောင်းတန်ချိန် ၁၂၅၀၀ တန်တင်ဆဲ(ပူးတွဲလုပ်ဆောင်) |
| | YA HUSSEIN | Urea တန်ချိန် ၂၂၀၀၀ တန်ချဆဲ |
| သီလဝါဘက်စုံသုံးအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအမှတ်(၂) | NJ MOON | Urea တန်ချိန် ၃၀၅၉၅ တန်ချဆဲ |
| International Bulk Terminal Thilawa | KARAKUS | Urea တန်ချိန် ၂၅၀၀၀ တန်ချဆဲ |
| Myanmar Kong Hua ဆိပ်ကမ်း | ACHILLEUS | Urea တန်ချိန် ၂၂၁၂၄ ချဆဲ |
| မင်းထက်မင်းဆိပ်ကမ်း | MV.MCL-16 | ပြောင်းဝါတန်ချိန် ၂၇၀၀ တင်ဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| KEN ZEN | ဂျုံတန်ချိန် ၂၁၃၀၀ တန်ချရန် | USA | ၂၅.၆.၂၀၂၅ |
| BAO YU | ပြောင်းတန်ချိန် ၁၈၀၀၀ တင်ရန် | THAI | ၄.၇.၂၀၂၅ |
| MV MCL-19 | Urea တန်ချိန် ၂၂၄၃ ချရန် | THAI | ၄.၇.၂၀၂၅ |
| LIMCO LOGGER | ဆန်တန်ချိန် ၈၂၀၀ တင်ရန် | MADAGSACAR | ၆.၇.၂၀၂၅ |
| OCEAN BLASSOM | ဘိလပ်မြေတန်ချိန် ၉၀၀၀ ချရန် | THAI | ၈.၇.၂၀၂၅ |
| SEA PLANIN-8 | Steel Products တန်ချိန် ၂၅၅၀၀ ချရန် | CHINA | ၁၂.၇.၂၀၂၅ |
| WESTERN MAPLE | Steel&Equipment ၂၁၄၄၁ တန်ချရန် | CHINA | ၁၃.၇.၂၀၂၅ |
| VINASHIP GOLD | ပြောင်းတန်ချိန် ၁၂၅၀၀ တန်တင်ရန် | THAI | ၂၄.၇.၂၀၂၅ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| SINAR BANDA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃.၇.၂၀၂၅ |
| UNI-ACTIVE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၄.၇.၂၀၂၅ |
| ISEACO WISDOM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၄.၇.၂၀၂၅ |
| ERASMUS ICON | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၅.၇.၂၀၂၅ |
| XO LUCKY | SINGAPORE | စက်မှုဆိပ်ကမ်း | ၅.၇.၂၀၂၅ |
| AS SERENA | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၆.၇.၂၀၂၅ |
| ISEACO FORTUNE | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၆.၇.၂၀၂၅ |
| ISEACO GENESIS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၇.၇.၂၀၂၅ |
| H CYGNUS | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၈.၇.၂၀၂၅ |
| SITC HAIPHONG | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၈.၇.၂၀၂၅ |

## ၁-၆-၂၀၂၅ မှ ၃၀-၆-၂၀၂၅ ရက်အထိ Online CO Application မှ CO / Product Card / CE လျှောက်ထားမှုစာရင်း

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 1352 | 14 | - | - | - | 1366 |
| | Form AANZ | 41 | 1 | - | - | - | 42 |
| | Form AHK | 0 | - | - | - | - | 0 |
| | Form AI | 527 | 3 | - | - | 2 | 532 |
| | Form AJ | 84 | 3 | - | - | - | 87 |
| | Form AK | 426 | 8 | - | - | - | 434 |
| | Form CHINA | - | - | - | - | - | - |
| | Form D | - | - | - | - | - | 0 |
| | Form DFTP | 13 | 4 | - | - | - | 14 |
| | Form E | 1516 | 21 | - | - | - | 1537 |
| | Form Korea | 25 | - | - | - | - | 25 |
| | E Form D | 685 | - | - | - | - | 685 |
| 2. | Product Card | - | - | - | - | - | 0 |
| 3. | Certified Exporter | - | - | - | - | - | 0 |
| | Total | 4669 | 51 | - | - | 2 | 4722 |

# စားအုန်းဆီ ဈေးကွက်အသစ်များ ရှာဖွေတင်ပို့မည်ဟု မလေးရှား စိုက်ခင်းနှင့် ကုန်စည်များရေးရာဝန်ကြီးပြော



မလေးရှားနိုင်ငံအစိုးရအနေဖြင့် ပထဝီနိုင်ငံရေး ပဋိပက္ခများ သက်ရောက်မှုခံရသည့် အဓိက ပို့ကုန်ဈေးကွက်များအပေါ် မှီခိုအားထားနေရခြင်းကို လျှော့ချရန်အတွက် စားအုန်းဆီတင်ပို့မှုဈေးကွက် အသစ်များရှာဖွေရန် ကြိုးပမ်းလုပ်ဆောင်နေသည်ဟု စိုက်ခင်းနှင့် ကုန်စည်များရေးရာဝန်ကြီး Mr. Datuk Seri Johari Abdul Ghani က ပြောကြားခဲ့ကြောင်း The Star သတင်းဌာနက ဇွန် ၂၂ ရက်တွင် ဖော်ပြထားသည်။

အစ္စရေး-အီရန်ပဋိပက္ခနှင့် ရုရှား-ယူကရိန်း ပဋိပက္ခများက အချို့သော ကုန်သွယ်မှုဇုန်များသို့ ပို့ကုန်တင်ပို့မှုကို အနှောင့်အယှက်ဖြစ်စေကြောင်း၊ လက်ရှိအချိန်တွင် မလေးရှားသည် စားအုန်းဆီ အပါအဝင် နှစ်စဉ် မလေးရှားရင်းဂစ် ၁၈၆ ဘီလီယံတန်ဖိုးရှိသည့် ပို့ကုန်ပစ္စည်းများကို ကမ္ဘာ့ဈေးကွက်သို့ တင်ပို့နေသော်လည်း ယခုအခါ လက်နက်ကိုင်ပဋိပက္ခများကြောင့် အဆိုပါဈေးကွက်များ၏ တစ်စိတ်တစ်ဒေသသည် ဘေးအန္တရာယ်မြင့်မားသည့် အခြေအနေရှိသည်ဟု မှတ်ယူနိုင်ကြောင်း၊ သို့ဖြစ်ရာ မလေးရှားနိုင်ငံမှ ထုတ်လုပ်သော စားအုန်းဆီ သို့မဟုတ် ဟင်းချက်ဆီများကို ဝယ်ယူသုံးစွဲမှုမရှိသေးသည့် ဈေးကွက်နိုင်ငံအသစ်များကို ရှာဖွေလေ့လာလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် မလေးရှား၏ ပို့ကုန်အဆင့် တည်ငြိမ်နေစေရေးအတွက် အရေးကြီးပါကြောင်းနှင့် လက်ရှိအချိန်တွင် မလေးရှားသည် နိုင်ငံပေါင်း ၈၀ နီးပါးနှင့် ကုန်သွယ်မှုပြုလုပ်နေပြီး ယခုထက်မက ကုန်သွယ်မှုပိုမိုချဲ့ထွင်ရန် အစီအစဉ်ရှိကြောင်းဖြင့် စိုက်ခင်းနှင့်ကုန်စည်များရေးရာဝန်ကြီးက ပြောကြားခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့စင်မြင့်ပေါ်တွင် အမျိုးသားပို့ကုန်များကဏ္ဍကြံ့ကြံ့ခံ ရပ်တည်နိုင်ရေးအတွက် ဆီအုန်းစိုက်ခင်းလုပ်ငန်းရှင်များနှင့် လုပ်ကွက်ငယ် တောင်သူများအနေဖြင့် အစိုးရနှင့် အနီးကပ်ပူးပေါင်း ဆောင်ရွက်ကြရန်လည်း Mr. Johari က တိုက်တွန်းထားကြောင်း မလေးရှား အမျိုးသားသတင်းအေဂျင်စီတစ်ခုဖြစ်သည့် Bernama သတင်းစာ၌ ဖော်ပြထားသည်။

နိုင်ငံတကာအဆင့်တွင် စိန်ခေါ်မှုများကို ဖြေရှင်းရန်အတွက် စိုက်ပျိုးသူများနှင့် လုပ်ငန်းရှင်များသည် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဥရောပဈေးကွက်သည် စားအုန်းဆီ ဝယ်ယူရာတွင် သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့မှုနှင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဟဇာတဖြစ်မှုအလေ့အထများကို ပိုမိုအလေးထားလာကြောင်း၊ ၎င်းဈေးကွက်များသို့ ဝင်ရောက်နိုင်ရန်အတွက် မလေးရှား ဆီအုန်းစိုက်ခင်းများသည် ဥရောပ၏ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိရမည်ဖြစ်ကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲရေးစည်းမျဉ်းများကို လိုက်နာပြီး ဇီဝမျိုးကွဲများ ထိန်းသိမ်းမှုရှိသည်ကို သက်သေပြရမည်ဖြစ်ကြောင်း ဝန်ကြီး Johari က မှတ်ချက်ပြုပြောဆိုခဲ့သည်။

ဝန်ဆောင်မှုကောင်းများ ပေးအပ်ခြင်းနှင့် ဝယ်သူ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းသည် ဝယ်သူအသစ်များကို ရေရှည်ဖောက်သည်များအဖြစ်သို့ ပြောင်းလဲရာတွင် ဦးစားပေး လုပ်ဆောင်ရမည့် အချက်ဖြစ်ပြီး ပေးအပ်သည့် ဝန်ဆောင်မှု ကောင်းမွန်မှသာ မလေးရှားထံမှ စားအုန်းဆီများကို ပိုမိုဝယ်ယူရန် တောင်းဆိုနိုင်မည်ဖြစ်သည်ဟု Mr. Johari က ဆက်လက်ပြောကြားခဲ့ကြောင်း သိရသည်။

**Source: The Star, 22nd Jun 2025**

**D Thi, DOCA**

# မြဝတီကုန်သွယ်ရေးဇုန်၏ တစ်ပတ်အတွင်း ကုန်သွယ်မှုအခြေအနေ

မြဝတီကုန်သွယ်ရေးဇုန်၏ ဇွန် ၂၁ ရက်မှ ၂၇ ရက်ထိကာလအတွင်း ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၅၉ သန်း၊ သွင်းကုန် တန်ဖိုး အမေရိကန်ဒေါ်လာ ၂ဒသမ ၁၁၅သန်း၊ ကုန်သွယ်မှုပမာဏမှာ တန်ဖိုး အမေ ရိကန်ဒေါ်လာ ၅ဒသမ ၀၇၄ သန်းဖြစ်ပြီး ယခင်တစ်ပတ် လုပ်ငန်းဆောင်ရွက်မှုနှင့် နှိုင်းယှဉ်ပါက ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၆၇၂ သန်းပိုမိုခဲ့ပြီး သွင်းကုန်တန်ဖိုးအမေရိကန်ဒေါ်လာ ၁ ဒသမ ၇၅၀ သန်း လျော့နည်းခဲ့ခြင်းကြောင့် ကုန်သွယ်မှုပမာဏမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၇၈ သန်း လျော့နည်း ခဲ့ကြောင်း သိရသည်။

ပို့ကုန်ပိုင်းအနေဖြင့် သစ်တောထွက်ပစ္စည်းအုပ်စု၊ ရေထွက်ပစ္စည်းအုပ်စုတွင် တင်ပို့မှု လျော့နည်းခဲ့သော်လည်း လယ်ယာထွက်ပစ္စည်းအုပ်စုနှင့် စက်မှုကုန်ချောပစ္စည်းအုပ်စုတို့တွင် တင်ပို့မှုပိုမိုခဲ့ကြောင်း သိရသည်။

သွင်းကုန်အနေဖြင့် ယခုတစ်ပတ်တွင် ရင်းနှီးမြှုပ်နှံမှုအုပ်စုတွင် တန်ဖိုးအမေရိကန်ဒေါ်လာ သုည ဒသမ ၈၇၀ သန်း၊ လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၇၆၃ သန်းနှင့် လူ သုံးကုန်ပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၁၁၇ သန်းလျော့နည်းခဲ့ခြင်းကြောင့် ယခင်တစ်ပတ်ထက် သွင်းကုန်ပိုင်းတွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၅၀ သန်း လျော့နည်းခဲ့ခြင်းဖြစ်သည်။

**အိမ့် (DOT)**

## ပြည်ပဆန်ဈေးနှုန်းများ

မြန်မာနိုင်ငံဆန် စပါးအသင်းချုပ်မှ (၂-၇-၂၀၂၅ မှ ၈-၇-၂၀၂၅) ထိ ဆန်ဈေးနှုန်းများ

| စဉ် | အမျိုးအမည် | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken (Well Milled Double Polished Sortexed) | 370 - 375 | |
| 2 | Myanmar Long Grain White Rice 10% Broken (Well Milled Double Polished Sortexed) | 365 - 370 | |
| 3 | Myanmar Long Grain White Rice 15% Broken (Well Milled Double Polished Sortexed) | 360 - 365 | |
| 4 | Myanmar Long Grain White Rice 25% Broken (Well Milled Double Polished Sortexed) | 340 - 350 | |
| 5 | Myanmar Long Grain White Rice 25% Broken (Reasonable Well Milled) | 325 - 330 | |
| 6 | Myanmar Long Grain White Rice (Kayinma) 5% Broken(Well Milled Double Polished Sortexed) | 380 - 390 | |
| 7 | Myanmar Long Grain White Rice (Kayinma) 10% Broken(Well Milled Double Polished Sortexed) | 375 - 380 | |
| 8 | Myanmar Long Grain White Rice (Kayinma) 15% Broken(Well Milled Double Polished Sortexed) | 370 - 375 | |
| 9 | Myanmar Long Grain White Rice (Kayinma) 25% Broken(Well Milled Double Polished Sortexed) | 360 - 365 | |
| 10 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 375 - 380 | |
| 11 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 370 - 380 | |
| 12 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 365 - 370 | |
| 13 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 350 - 360 | |
| 14 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Softexed) | 375 - 380 | |
| 15 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Softexed) | 370 - 375 | |
| 16 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Softexed) | 365 - 370 | |
| 17 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Softexed) | 360 - 365 | |
| 18 | Myanmar White Rice Tun Pu(or)Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 395 - 400 | |
| 19 | Myanmar White Rice Tun Pu(or)Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 390 - 395 | |
| 20 | Myanmar White Rice Tun Pu(or)Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 385 - 390 | |
| 21 | Myanmar White Rice Tun Pu(or)Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 355 - 360 | |
| 22 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 550 - 560 | |
| 23 | Myanmar Parboiled Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 540 - 550 | |
| 24 | A-1 , 2 (Sortexed) | 305 - 315 | |
| 25 | B-1 , 2 (Sortexed) | 280 - 290 | |
| 26 | B-1,2 (Non-Sortexed) | 260 - 275 | |

Source : မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

# တရုတ်နိုင်ငံသို့ ပါကစ္စတန်ဆန်တင်ပို့မှု ယခုနှစ် ပထမ ငါးလအတွင်း ၁၂၁ ရာခိုင်နှုန်း မြင့်တက်

တရုတ်-ပါကစ္စတန် စီးပွားရေးစင်္ကြံ (CPEC) မူဘောင်အောက်တွင် နှစ်နိုင်ငံအကြား ပိုမိုခိုင်မာသော ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင် ရွက်မှုများ တိုးတက်လာခဲ့ရာ တရုတ်နိုင်ငံသို့ ပါကစ္စတန်၏ ဆန်တင်ပို့မှု သည် ယခုနှစ် ပထမငါးလတွင် ၁၂၁ ရာခိုင်နှုန်းအထိ သိသာစွာ မြင့်တက်လာခဲ့ကြောင်း PTV World ပါကစ္စတန် သတင်းဌာနက ဖော်ပြထားသည်။

ပေကျင်းမြို့ရှိ ပါကစ္စတန်သံရုံးမှ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု သံမှူး Ghulam Qadir ၏ ပြောကြားချက်အရ ပါကစ္စတန်အနေဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ မေလအထိ တရုတ်နိုင်ငံသို့ ဒေါ်လာ ၃၂ ဒသမ ၀၇၆ သန်း တန်ဖိုးရှိသော ဆန်များတင်ပို့နိုင်ခဲ့ရာ ယခင်နှစ် အလားတူကာလအတွင်း ဆန်တင်ပို့နိုင်ခဲ့သည့် တန်ဖိုးဒေါ်လာ ၁၄ ဒသမ ၅၃ သန်းထက် သိသာစွာ မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အထူးသဖြင့် HS Code 10063020 အောက်ရှိ တစ်ပိုင်းတစ်စ သို့မဟုတ် အပြည့်အဝ ကြိတ်ခွဲထားသော ဆန် များကို တန်ချိန်အားဖြင့် ၆၀၇၆၉ တန်၊ တန်ဖိုးအားဖြင့် ဒေါ်လာ ၂၆ ဒသမ ၆၈ သန်း တင်ပို့နိုင်ခဲ့ခြင်းဖြစ်သည်။

ပါကစ္စတန် ဆန်မျိုးကွဲများစွာအနက် အထူးသဖြင့် Super Basmati နှင့် IRRI-6 တို့သည် ၎င်းတို့၏ မွှေးရနံ့၊ ဆန်လုံးသွယ်မှုနှင့် တရုတ်ရိုးရာ အစားအစာများ ပြင်ဆင်ပြုလုပ်မှုများအတွက် သင့်လျော်မှုရှိခြင်းတို့ ကြောင့် တရုတ်နိုင်ငံရှိ ဆန်တင်သွင်းသူများအကြား ရေပန်းစားလာခဲ့သည်။ ယေဘုယျအားဖြင့် ဆန်ကြိတ်ထွက်နှုန်း ၆၆ - ၆၈ ရာခိုင်နှုန်းရှိသော တရုတ် ပြည်တွင်း စပါးမျိုးကွဲများနှင့် နှိုင်းယှဉ်ပါက ပါကစ္စတန်ဆန်သည် ပိုမိုမြင့် မားသော ကြိတ်ခွဲအထွက်နှုန်း (၆၈ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိ) ပေး စွမ်းနိုင်သဖြင့် ထုတ်လုပ်မှုကုန်ကျစရိတ် သက်သာမှုရှိသည်။

တရုတ်နိုင်ငံရှိ လက်လီဈေးကွက်အတွင်း ပါကစ္စတန်ဆန်ကို အထူး သဖြင့် တောင်အာရှဒေသထွက် ဆန်မျိုးကွဲများကို ဝယ်ယူလိုသော မြို့ပြ လူလတ်တန်းစား စားသုံးသူများက စားသုံးလျက်ရှိသည့်အပြင် ခန့်မှန်းခြေ အားဖြင့် ၃၀ မှ ၃၅ ရာခိုင်နှုန်းခန့်အထိကို အသင့်စား အစားအစာထုတ် လုပ်သည့် လုပ်ငန်းများမှ ဝယ်ယူသုံးစွဲမှုရှိကြောင်း သိရသည်။

**Source: PTV World, June 23, 2025**

**DHTSN, DOCA**

# ဒစ်ဂျစ်တယ် မားကတ်တင်း

**ငြိမ်းဝေနှင်း**

ယနေ့မျက်မှောက်ခေတ်တွင် ကမ္ဘာကြီးသည် နည်းပညာ၏ အရှိန်အဟုန်ဖြင့် ပြောင်းလဲနေသော ဒစ်ဂျစ်တယ်ခေတ်ဖြစ်ပြီး မြန်မာ့စီးပွားရေး လုပ်ငန်းများအတွက် ဒစ်ဂျစ်တယ်နည်း ပညာများကို အသုံးပြုကာ ဈေးကွက်မြှင့်တင်ခြင်းသည် မဖြစ်မနေ လိုအပ်သော နည်းလမ်းတစ်ရပ် ဖြစ်လာသည်။ စီးပွားရေးလုပ်ငန်းများအတွက် ရိုးရာဈေးကွက်ရှာဖွေရေး နည်းလမ်းများထက် ဒစ်ဂျစ်တယ် မားကတ်တင်း (Digital Marketing) ဟုခေါ်သော အွန်လိုင်း မှတစ်ဆင့် ဈေးကွက်မြှင့်တင်ခြင်းသည် မဖြစ်မနေ လိုက်ပါစီးဆင်းရမည့် လှိုင်းလုံးသဖွယ် ဖြစ်လာသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ဒစ်ဂျစ်တယ် မားကတ်တင်းကို ထိရောက်စွာ အကောင်အထည်ဖော်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊ ပြည်တွင်း ပြည်ပ ဈေးကွက်များကို ထိုးဖောက်ဝင်ရောက်နိုင်ရန်နှင့် နိုင်ငံ၏ GDP ကိုပါ မြှင့်တင်နိုင်ရန် အလားအလာကောင်းများစွာ ရှိနေသည်။

**၁။ ဒစ်ဂျစ်တယ် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အင်တာနက်သုံးစွဲမှု မြှင့်တင်ခြင်း**

ဒစ်ဂျစ်တယ် မားကတ်တင်း၏ အခြေခံအုတ်မြစ်မှာ အင်တာနက်ရရှိနိုင်မှုနှင့် သုံးစွဲမှုနှုန်းပင်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် အင်တာနက်ကွန်ရက်များကို ပိုမိုကျယ်ပြန့်စေရန်၊ မြန်ဆန်စေရန်နှင့် ဈေးနှုန်းသက်သာစေရန် ဆောင်ရွက်ပေးလျက်ရှိသည်။ မြို့ပြ ဒေသများသာမက ကျေးလက်ဒေသများအထိပါ အင်တာနက်ရရှိမှု တိုးတက်လာမှသာ ဒစ်ဂျစ်တယ်မားကတ်တင်း၏ အကျိုးကျေးဇူးများကို လူတိုင်းခံစား ရရှိနိုင်မည်ဖြစ်သည်။ ထို့အပြင် စမတ်ဖုန်း အသုံးပြုမှုနှုန်း မြင့်မားခြင်းသည်လည်း ဒစ်ဂျစ်တယ် မားကတ်တင်းအတွက် အခွင့်အလမ်းကောင်းတစ်ခုဖြစ်သဖြင့် မိုဘိုင်း အင်တာနက် ဝန်ဆောင်မှုများကို ပိုမိုကောင်းမွန်အောင်လည်း လုပ်ဆောင်လျက်ရှိသည်။

**၂။ ဒစ်ဂျစ်တယ် စာတတ်မြောက်မှုနှင့် ကျွမ်းကျင်မှုမြှင့်တင်ခြင်း**

ဒစ်ဂျစ်တယ် ကိရိယာများနှင့် ပလက်ဖောင်းများကို ထိရောက်စွာ အသုံးပြုနိုင်ရန်အတွက် ဒစ်ဂျစ်တယ် စာတတ်မြောက်မှု (Digital Literacy) မြှင့်တင်ရန် အရေးကြီးသည်။ ဒစ်ဂျစ်တယ်နည်းပညာခေတ်တွင် ပလက်ဖောင်းဆိုသည့် အသုံးအနှုန်းသည် အသုံးအများဆုံးဖြစ်သည်။ ယေဘုယျအားဖြင့် အခြားအရာများ တည်ဆောက်ရန်၊ လည်ပတ်ရန် သို့မဟုတ် ဆက်သွယ်ဆောင်ရွက်ရန်အတွက် အခြေခံအုတ်မြစ် သို့မဟုတ် စနစ်တစ်ခုကို ဆိုလိုခြင်းဖြစ်သည်။

ဆော့ဖ်ဝဲလ် ပလက်ဖောင်းသည် ကွန်ပျူတာပရိုဂရမ် သို့မဟုတ် Application များ ရေးသားရန်၊ လည်ပတ်ရန် အခြေခံအဖြစ် ဆောင်ရွက်ပေးသည့် စနစ်တစ်ခုဖြစ်သည်။ (ဥပမာ: Windows, macOS, Android, iOS တို့ဟာ Operating System (OS) ပလက်ဖောင်းများ ထိုပလက်ဖောင်းများပေါ်မှ Application များ (ဥပမာ- Facebook app, Viber app) ကို တည်ဆောက်ပြီး အသုံးပြုနိုင်ခြင်းဖြစ်သည်။

အွန်လိုင်း ပလက်ဖောင်း (Online Platform): အသုံးပြုသူများကို အပြန်အလှန် ဆက်သွယ်ပြောဆိုခွင့်၊ အချက်အလက်ဖလှယ်ခွင့်၊ ကုန်ပစ္စည်း ဝယ်ယူရောင်းချခွင့် စသည်များကို လုပ်ဆောင်စေရန် ပံ့ပိုးပေးသည့် အွန်လိုင်းစနစ် ဖြစ်သည်။ လူမှုကွန်ရက် ပလက်ဖောင်းများဖြစ်သည့် Facebook, TikTok, YouTube တို့သည် လူအချင်းချင်း ဆက်သွယ်ရန်နှင့် ဗီဒီယိုများမျှဝေရန်အတွက် အသုံးပြုသည့် ပလက်ဖောင်းများဖြစ်သည်။ ဥပမာ Amazon, Alibaba, Shop.com.mm တို့သည် ကုန်ပစ္စည်း ဝယ်ရောင်းလုပ်ဆောင်သည့် E-commerce ပလက်ဖောင်းများဖြစ်သည်။ ဝန်ဆောင်မှု ပလက်ဖောင်းများ Grab, Foodpanda တို့သည် ဝန်ဆောင်မှုပေးသူနှင့် ဝန်ဆောင်မှုလိုချင်သူကို ချိတ်ဆက်ပေးသော ပလက် ဖောင်းများဖြစ်သည်။

ပရိုဂရမ်းမင်း ပလက်ဖောင်း (Programming Platform): Software များ ရေးရန်နှင့် Run ရန်အတွက် လိုအပ်သည့် Tools များ ၊ Libraries များနှင့် စနစ်ကို ပေါင်းစပ်ပေးထားသည့် ပလက်ဖောင်းများဖြစ်သည်။ ဥပမာ : Java Platform, .NET Platform

**၃။ လူမှုကွန်ရက် ပလက်ဖောင်းများ ထိရောက်စွာ အသုံးပြုခြင်း**

မြန်မာနိုင်ငံတွင် လူမှုကွန်ရက် (Social Media) အသုံးပြုသူ သန်းပေါင်းများစွာ ရှိနေပြီး ၎င်းတို့သည် ဒစ်ဂျစ်တယ် မားကတ်တင်းအတွက် အကြီးမားဆုံးသော ဈေးကွက်တစ်ခုဖြစ်သည်။

- Facebook, TikTok, YouTube စသည့် လူမှုကွန်ရက် ပလက်ဖောင်းများကို အသုံးပြု၍ လုပ်ငန်းနှင့် ကိုက်ညီသော ကြော်ငြာများ၊ အကြောင်းအရာများ (Content) ကို ဖန်တီးကြသည်။
- ပစ်မှတ်ထားဈေးကွက်(Target Audience) ကို တိကျစွာ သတ်မှတ်ပြီး ၎င်းတို့ စိတ်ဝင်စားမည့် ပုံစံ၊ ဘာသာစကားဖြင့် ဆွဲဆောင်မှုရှိသော ဖန်တီးမှုများကို ပြုလုပ်ကြသည်။
- Influencer Marketing ကိုလည်း အသုံးပြုနိုင်သည်။ သက်ဆိုင်ရာ နယ်ပယ်အလိုက် ဩဇာလွှမ်းမိုးမှု ရှိသူများနှင့် ပူးပေါင်းကာ ထုတ်ကုန် သို့မဟုတ် ဝန်ဆောင်မှုများကို မိတ်ဆက်ပေးခြင်းဖြင့် ပိုမိုကျယ်ပြန့်သော စားသုံးသူများဆီသို့ ရောက်ရှိနိုင်သည်။

**၄။ E-commerce ပလက်ဖောင်းများ ဖွံ့ဖြိုးတိုးတက်စေခြင်း**

အွန်လိုင်းမှ ကုန်ပစ္စည်း ရောင်းချဝယ်ယူခြင်း (E-commerce) သည် ဒစ်ဂျစ်တယ် မားကတ်တင်း၏ အရေးပါသော အစိတ်အပိုင်းဖြစ်သည်။ ပြည်တွင်း၌ ယုံကြည်စိတ်ချရသော E-commerce ပလက်ဖောင်းများ ပိုမိုများပြားလာစေရန် အားပေးလျက်ရှိသည်။ အွန်လိုင်းမှ ငွေပေးချေမှုစနစ်များ (Mobile Banking, E-wallets) ကို လုံခြုံစိတ်ချရပြီး လွယ်ကူချောမွေ့အောင် တည်ဆောက်ထားသည်။ ပြည်တွင်းလုပ်ငန်းရှင်များသည် မိမိတို့၏ ထုတ်ကုန်များကို အွန်လိုင်းမှတစ်ဆင့် ရောင်းချနိုင်ရန် E-commerce ပလက်ဖောင်းများပေါ်တွင် စတင်၍ ရောင်းချကြသည်။

**၅။ ဒေတာအခြေပြု မားကတ်တင်း (Data-Driven Marketing) ကို အလေးထားခြင်း**

ဒစ်ဂျစ်တယ် မားကတ်တင်း၏ အားသာချက်တစ်ခုမှာ ဒေတာများကို စုဆောင်းဆန်းစစ်နိုင်ခြင်း ဖြစ်သည်။ ဖောက်သည်များ၏ အပြုအမူများ၊ စိတ်ဝင်စားမှုများနှင့် ဝယ်ယူမှုပုံစံများကို ဒေတာများမှတစ်ဆင့် လေ့လာဆန်းစစ်ပြီး ပိုမိုထိရောက်သော မားကတ်တင်း မဟာဗျူဟာများကို ချမှတ်ရသည်။ Google Analytics, Facebook Insights ကဲ့သို့သော ကိရိယာများကို အသုံးပြု၍ ကြော်ငြာများ၏ စွမ်းဆောင်ရည်ကို တိုင်းတာပြီး လိုအပ်သလို ပြန်လည်ညှိနှိုင်း ဆောင်ရွက်သည်။ ဤသို့ဖြင့် ရင်းနှီးမြှုပ်နှံမှုအပေါ် အကောင်းဆုံး အကျိုးအမြတ်ကို ရရှိနိုင်မည်ဖြစ်သည်။

**၆။ ပြည်တွင်း မူဝါဒများနှင့် စည်းမျဉ်းစည်းကမ်းများ ချမှတ်ခြင်း**

ဒစ်ဂျစ်တယ် မားကတ်တင်း ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဆက်စပ်သော မူဝါဒများနှင့် စည်းမျဉ်း စည်းကမ်းများလည်း လို အပ်လာသည်။

စားသုံးသူ ကာကွယ်ရေးဥပဒေ၊ ကိုယ်ရေးအချက်အလက် လုံခြုံရေးဥပဒေများကို ခေတ်နှင့်အညီ ပြဋ္ဌာန်းထားပြီး ထိရောက်စွာ အကောင်အထည်ဖော်လျက်ရှိသည်။ အွန်လိုင်းမှ လိမ်လည်မှုများ၊ မှားယွင်းသော သတင်းအချက်အလက်များ ဖြန့်ဝေခြင်းတို့ကို ထိန်းချုပ်ကာ ဒစ်ဂျစ်တယ် ပတ်ဝန်းကျင်ကို ပိုမို လုံခြုံစိတ်ချရအောင် လုပ်ဆောင်လျက်ရှိသည်။ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်း (Online Sales) လုပ်ငန်းများ မှတ်ပုံတင်လက်မှတ်လျှောက်ထားမှုအတွက် eComReg System ကျသင့်မှတ်ပုံတင်ကြေးနှင့် ဆက်စပ် အခကြေးငွေများအား MPU၊ AYA Pay၊ KBZ Pay၊ UAB Pay၊ A+ Wallet နှင့် Citizens Pay တို့ဖြင့် ချိတ်ဆက်ပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ဒစ်ဂျစ်တယ် မားကတ်တင်းသည် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသော မောင်းနှင်အားတစ်ခုအဖြစ် ရောက်လာနေပြီဖြစ်သည်။ အင်တာနက်အခြေခံ အဆောက်အအုံများ မြှင့်တင်ခြင်း၊ ဒစ်ဂျစ်တယ် ကျွမ်းကျင်မှုများ တိုးတက်စေခြင်း၊ လူမှုကွန်ရက်နှင့် E-commerce ပလက်ဖောင်းများကို ထိရောက်စွာ အသုံးပြုခြင်း၊ ဒေတာများကို အခြေခံသည့် မားကတ်တင်း နည်းလမ်းများ ကျင့်သုံးခြင်းနှင့် သင့်လျော်သောမူဝါဒများ ချမှတ်ခြင်းတို့ဖြင့် မြန်မာနိုင်ငံသည် ဒစ်ဂျစ်တယ် မားကတ်တင်း၏ အခွင့်အလမ်းများကို အပြည့်အဝ အသုံးချကာ စီးပွားရေး တိုးတက်မှုနှင့် နိုင်ငံတကာ ဈေးကွက်အတွင်း နေရာ တစ်နေရာကို ရယူနိုင်မည် ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

**ကိုးကား။ ဒစ်ဂျစ်တယ် မားကတ်တင်း ကျွမ်းကျင်သူများ၏ စာအုပ်များ ၊ မြန်မာနိုင်ငံ ၏ စီးပွားရေး၊ နည်းပညာနှင့် ဒစ်ဂျစ်တယ် အခြေအနေဆိုင်ရာ ထုတ်ပြန်ထားသော အစီရင်ခံစာများ ကမ္ဘာ့ဘဏ် (World Bank), အာရှဖွံ့ဖြိုးရေးဘဏ် (Asian Development Bank), ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ် (UNDP) စသည့် အဖွဲ့အစည်းများ။**

**DOCA (ရန်ကုန်)**

# ရှမ်းပြည်နယ်အတွင်း အာလူးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်ဆောင်ရွက်

ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ကလော၊ အောင်ပန်း၊ ပင်းတယ၊ ဟိုပုံး၊ ဟဲဟိုး၊ ပင်လောင်း၊ နောင်တရားဒေသများတွင် အာလူးကို တစ်နှစ်ပတ်လုံး စိုက်ပျိုးလျက်ရှိပြီး ရှမ်းပြည်နယ်အနေဖြင့် အာလူးစိုက်ဧကမှာ ၅၀၀၀၀ ကျော်ရှိသည်။ ပြည်တွင်း အာလူးစားသုံးမှုဖူလုံစေရန် စိုက်ပျိုးထုတ်လုပ်ပြီး မြန်မာနိုင်ငံတစ်နိုင်ငံလုံးသို့ တင်ပို့ရောင်းချလျက်ရှိသည်။ အဓိကစိုက်ပျိုးသည့်မျိုးများအနေဖြင့် နယ်သာလန်နိုင်ငံမှမျိုး၊ တရုတ်မျိုးတို့ကို အဓိကစိုက်ပျိုးလျက်ရှိပြီး ဒေသတွင်းမျိုးမှာ တစ်နှစ်ပတ်လုံးအတွက် တန်ချိန် ကိုးသောင်းကျော်ခန့် လိုအပ်နေသည့်အတွက် ဒေသတွင်း အာလူးစိုက် တောင်သူများစုပေါင်းကာ အများပိုင်ကုမ္ပဏီများထူထောင်၍ အအေးခန်းစက်ရုံများ တည်ဆောက်ပြီး မျိုးလိုအပ်ချက်ကို ဖြည့်ဆည်းလျက်ရှိသည်။

အောင်ပန်း၊ ဟဲဟိုး၊ နောင်တရား၊ ဟိုပုံးနှင့် ပင်းတယမြို့နယ်များတွင် လက်ရှိ အအေးခန်းစက်ရုံခြောက်ရုံ၊ အအေးခန်း ကွန်တိန်နာ ရှစ်လုံးတို့ဖြင့် တန်ချိန်၉၀၀၀ ကျော်ကို မျိုးအတွက် သိုလှောင်ခြင်း၊ အာလူးအထွက်များချိန်တွင် ဈေးကွက်ထိန်းညှိနိုင်ရန်အတွက် ခေတ္တသိုလှောင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုးသူတောင်သူများ အာလူးစိုက်ပျိုးမှု ကောင်းမွန်စွာ လုပ်ဆောင်နိုင်ရန်အတွက် အာလူးအအေးခန်းစက်ရုံများဖြင့် ခေတ်မီသိုလှောင်ထိန်းသိမ်းခြင်းများကို ဆောင်ရွက်နိုင်ရန် တောင်သူအများပိုင် အစုအဖွဲ့ကုမ္ပဏီများ ထပ်မံထူထောင်၍ဟဲဟိုးမြို့တွင် တန် ၂၀၀၀၊ အောင်ပန်းမြို့တွင် တန် ၃၀၀၀ သိုလှောင်နိုင်မည့် ခေတ်မီအအေးခန်း သိုလှောင်ရုံများကို တိုးချဲ့တည်ဆောက်ရန် ဆောင်ရွက်လျက်ရှိသည်။

အာလူးအစုအဖွဲ့များနှင့် သက်ဆိုင်သည့် ဌာနများပူးပေါင်းပြီး တစ်ရှူးကာချာမျိုးပွားနည်းဖြင့် ဒေသနှင့် ကိုက်ညီသည့်မျိုးများရရှိရန်အတွက် တောင်သူများ စမ်းသပ်စိုက်ပျိုးသည့်အဆင့်သို့ ရောက်ရှိနေပြီး မကြာခင် ပြည်ပမှ အာလူးမျိုးတင်သွင်းမှုကို လျှော့ချသွားနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ အအေးခန်းစက်ရုံ အသစ်များကို တောင်သူများစုပေါင်း၍ ၎င်းတို့၏ အစုရှယ်ယာများဖြင့် တည်ဆောက်ခြင်းဖြင့် ပြည်တွင်းစားသုံးမှုအတွက် အရည်အသွေး ပြည့်ဝပြီး စားနပ်ရိက္ခာဖူလုံနိုင်ခြင်း၊ ကုန်သည်နှင့် တောင်သူများပူးပေါင်း၍ ဝယ်လိုအား၊ ရောင်းလိုအား ထိန်းညှိနိုင်ခြင်း၊ အာလူးကဏ္ဍတွင် ပါဝင်ပတ်သက်သူများ စီးပွားအကျိုးဖြစ်ထွန်းစေခြင်း၊ အာလူးစိုက်ပျိုးမှု ကောင်းမွန်စွာ လုပ်ဆောင်ရန်အတွက် မျိုးအာလူး လိုအပ်ချက်များ သိုလှောင်နိုင်ခြင်းနှင့် ဈေးကွက်မျှတစွာရရှိနိုင်ခြင်း စသည့် အကျိုးခံစားခွင့်များ ရရှိမည်ဖြစ်သည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ဒေသတွင်းစားသုံးမှုဖူလုံစေရန်နှင့် တိုးတက်လာရန်အတွက် မျိုးကောင်း မျိုးသန့်များရရှိရေး၊ နည်းပညာလိုအပ်ချက်များကို ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှလည်း စတင်စိုက်ပျိုးရန် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **စောဝင်းကျော်၊ MT-Taunggyi**

# သတ်မှတ်ချိန်ရာသီကာလများနှင့် ကမ်းနီး ကမ်းဝေး ငါးဖမ်းလှေများ

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့သည် မြန်မာနိုင်ငံ တောင်ပိုင်းဒေသတွင် တည်ရှိပြီး မြန်မာနိုင်ငံ ကမ်းရိုးတန်း သုံးခုအနက် အရှည်ဆုံး ကမ်းရိုးတန်းတစ်ခုဖြစ်သည်။ ကမ်းရိုးတန်းမိုင် ၂၀၀ ရှိပြီး ပင်လယ်ထွက်ကုန်များဖြင့် အသက်မွေးဝမ်းကျောင်းပြု၍ ရေထွက်ကုန်များဖြင့် ထင်ပေါ်ကျော်ကြားသော မြို့လည်းဖြစ်သည်။ ပင်လယ် ကမ်းရိုးတန်းဒေသဖြစ်သည့်အတွက် ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းလှေများဖြင့် စည်ကားသော မြို့လည်းဖြစ်သည်။ ကမ်းနီးငါးဖမ်းလှေများသည် လှေငယ်များဖြင့် ကျေးရွာ အနီးအနားရှိ ရေမိုင် ၁၀ မိုင်အတွင်း ဖမ်းဆီး၍ရပြီး ကမ်းဝေးငါးဖမ်းလှေများသည် ကျွန်းများဖြင့် ဝေးကွာသော ပင်လယ်ရေမိုင် ၁၀ မိုင်မှ မိုင် ၂၀၀ အတွင်းတွင် ဖမ်းဆီးရန် ခွင့်ပြုထားသည်။ ကမ်းဝေး ငါးဖမ်းလှေများတွင် ဝါလတ်လှေ၊ ကျားပိုက် လှေ၊ ကင်းမွန်မီးထွန်းလှေနှင့် ဝါတန်း (ဝိုင်းချုပ်) လှေများဟူ၍ အမျိုးမျိုးရှိသည်။

ဝါလတ်လှေများသည် ငါးမျိုးစုံဖမ်းဆီးပြီး ကျားပိုက်လှေများသည် ငါးနှင့် ပုစွန်ကို အများဆုံး ဖမ်းဆီးလေ့ရှိကြသည်။ ဝါတန်းလှေများသည် ပလာတူးနှင့် ငါးသလောက်ကို အဓိကထား ဖမ်းဆီးကြသည်။ ကင်းမွန်ဝါတန်းလှေများသည် ပုံမှန်အတိုင်း ကင်းမွန်ပေါ်ချိန် ပွင့်လင်းရာသီတွင် ဖမ်းကြသည်။ ပုံမှန်အားဖြင့် အောက်တိုဘာမှ မေလအထိသာ လုပ်ငန်း ခွင်ဝင်ရောက်ကြပြီး မိုးရာသီရောက်လျှင် လုပ်ငန်းရပ်နားလေ့ရှိကြောင်း သိရသည်။

ငါးမဖမ်းရရာသီကို ငါးသားပေါက်ရာသီများဖြစ်သော ဧပြီ၊ မေ၊ ဇွန်လများတွင် ငါးဖမ်းခွင့် ပိတ်ထားပြီး ငါးသားပေါက်ရာသီပြီးပါက ပြန်လည်ဖမ်းခွင့်ပြုလျက်ရှိသည်။ ကမ်းဝေးလှေများကို ငါးသားပေါက်ရာသီတွင် ရာခိုင်နှုန်းအလိုက် ခွင့်ပြုပြီး တစ်ခါ တစ်ရံ ဇွန်လတွင် ခွင့်ပြုခဲ့ပြီး တစ်ခါတစ်ရံ ဧပြီလများတွင်လည်း လတိုးခွင့်ပြုကြောင်း သိရသည်။ ယခုနှစ် ငါးသားပေါက်ရာသီကို ဧပြီ၊ မေ၊ ဇွန်လများဟူ၍ သတ်မှတ်ပြီး ဧပြီလကို လုပ်ငန်းရှင်များ၏ တောင်းဆိုမှုကြောင့် လတိုး သတ်မှတ်ပေးခဲ့ကြောင်း သိရသည်။

ပုံမှန် ငါးဖမ်းရာသီ သတ်မှတ်ချက်ရှိသော်လည်း သက်တမ်းတိုး ငါးဖမ်းလိုင်စင်အနေဖြင့် ရက် ၆၀ (နှစ်လ) ခွင့်ပြုကြောင်း သိရသည်။ ရက် ၆၀ ပြည့်ပါက ကမ်းသို့ပြန်လည် ဝင်ရောက်ရမည်ဖြစ်ပြီး သတ်မှတ်ငါးဖမ်းကာလ မတိုင်မီ လိုင်စင်ပြန်လည်ဆောင်ရွက်ပြီး ထွက်ခွာနိုင်ကြောင်း သိရသည်။ ရရှိလာသောငါးများကို အထူးစစ်ဆေးရေးအဖွဲ့ထံ တင်ပြအစစ်ဆေးခံရပြီးမှ အခြားနေရာများသို့တင်ပို့ရကြောင်း သိရသည်။ လတိုးမြှင့် သတ်မှတ်ချိန်များတွင် အချို့ငါးဖမ်းလှေများ စက်သုံးဆီ ဈေးနှုန်းမြင့်မားမှုကြောင့် ပြန်လည်မထွက်ခွာဘဲ ရပ်နားထားလေ့ရှိကြောင်း သိရသည်။

ငါးဖမ်းလှေတစ်စင်းအနေဖြင့် အထွက်စရိတ်အပြင် ရာသီဥတုဆိုးရွားမှု၊ ငါးရရှိသည့်ပမာဏ နည်းပါးမှု၊ ထိုင်းနိုင်ငံတွင် ငါးဈေး ချထားမှုများကြောင့် လုပ်ငန်းလုပ်ကိုင်ရန် အခက်အခဲများ စွာ ရှိလာကြောင်း ငါးဖမ်းလှေတစ်စင်း ပင်လယ်ပြင်ကို ထွက်သွား ပါက ငါးသေချာပေါက်ရမည်ဟု တွက်ထား၍ မရကြောင်း၊ ရာသီဥတု ဆိုးရွားလာပါက ကျွန်းများတွင် ခေတ္တခိုလှုံပြီး ငါးဖမ်းကွက်ကို ငါးထွက်ဆွဲလိုက်နှင့် သတ်မှတ်ရက်ပြည့်ပါက တချို့လှေများသည် ကမ်းတွင် ထိုးထားကြပြီး လုပ်ငန်းရပ်နားလိုက်သည့် ပုံစံမျိုး မဟုတ်သော်လည်း တွက်ခြေမကိုက်သဖြင့် ကမ်းထိုးပြီး ငါးဖမ်းမထွက်တော့သည့် ပုံစံမျိုးပါဟု ငါးဖမ်းလှေ လုပ်ငန်းရှင်တစ်ဦး၏ ပြောကြားချက်အရ သိရသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း ကမ်းဝေးငါးဖမ်းလှေနှင့် ကမ်းနီးငါးဖမ်းလှေများသည် ထောင်နှင့် သောင်းနှင့်ချီရှိပြီး ရေလုပ်ငန်းမှာ တိုင်းဒေသကြီး၏ အဓိက စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်သည်။

ကမ်းရိုးတန်းရေပြင်တွင် ငါးသယံဇာတများကို ယခင်က မိရိုးဖလာ ဖမ်းဆီးရောင်းချခြင်းများသာရှိခဲ့ပြီး ယခုအခါ နည်းပညာများ တိုးတက်လာသည်နှင့်အမျှ ငါးသယံဇာတကို ရေရှည်ထိန်းသိမ်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း ရေးသားလိုက်ပါသည်။ **မာ၊ ကျော်နိုင်(မြိတ်)**




**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ကုန်သွယ်ရေးဦးစီးဌာန**
**ကုန်သွယ်မှုသင်တန်းကျောင်း (ရန်ကုန်)**
**ပို့ကုန်လုပ်ငန်း စတင်လုပ်ကိုင်နည်းရက်တိုသင်တန်း (အမှတ်စဉ်-၁၂)**
**သင်တန်းသားများခေါ်ယူခြင်း**

| | | |
|---|---|---|
| (က) | သင်တန်းကာလ | - ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက် မှ ၁၈ ရက်နေ့အထိ |
| ( ခ) | သင်ကြားမည့်နေ့ရက်များ | - တနင်္လာနေ့မှ သောကြာနေ့အထိ (၅) ရက်သင်တန်း |
| ( ဂ) | သင်တန်းအချိန် | - နံနက် ၉ : ၀၀ နာရီမှ ညနေ ၁၆:၀၀ နာရီထိ |
| (ဃ) | သင်တန်းသားဦးရေ | - (၅၀) ဦး |
| ( င) | သင်တန်းတည်နေရာ | - အမှတ် (၂၂၈-၂၄၀)၊ စတုတ္ထထပ်၊ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ( စ) | သင်တန်းဝင်ခွင့်လျှောက်လွှာနှင့် အတူပါရှိရမည့်စာရွက်စာတမ်းများ | - ဓါတ်ပုံ ၁ လက်မပတ်လည် (၃) ပုံ၊ ဘွဲ့(သို့) ၁၀ တန်းအောင် လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။ |
| (ဆ) | ဆက်သွယ်ရန်ဖုန်းနံပါတ် | - ၀၁-၂၅၀၈၇၁ ၊ ၀၉-၇၉၅၃၀၈၁၉၅၊ ၀၉-၄၄၂၁၃၄၃၈၀ |

(သင်တန်းအား တစ်လလျှင်တစ်ကြိမ် ဖွင့်လှစ်သွားမည်ဖြစ်ပြီး လူကိုယ်တိုင်စာရင်းလာရောက်သွင်းနိုင်ပါသည်)


# ပဲခူး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၇ ဒသမ ၂၆ သိန်း တိုးမြှင့်ဝင်ရောက်ခဲ့

ပဲခူးတိုင်းဒေသကြီးတွင် ဇွန်လအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏတိုးမြှင့်ခြင်းအဖြစ် အမေရိကန်ဒေါ်လာ ၇ ဒသမ ၂၆ သိန်း တိုးမြှင့်ဝင်ရောက်ခဲ့ကြောင်း ဇွန် ၃၀ ရက်က ပြုလုပ်ခဲ့သည့် ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အစည်းအဝေး အမှတ်စဉ် (၃/၂၀၂၅)မှ သိရသည်။

ယင်းအစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်မှ ပဲခူးတိုင်းသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထားဆောင်ရွက်သည့် တိုင်းဒေသကြီးတစ်ခုဖြစ်၍ လယ်ယာသုံးစက်ကိရိယာထုတ်လုပ်ခြင်း၊ ဓာတ်မြေဩဇာ ထုတ်လုပ်ခြင်းနှင့် တိရစ္ဆာန်အစာ ထုတ်လုပ်သည့် လုပ်ငန်းများအပြင် ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ဆိုလာထုတ်လုပ်ခြင်း လုပ်ငန်းများကို ဖိတ်ခေါ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း၌ တည်ရှိပြီး သော စက်ရုံ အလုပ်ရုံများ ဆက်လက်ရှင်သန်ရပ်တည်နိုင်ရေးနှင့် စက်ရုံ/အလုပ်ရုံများ ထပ်မံရင်းနှီးမြှုပ်နှံလာနိုင်စေရေးတို့အတွက် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံ မှုလုပ်ငန်း အမျိုးအစားကဏ္ဍကြီး ခုနစ်ခုလုံး ဟန်ချက်ညီညီ ရင်းနှီးမြှုပ်နှံမှုတိုးတက်လာစေရန် ဝိုင်းဝန်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပြောခဲ့သည်။

လက်ရှိတွင် ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၅ ခုနှစ်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၂၀၉ ဒသမ ၇၄၈ သန်း၊ နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ငွေကျပ် ၁၉၇၀၅၄ ဒသမ ၂၂၁ သန်း ဝင်ရောက်ခဲ့ပြီး ၁၃၃၂၁ ဦးအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ကိုတိုး**

# ပို့ကုန်ရငွေ ဝင်ရောက်ခြင်းမရှိသည့် ကုမ္ပဏီ ၁၉၀ ကျော်ကို အမည်မည်းစာရင်းသွင်း

၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ပို့ကုန်တင်ပို့ခဲ့ပြီး ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ရန် ကျန်ရှိသည့် ကုမ္ပဏီ ၁၉၀ ကျော်ကို အမည်မည်းစာရင်းသွင်းခဲ့ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဇွန် ၃၀ ရက်တွင် ထုတ်ပြန်ထားသည်။ နိုင်ငံတော်အတွင်းသို့ နိုင်ငံခြားသုံးငွေများ ဝင်ရောက်လာသည့် အဓိကလမ်းကြောင်းဖြစ်သော ပို့ကုန်တင်ပို့မှုမှ ရငွေများ အပြည့်အဝရရှိရန်မှာ အဓိကကျသည့် အချက်ဖြစ်သဖြင့် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၃၈-ခ နှင့် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုစည်းမျဉ်း အပိုဒ်-၃၅၊ အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၂၃ တို့တွင် အာရှနိုင်ငံများသို့ တင်ပို့ခြင်းဖြစ်ပါက ပို့ကုန်တင်ပို့သည့်နေ့မှ ၃၀ ရက်အတွင်း၊ အာရှနိုင်ငံများမှအပ အခြားနိုင်ငံများသို့ တင်ပို့ခြင်းဖြစ်ပါက ပို့ကုန်တင်ပို့သည့်နေ့မှ ၆၀ ရက်အတွင်း ပို့ကုန်တင်ပို့သူ၏ မြန်မာနိုင်ငံအတွင်းရှိ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားငွေဖြင့် မပျက်မကွက် ထည့်သွင်းရန်ဖြစ်ကြောင်း ပြဋ္ဌာန်းသတ်မှတ်ထားသည်။

နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေ (FEML) အခန်း (၁၁)၊ ပုဒ်မ ၃၈-ခ တွင် “မည်သူမျှ ပို့ကုန်ရငွေ အားလုံးကို သတ်မှတ်ကာလအတွင်း နိုင်ငံတော်အတွင်းရှိ ယင်း၏ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် ထည့်သွင်းရန် ပျက်ကွက်ခြင်းမရှိစေရ”ဟု လည်းကောင်း၊ အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက FEML ပုဒ်မ ၄၂-က အရ “ထိုသူကို တစ်နှစ်ထက်မပိုသည့် ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်”ဟု လည်းကောင်း ပြဋ္ဌာန်းထားပါသဖြင့် ပို့ကုန်တင်ပို့သူများအနေဖြင့် သတ်မှတ်ကာလအတွင်း ပို့ကုန်ရငွေများ ပြန်လည်ဝင်ရောက်ရန် ဆောင်ရွက်ရမည်ဖြစ်သည်။

၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ပို့ကုန်တင်ပို့ခဲ့သည့် ပို့ကုန် လုပ်ငန်းရှင်များသည် ပို့ကုန်ရငွေများကို သတ်မှတ်ကာလအတွင်း ယင်း၏ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် မပျက်မကွက် ပြန်လည်ထည့်သွင်းစေရေးအတွက် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် AD လိုင်စင်ရဘဏ်များ ပူးပေါင်း၍ ဆက်သွယ်ခေါ်ယူ စာရင်းရှင်းလင်းခဲ့ပြီးနောက် စာရင်းရှင်းလင်းခြင်းမရှိသည့် ကုမ္ပဏီများအား ပို့ကုန်သွင်းကုန် လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် ပိတ်သိမ်းခြင်းကို ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ဇွန် ၂၃ ရက် စိစစ်ချက်အရ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ပို့ကုန်တင်ပို့ခဲ့ပြီး ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ရန် ကျန်ရှိသည့် ကုမ္ပဏီ ၁၉၇ ခုသည် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေ၊ စည်းမျဉ်း၊ အမိန့်ကြော်ငြာစာတို့ပါ သတ်မှတ်ချက်များအား လိုက်နာခြင်းမရှိသဖြင့် ကုမ္ပဏီနှင့် ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်များအား အမည်မည်းစာရင်း ထည့်သွင်းကြေညာအပ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**ကိုတိုး**

# စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာ့ရွှေဈေးသည် ဇွန် ၂၆ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၃၃၃၉ ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ ဇူလိုင် ၂ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၃၃၄၂ ဒေါ်လာ ဖြစ်ခဲ့သည်ကို တွေ့ရှိရသည်။ ပြည်တွင်းရွှေဈေးသည်လည်း ဇွန် ၂၆ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၇၉၆၀၀၀၀ ပေါက်ဈေးရှိခဲ့ရာမှ ဇူလိုင် ၂ ရက်တွင် ကျပ် ၇၈၉၀၀၀၀ သို့ အတက်အကျ ဖြစ်ပေါ်ခဲ့ကြောင်းကို ရွှေဈေးကွက်အတွင်းမှ သိရှိရပါသည်။

Trading Economics တွင် ဖော်ပြချက်အရ မြန်မာနိုင်ငံတွင် GDP သည် ၂၀၂၄ ခုနှစ် နှစ်ကုန်တွင် USD ၆၄ ဒသမ ၇၅ ဘီလီယံရှိလာရန် မျှော်မှန်းထားကြောင်း Trading Economics global macro model နှင့် ဆန်းစစ်လေ့လာသူများ၏ ခန့်မှန်းချက်အရ သိရှိရသည်။ Econometric Model အရ မြန်မာနိုင်ငံ၏ GDP သည် ၂၀၂၅ ခုနှစ်တွင် USD ၆၆ ဒသမ ၀၅ ဘီလီယံနှင့် ၂၀၂၆ ခုနှစ်တွင် USD ၆၇ ဒသမ ၃၇ ဘီလီယံဝန်းကျင်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရှိရသည်။

၂၀၂၃ ခုနှစ်အတွက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ စက်တင်ဘာလ အစီရင်ခံစာ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှု (GDP) တိုးတက်မှုနှုန်းသည် ၂ ဒသမ ၈ ရာခိုင်နှုန်းဖြစ်ပြီး ၂၀၂၄ ခုနှစ်အတွက် GDP တိုးတက်မှုနှုန်းသည် ၃ ဒသမ ၂ ရာခိုင်နှုန်း ရှိလာမည်ဖြစ်ကြောင်း ခန့်မှန်းထားခဲ့သည်ကို တွေ့ရှိရသည်။

ဇွန် ၂၆ ရက်မှ ဇူလိုင် ၂ ရက်အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို တစ်ဖက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

ယခုတစ်ပတ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ ဇွန် ၁၉ ရက်မှ ၂၅ ရက်ထိ အမေရိကန်တစ်ဒေါ်လာလျှင် ကျပ် ၂၁၀၀ ဖြစ်သည်။ အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း (ဗဟိုဘဏ်သတ်မှတ်နှုန်းထား)မှာ တည်ငြိမ်လျက်ရှိသည်။

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၂၆-၆-၂၀၂၅ | ၂၇-၆-၂၀၂၅ | ၃၀-၆-၂၀၂၅ | ၁-၇-၂၀၂၅ | ၂-၇-၂၀၂၅ | တစ်ပတ်အတွင်း ဒေါ်လာငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၀.၀၀ | - |
| ၂ | Thai Baht | THB | ၃၂.၃၅၂ | ၃၂.၅၈၃ | ၃၂.၄၇၈ | ၃၂.၄၂၇ | ၃၂.၄၆၃ | ၀.၃၄ | ↑ |
| ၃ | Singapore Dollar | SGD | ၁.၂၇၃ | ၁.၂၇၄ | ၁.၂၇၅ | ၁.၂၇၁ | ၁.၂၇၃ | ၀.၀၀ | - |
| ၄ | Malaysian Ringgit | MYR | ၄.၂၂၃ | ၄.၂၂၉ | ၄.၂၁၄ | ၄.၁၉၅ | ၄.၂၂၃ | ၀.၀၀ | - |
| ၅ | Indonesian Rupiah | IDR | ၁၆၂၀၄ | ၁၆၂၀၄ | ၁၆၂၂၉ | ၁၆၁၉၁ | ၁၆၂၄၁ | ၀.၂၃ | ↑ |
| ၆ | Chinese Yuan | CNY | ၇.၁၆၇ | ၇.၁၆၈ | ၇.၁၆၅ | ၇.၁၆၂ | ၇.၁၆၇ | ၀.၀၀ | - |
| ၇ | Indian Rupee | INR | ၈၅.၇၄၉ | ၈၅.၅၄၀ | ၈၅.၆၄၄ | ၈၅.၅၄၀ | ၈၅.၇၄၉ | ၀.၀၀ | - |
| ၈ | Japanese Yen | JPY | ၁၄၃.၉၂၅ | ၁၄၄.၃၉၀ | ၁၄၄.၁၇၀ | ၁၄၃.၀၆၅ | ၁၄၃.၈၀၅ | -၀.၀၈ | ↓ |
| ၉ | Australian Dollar | AUD | ၁.၅၂၉ | ၁.၅၂၅ | ၁.၅၃၀ | ၁.၅၁၈ | ၁.၅၂၄ | -၀.၃၃ | ↓ |
| ၁၀ | Euro | EUR | ၀.၈၅၃ | ၀.၈၅၃ | ၀.၈၅၃ | ၀.၈၄၈ | ၀.၈၄၉ | -၀.၄၇ | ↓ |
| ၁၁ | Pound Sterling | GBP | ၀.၇၂၇ | ၀.၇၂၇ | ၀.၇၃၀ | ၀.၇၂၇ | ၀.၇၂၉ | ၀.၂၈ | ↑ |

Source- Central Bank of Myanmar

## ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ဇူလိုင် ၂ ရက်တွင် Thai Rice Exporter Association Website တွင် ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ % တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၀ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ % တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၆ ဖြင့်လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကို သိရှိရသည်။ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ % ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၁၁ ဖြင့် လည်းကောင်း၊ ဧည့်မထ ၅ % တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၅ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅% ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၀ ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၅ ဖြင့်လည်းကောင်း အသီးသီး ဖြစ်ပေါ်ခဲ့သည်ကို လေ့လာ သိရှိရသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ % တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၆ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၁ ဖြင့် လည်းကောင်းရှိခဲ့ပြီး အိန္ဒိယနိုင်ငံ၏ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ % တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၄ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ % တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၀ ဖြင့်လည်းကောင်း၊ ပေါင်းဆန် ၅ % တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၇ ဖြင့်လည်း ကောင်း အသီးသီး ရှိခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ ။

ပြည်ပဆန်ဈေးကွက်သတင်းအနေဖြင့် တရုတ်-ပါကစ္စတန် စီးပွားရေးစင်္ကြံ (CPEC) မူဘောင်အောက်တွင် နှစ်နိုင်ငံအကြား ပိုမိုခိုင်မာသော ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာခဲ့ရာ တရုတ်နိုင်ငံသို့ ပါကစ္စတန်၏ ဆန်တင်ပို့မှုသည် ၂၀၂၅ ခုနှစ် ပထမ ငါးလတွင် ၁၂၁ ရာခိုင်နှုန်းအထိ သိသာစွာ မြင့်တက်လာခဲ့ကြောင်း PTV World ပါကစ္စတန် သတင်းဌာန၏ ဖော်ပြထားချက်အရ သိရှိရသည်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဇွန် ၂၇ ရက်အထိ (ယာယီ) စာရင်းများအရ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ဆန်၊ ဆန်ကွဲ တန်ချိန် ၂၇၄၈၅၄ တန်၊ အမေရိကန်ဒေါ်လာ ၉၅ သန်းကျော် တင်ပို့လျက်ရှိကြောင်း သိရှိရသည်။

ပြည်တွင်း ဆန်ဈေးကွက်သတင်းအနေဖြင့် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၏ ဆန်ဈေးကွက်(လက်ကားဈေး)တွင် ပေါ်ဆန်းနယ်စုံ(အဟောင်း) (ဖျာပုံ၊ မြောင်းမြ၊ ဒေးဒရဲ)တို့မှ ဆန်တစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀ မှ ၁၂၅၀၀၀ ပေါက်ဈေးရှိပြီး ရွှေဘိုပေါ်ဆန်း(အဟောင်း) ဆန်တစ်အိတ်လျှင် ကျပ် ၁၅၀၀၀၀ မှ ၁၅၅၀၀၀ ပေါက်ဈေးရှိသည်။ ဆန်ကြမ်းဖြစ်သော ဧည့်မထ ၂၅ မှတ်တန် ဆန်တစ်အိတ်လျှင် ကျပ် ၅၇၅၀၀ မှ ၅၈၅၀၀ ကြားနှင့် ငစိန်ဆန် တစ်အိတ်လျှင် ကျပ် ၆၃၀၀၀ မှ ၆၅၀၀၀ ကြား ပေါက်ဈေးရှိကြောင်း သိရှိရသည်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဇွန် ၂၇ ရက်အထိ (ယာယီ) စာရင်းများအရ မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ဆန်နှင့် ဆန်ကွဲ တင်ပို့နိုင်မှုတွင် ဆန်တန်ချိန် ၃၂၉၆၃၆ ဒသမ ၇၅၆ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၂၆ ဒသမ ၈၅၆ သန်း၊ ဆန်ကွဲ တန်ချိန် ၂၇၆၆၄၉ ဒသမ ၅၀၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၈၃ ဒသမ ၆၅၈ သန်း၊ စုစုပေါင်း ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှု တန်ချိန် ၆၀၆၂၈၆ ဒသမ ၂၅၆ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၁၀ ဒသမ ၅၁၄ သန်းရရှိထားပြီး ယခင်နှစ်ကာလတူတွင် ဆန်တန်ချိန် ၂၃၇၇၀၀ ဒသမ ၅၈၇ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၃၆ ဒသမ ၈၃၆ သန်း၊ ဆန်ကွဲ တန်ချိန် ၁၉၂၄၆၀ ဒသမ ၂၅၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၈၀ ဒသမ ၉၈၂ သန်း၊ စုစုပေါင်း ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှု တန်ချိန် ၄၃၀၁၆၀ ဒသမ ၈၃၇ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၁၇ ဒသမ ၈၁၈ သန်း တင်ပို့ခဲ့သည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ဇူလိုင် ၃ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ဆန်ချော (အသစ်)တစ်အိတ်လျှင် ၂၆၉ ယွမ် ဝန်းကျင်ရှိပြီး (ပြင်ပငွေလဲနှုန်း ၁ ယွမ်လျှင် ၆၃၄ ကျပ်နှုန်းရှိသောကြောင့် ဆန်သစ်တစ်အိတ်လျှင် ၁၇၀၀၀၀ ကျပ် ကျော်) ပေါက်ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ဇူလိုင် ၃ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရပြင်ပ ငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ကျပ် ၁၄၀ နှုန်း ပေါက်ဈေးရှိကြောင်း သိရှိရ သည်။

တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန် ဈေးနှုန်းများကို လေ့လာကြည့်ပါက ဧည့်မထဆန် တစ်ပြည်လျှင် ကျိုင်းတုံမြို့တွင် ကျပ် ၅၂၀၀ ဖြင့် အမြင့်ဆုံး ဈေးနှုန်းဖြစ်ပေါ်ခဲ့ပြီး မော်လမြိုင်၊ ပုသိမ်၊ ပြည်၊ ပဲခူးနှင့် ပျဉ်းမနားမြို့တို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၃၀၀၀ ဖြင့် အနိမ့်ဆုံး ဈေးနှုန်းများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ၃ ဒသမ ၂၇ ရာခိုင်နှုန်း ဈေးနှုန်းကျဆင်းလျက်ရှိကြောင်း သိရှိရသည်။ ဇူလိုင်လ လဆန်းပိုင်းတွင် နိုင်ငံတကာတွင် ဖြစ်ပေါ်နေသော ဆန်ဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက အိန္ဒိယနိုင်ငံ၏ ဆန်ဈေးနှုန်းမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၁ ဒေါ်လာ) မြင့်တက်မှုရှိပြီး ထိုင်းနိုင်ငံ၏ ဆန်ဈေးနှုန်းများမှာ တစ်တန်လျှင် (၈ ဒေါ်လာမှ ၁၁ ဒေါ်လာ)၊ ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ (၁ ဒေါ်လာ)၊ ပါကစ္စတန်နိုင်ငံ၏ ဆန်ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ (၂ ဒေါ်လာမှ ၄ ဒေါ်လာ) ကျဆင်းလျက်ရှိပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းဆန်ဈေးနှုန်းများမှာလည်း ယခင်တစ်ပတ်အတိုင်း ပြောင်းလဲမှုများမရှိဘဲ တည်ငြိမ်လျက်ရှိကြောင်းကို လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

## ဈေးကွက်ဝင် မြစ်ကြီးနား နာနတ်သီး

နာနတ်သီး၏ အရသာကို လူအများ ကြိုက်နှစ်သက်ကြပြီး အသီး၏ အရောင်အဆင်းမှာလည်း ဆွဲဆောင်မှုရှိသောကြောင့် စားသုံးသူများကြိုက်နှစ်သက်စွာ စားသုံးလေ့ရှိသည့် ရာသီပေါ် သီးနှံတစ်မျိုးဖြစ်သည်။ နာနတ်သီးသည် ဗီတာမင်စီများစွာ ပါဝင်သောကြောင့် ခုခံစွမ်းအားကို မြင့်မားစေပြီး ရေဓာတ်ကိုလည်း ပြန်လည်ဖြည့်တင်းပေးသည့်အပြင် ကျန်းမာရေးနှင့် အလှအပရေးရာအတွက်လည်း ကောင်းမွန်သော အသီးဖြစ်သည်။

မိုးရာသီအစ ဇွန်လနှောင်းပိုင်းတွင် ရာသီပေါ် သီးနှံတစ်မျိုးဖြစ်သည့် မြစ်ကြီးနား နာနတ်သီးများ လှိုင်လှိုင်ထွက်ပေါ်လာပြီး ဈေးကွက်အတွင်း ရောင်းချလျက်ရှိသည်။ မြစ်ကြီးနားဒေသထွက် နာနတ်သီးသည် အရသာချိုမွှေး၍ မျက်ဆံတိမ်သောကြောင့် ဈေးကွက်အတွင်းတွင် နာမည်ရသော သီးနှံဖြစ်သည်။

မြစ်ကြီးနားဒေသထွက် နာနတ်သီးကို မန်ခိန်၊ ရွှေပြည်သာ၊ နန်ကျင်၊ နောင်နန်း၊ ရွှေစက်ဒေသများရှိ စိုက်ပျိုးရေးခြံများ ယာခင်းများတွင် တစ်နိုင်တစ်ပိုင်စိုက်ပျိုးကြသည်။ မြစ်ကြီးနား နာနတ်သီးများ ထွက်ပေါ်လာသည်နှင့် သီးနှံကုန်သည်များအနေဖြင့် အခင်းပြတ် ဝယ်ယူမှုရှိသလို အလုံးလိုက် ဝယ်ယူမှုများလည်းရှိသည်။ အခင်း ပြတ်ဝယ်ယူရာတွင် အခင်းအတွင်း အသီးအရေအတွက်အပေါ် မူတည်၍ အပင်ရေ ၂၀၀၀ ပါ အခင်းကွက်အား ကျပ် ၅၅၀၀၀၀၀ မှ ၆၀၀၀၀၀၀ အထိ ဝယ်ယူနေပြီး အလုံးလိုက်ဝယ်ယူရာတွင် အလုံး အကြီးအသေး အလိုက် ကျပ် ၃၀၀၀ မှ ၄၀၀၀ အထိ ဝယ်ယူ ကြောင်း သီးနှံကုန်သည်တစ်ဦးထံမှ သိရသည်။

ဈေးကွက်အတွင်းတွင် မြစ်ကြီးနားဒေသထွက် နာနတ်သီးအကြီး တစ်လုံးလျှင် ကျပ် ၄၅၀၀ မှ ၅၀၀၀ အထိ၊ အသေး တစ်လုံးလျှင် ကျပ် ၃၅၀၀ မှ ၄၀၀၀ အထိ အရောင်းအဝယ်ဖြစ်လျက် ရှိကြောင်း၊ ဈေးကွက်အနေဖြင့် မြစ်ကြီးနား နာနတ်သီးများကို ဖားကန့်၊ မိုးကောင်း၊ မိုးညှင်း၊ တနိုင်းမြို့များသို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**သီတာဖြိုး (ကချင်)**

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီ ဈေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ဇွန် ၃၀ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၂၄ နိုင်ငံအနက် ဖိလစ်ပိုင် နိုင်ငံသည် ယခုတစ်ပတ်တွင် ၁၀ ဒသမ ၆၀ ရာခိုင်နှုန်းဖြင့်ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး ရဝမ်ဒါနိုင်ငံတွင် ၁၀ ဒသမ ၄၀ ရာခိုင်နှုန်း၊ မြန်မာနိုင်ငံတွင် ၅ ဒသမ ၇၀ ရာခိုင်နှုန်းနှင့် လက်ဘနွန်နိုင်ငံတွင် ၅ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများမြင့်တက်ခဲ့ပြီး ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံ ၄၅ နိုင်ငံရှိကြောင်း တွေ့ရှိရသည်။

Global Petrol Prices Website ၏ ဇွန် ၃၀ ရက် ဖော်ပြချက်၌ ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ ဟောင်ကောင်၊ ဘူတန်၊ ခရိုအေးရှား၊ ဒိန်းမတ်၊ ကင်ညာ၊ မိုနာကို၊ အီဂျစ် နှင့် သီရိလင်္ကာ စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၅၀ နိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်နေကြောင်း တွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဗီယက်နမ်၊ ထိုင်း၊ အီတလီ၊ မော်လ်ဒိုဗာ၊ နော်ဝေ၊ လူဇင်ဘတ်၊ ပီရူး၊ ဆွီဒင်၊ အာဂျင်တီးနား၊ နိုင်ဂျီးရီးယားနှင့် ဇမ်ဘီယာ စသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၂၉ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၁၀ ဒသမ ၇၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ဇွန်လ ၃၀ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဖိလစ်ပိုင် နိုင်ငံတွင် ၁၀ ဒသမ ၆၀ ရာခိုင်နှုန်း၊ မြန်မာနိုင်ငံတွင် ၅ ဒသမ ၇၀ ရာခိုင်နှုန်းနှင့် အင်ဒိုနီးရှားနိုင်ငံတွင် ၃ ဒသမ ၆၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ဗီယက်နမ်နိုင်ငံတွင် သုည ဒသမ ၆၀ ရာခိုင်နှုန်းနှင့် ထိုင်းနိုင်ငံတွင် ၁ ဒသမ ၃၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ဇွန် ၃၀ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၂၄ နိုင်ငံအနက် ပနားမားနိုင်ငံသည် ယခုတစ်ပတ်တွင် ၁၀ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံများဖြစ်ခဲ့ပြီး ဖိလစ်ပိုင် နိုင်ငံ တွင် ၉ ဒသမ ၇၀ ရာခိုင်နှုန်း၊ မြန်မာနိုင်ငံတွင် ၈ ဒသမ ၉၀ ရာခိုင်နှုန်းနှင့် လက်ဘနွန်နိုင်ငံတွင် ၈ ဒသမ ၈၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်း မြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၄၈ နိုင်ငံရှိကြောင်း တွေ့ရှိရပါသည်။

Global Petrol Prices Website ၏ ဖော်ပြချက်၌ ယခုတစ်ပတ်အတွင်း ကမ္ဘောဒီးယား၊ လာအို၊ စင်ကာပူ၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ ဟောင်ကောင်၊ အာဖဂန်နစ္စတန်၊ အာမေးနီးယား၊ ဘူတန်၊ ဒိန်းမတ်၊ အီဂျစ်၊ အီသီယိုးပီးယား၊ ကင်ညာ၊ မိုနာကို၊ သီရိလင်္ကာနှင့် ဇင်ဘာဘွေ စသည့် နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၅၀ နိုင်ငံတွင် ယခင်အပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဒီဇယ်ဈေးနှုန်း တည်ငြိမ်နေကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် အိုက်စလန်၊ နော်ဝေ၊ ဂရိ၊ စပိန်၊ မော်ရိုကို၊ အက်စ်တိုးနီးယား၊ ဘယ်ဂျီယံ၊ လူဇင်ဘတ်၊ နိုင်ဂျီးရီးယား၊ အာဂျင်တီးနားနှင့် ဆွီဒင် စသည့် နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၂၆ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၈ ရာခိုင်နှုန်းထိ ဈေးနှုန်း ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ဇွန် ၃၀ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဖိလစ်ပိုင်နိုင်ငံတွင် ၉ ဒသမ ၇၀ ရာခိုင်နှုန်း၊ မြန်မာနိုင်ငံတွင် ၈ ဒသမ ၉၀ ရာခိုင်နှုန်း၊ အင်ဒိုနီးရှားနိုင်ငံတွင် ၄ ဒသမ ၂၀ ရာခိုင်နှုန်း၊ မလေးရှားနိုင်ငံတွင် ၂ ဒသမ ၅၀ ရာခိုင်နှုန်းနှင့် ဗီယက်နမ်နိုင်ငံတွင် ၁ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။ အာဆီယံနိုင်ငံများ၏ ဇွန် ၃၀ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး– အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၁.၀၂ | ၀.၈၇ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၇၉ | ၀.၈၅ |
| ၃ | ထိုင်း | လီတာ | ၁.၃၃ | ၀.၉၈ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၈၃ | ၀.၇၅ |
| ၅ | စင်ကာပူ | လီတာ | ၂.၁၅ | ၁.၉၇ |
| ၆ | မလေးရှား | လီတာ | ၀.၄၉ | ၀.၆၉ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၀၉ | ၁.၀၄ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၁၀ | ၀.၈၉ |
| ၉ | လာအို | လီတာ | ၁.၂၆ | ၀.၈၄ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

DOT (P&S)

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယ နိုင်ငံတို့၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး– အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၀၈ | ၀.၉၅ |
| ၂ | ဂျပန် | လီတာ | ၁.၂၁ | ၁.၀၇ |
| ၃ | အိန္ဒိယ | လီတာ | ၁.၁၈ | ၁.၀၆ |

ပြည်တွင်းဈေးကွက်အတွင်း ရောင်းချလျက်ရှိသော စက်သုံးဆီဈေးနှုန်းများမှာ ဇူလိုင် ၃ ရက်တွင် အောက်တိန်း-92 တစ်လီတာလျှင် ကျပ် ၃၁၄၀၊ အောက်တိန်း-95 တစ်လီတာလျှင် ကျပ် ၃၂၁၀၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၂၇၃၀ နှင့် ပရီမီယံဒီဇယ်တစ်လီတာလျှင် ၃၃၈၅ ကျပ် အသီးသီးဈေးနှုန်းများဖြင့် ရောင်းချလျက်ရှိကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆ ဈေးနှုန်းများအား လေ့လာရာတွင် ကလေးမြို့တွင် ဓာတ်ဆီတစ်လီတာလျှင် ကျပ် ၄၃၆၀ ၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၃၈၈၀၊ ဟားခါးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၃၆၁၀၊ ဒီဇယ်တစ်လီတာလျှင် ၃၁၃၅ ကျပ်ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး ပြည်မြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၂၉၅၅ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၂၄၅၀ ကျပ်၊ ရန်ကုန်မြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၃၂၁၀၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၂၇၃၀ ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ ပြည်တွင်းစက်သုံးဆီ ဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဓာတ်ဆီ တစ်လီတာလျှင် ၁၈၀ ကျပ်ဈေးနှုန်းနှင့် ဒီဇယ် တစ်လီတာလျှင် ကျပ် ၂၅၀ ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

# မြစ်သားမြို့နယ်၌ ချည်မျှင်ရှည်ဝါများ စတင်ထွက်ရှိ

မန္တလေးတိုင်းဒေသကြီး ၊ ကျောက်ဆည်ခရိုင်အတွင်းတွင် စပါး၊ ပဲ၊ ပြောင်း၊ ကြက်သွန်နှင့် ငရုတ် သီးနှံများအပြင် ဈေးကွက်ဝယ်လိုအားရှိပြီး လူအသုံးအဆောင်ဖြစ်သော အဝတ်အထည်များ ရက်လုပ်ရန်အတွက် ဝါသီးနှံကိုလည်း စိုက်ပျိုးလျက်ရှိသည်။ခရိုင်အတွင်း ဝါ ကို ၅၇၆၁ ဧက စိုက်ပျိုးခဲ့ပြီး မြစ်သားမြို့နယ်တွင် ချည်မျှင်ရှည်ဝါ ၄၁၆၁ ဧက စိုက်ပျိုးမှုရှိကြောင်း ဇွန်လ တတိယပတ်မှစတင်၍ ဝါများ စတင်ထွက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

ဝါစိုက်ထွက်ရှိသောရွာများမှာ ကွခရာ၊ ဆင်သည်၊ သပြေတောင်းရွာများဖြစ်ပြီး ဝါစိုက်ပျိုးမှုအနေဖြင့် ဘောင်စနစ်ဖြင့်အတန်းလိုက်စိုက်ပျိုးကြောင်း၊ ဝါစိုက်ပျိုးမှုတွင် မျိုးအနေဖြင့် ငွေချည်-၆၊ ရွှေတောင် - ၈ မျိုးများကို အများဆုံး စိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးထုပ်(၂-၃)ထုပ်အထိ ကုန်ကျကြောင်း၊ မျိုးတစ်ထုပ်ဈေးနှုန်းမှာ ကျပ် ၆၅၀၀၀-၇၀၀၀ ဈေးဖြင့် ဝယ်ယူစိုက်ပျိုးရကြောင်း၊ စိုက်ပျိုးစရိတ် အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် စုစုပေါင်း ကျပ် ၅၀၀၀၀၀ ခန့် ကုန်ကျကြောင်း သိရ သည်။

ယခင်နှစ် အထွက်နှုန်းအနေဖြင့် ပိဿာ ၃၀၀-၄၀၀ ခန့်ထွက်ရှိခဲ့ပြီး ဝါတစ်ပိဿာလျှင် ကျပ် ၃၂၀၀ ဖြင့် ရောင်းချခဲ့သောကြောင့် စိုက်ပျိုး စရိတ်နုတ်ပြီး ကျပ် ၆၂၀၀၀၀ ဝန်းကျင်ခန့် မြတ်ခဲ့ကြောင်း၊ ဝါဈေးနှုန်းအနေဖြင့် ယခုလက်ရှိပေါက်ဈေး ဝါအသစ် တစ်ပိဿာလျှင် ကျပ် ၃၂၀၀-၃၅၀၀၊ ဂွမ်းအသစ် တစ်ပိဿာလျှင် ကျပ် ၇၅၀၀-၈၀၀၀၊ ဝါအဟောင်း တစ်ပိဿာလျှင် ကျပ် ၄၀၀၀၊ ဂွမ်းအဟောင်းတစ်ပိဿာလျှင် ကျပ် ၉၈၀၀-၁၀၀၀၀ တို့ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် မြို့ပေါ် ပွဲရုံများ တိုက်ရိုက်တင်ပို့ရောင်းချကြကြောင်း ၊ ပွဲရုံများမှတစ်ဆင့် ဝါစက်များ၊ ရုံများနှင့် မန္တလေး စက်မှုဇုန်(၁)သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ဝါအထွက်နှုန်း ကောင်းမွန်ရန်နှင့် တောင်သူအကျိုးအမြတ်ပိုမိုဖြစ်ထွန်းရန်အတွက် မျိုးရိုးဗီဇ မှန်ကန်သောမျိုးများနှင့် ဝါဖျက်ပိုးဒဏ်ခံနိုင်သောမျိုးများ အာမခံချက်ပေးနိုင်ရန် သက်ဆိုင်ရာဌာန၏ ပံ့ပိုးမှုများ လိုအပ်လျက်ရှိကြောင်း ဝါစိုက်ပျိုးသော တောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**Mdydoca၊ မော်မော်အောင်**



# မြစ်သားမြို့နယ်၌ နနွင်းများ စတင်စိုက်ပျိုး

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်သည် ဆည်ရေသောက် ဒေသတစ်ခုဖြစ်ပြီး သီးနှံမျိုးစုံကို ရာသီအလိုက် စိုက်ပျိုးလျက်ရှိရာ စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သော နနွင်းကိုလည်း တောင်သူများ အများဆုံးစိုက်ပျိုးလာကြသည်။

မြို့နယ်အတွင်း နနွင်းများကို မေနှင့်ဇွန်လများတွင် စတင်စိုက်ပျိုးလျက်ရှိပြီး တစ်ဧက မျိုးအနေဖြင့် နနွင်းတက် ၁၅ တင်းစိုက်ပျိုးပြီး နနွင်းခေါင်း စိုက်ပျိုးပါက ၃၀-၃၅တင်း စိုက်ပျိုးရကြောင်း၊ နနွင်းတက်မျိုးတစ်တင်းလျှင် ကျပ် ၁၅၀၀၀ ဈေးရှိပြီး တစ်ဧက ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်း၂၅ သိန်းကျပ်ခန့် ကုန်ကျကြောင်းသိရသည်။

တောင်သူများမှာ နနွင်းခင်းများအတွင်း နှမ်းများလည်း သီးညှပ်စိုက်ပျိုးကြကြောင်း၊ သိုတန်၊ ဒါးရဲကောင်းနှင့် စပယ်တောကျေးရွာများတွင် အများဆုံး စိုက်ပျိုးကြကြောင်း၊ နနွင်းစိုက်ပျိုးမှုကို ဘောင်စိုက်စနစ်ဖြင့် စိုက်ပျိုးကြကြောင်းသိရသည်။

ယခင်နှစ် ဈေးနှုန်းအနေဖြင့် နနွင်းတက်အစို၂၅ တင်းလျှင် ကျပ် ၅၃၀၀၀၀ ဖြင့် ရောင်းဝယ်ခဲ့ပြီး တစ်ဧကအထွက်နှုန်းမှာ နနွင်းအစို ၃၂၅ တင်းခန့် ထွက်ရှိခဲ့ကြောင်း၊ နနွင်းတစ်တင်းလျှင် ကျပ် ၂၀၀၀၀ ဖြင့် ရောင်းချခဲ့သောကြောင့် ကျပ်သိန်း ၄၀ ခန့်မြတ်ကြောင်း၊ ယခုအချိန်တွင် နနွင်းများ မထွက်သေးဘဲ ဖေဖော်ဝါရီလတွင် စတင်ထွက်ရှိမည်ဖြစ်ကြောင်း သိရသည်။

ယခုလက်ရှိ နနွင်းတက် အခြောက်တစ်ပိဿာလျှင် ကျပ် ၁၂၅၀၀၊ နနွင်းမှုန့် တစ်ဘူးလျှင် ကျပ် ၂၀၀၀ ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း၊ ထွက်ရှိချိန်တွင် ပွဲစားများမှ အခင်းထဲသို့ တိုက်ရိုက်လာရောက်ဝယ်ယူလျက်ရှိပြီး ပွဲစားများမှ နနွင်းများကို ရေနွေးဖျောကာ အခြောက်လှန်း၍ ပွဲရုံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Mdydoca, မော်မော်အောင်**

# ပခုက္ကူမြို့ ပဲမျိုးစုံ ဈေးနှုန်းဈေးကွက်

မြင့်မြင့်သန်း(ပခုက္ကူ)

ဇွန်လ စတုတ္ထပတ်တွင် ကုလားပဲမျိုးစုံမှာ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်၍ အရောင်းအဝယ်ဖြစ် လျက်ရှိပြီး ဈေးနှုန်းအနေဖြင့် (V2)တစ်တင်းလျှင် ကျပ် ၈၉၀၀၀-၈၈၅၀၀၊ ကုလားပဲ(V6) တစ်တင်းလျှင် ကျပ် ၉၀၀၀၀-၈၈၀၀၀၊ ကုလားပဲ(HL) တစ်တင်းလျှင် ကျပ် ၈၇၀၀၀၊ ကုလားပဲ(929) တစ်တင်းလျှင် ကျပ် ၈၈၀၀၀ ဖြစ်ခဲ့ပြီး ပွဲရုံဈေးကွက်တွင် နေ့စဉ် ပိဿာ ၂၀ ဝင်အိတ် (၁၅၀၀ မှ ၂၀၀၀) ခန့်ထိ အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။ ဒေသတွင်း ဝယ်ယူသုံးစွဲမှုအပြင် ရန်ကုန်၊ မန္တလေး ဈေးကွက်သို့ အများဆုံးတင်ပို့ကြောင်း၊ ကုလားပဲသီးနှံသည် ကျန်းမာရေးနှင့်ညီညွတ်ပြီး ပြည်တွင်းစားသုံးမှုများ၍ ယခုအချိန်တွင် ရောင်းလိုအား ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် သွက်လျက်ရှိကြောင်း မြို့ပေါ်ရှိ ပဲရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးထံမှ သိရသည်။

**စားတော်ပဲ**

ပခုက္ကူမြို့ ပဲဈေးကွက်တွင် ပြည်တွင်းစားသုံးမှု မြင့်မားလျက်ရှိသော စားတော်ပဲများ တက်ဈေးဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရှိရသည်။ ယခုနှစ်သီးနှံပေါ်ချိန် ဖေဖော်ဝါရီလစတုတ္ထပတ်အစောပိုင်းမှစ၍ ယောနယ်ဒေသထွက် ကျွန်းစားတော်ပဲ (အသစ်)များ ပွဲရုံဈေးကွက်တွင် စတင်ဝင်ရောက် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်သို့ ကျွန်းစားတော်ပဲ စိုက်ပျိုးမှုများသော ပခုက္ကူ မြစ်ခြေ၊ ကမ္မ၊ ဂန့်ဂေါ၊ ထီးလင်း၊ ဆော၊ ကျောက်ထု၊ လောင်းရှည်ဒေသများနှင့် ပေါက်၊ ဆိပ်ဖြူမြို့မှ ထွက်ရှိသော စားတော်ပဲများပွဲရုံများသို့ နေ့စဉ် ဝင်ရောက်ကြောင်း၊ သီးနှံ (အသစ်)ပေါ်ချိန်တွင် ဈေးအေး၍ အရောင်းအဝယ်ဖြစ်ပြီး ပြည်တွင်းစားသုံးမှုများ၍ စားတော်ပဲဈေး တရိပ်ရိပ်မြင့်တက်ပြီး အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

ဈေးနှုန်းအနေဖြင့် ဇွန်လ စတုတ္ထပတ်တွင် (ကျွန်း)စားတော်ပဲ တစ်တင်းလျှင် ကျပ် ၁၇၀၀၀၀- ၁၆၅၀၀၀၊ (ယော)စားတော်ပဲ တစ်တင်းလျှင် ကျပ် ၁၂၀၀၀၀-၁၃၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ပြီး မေလ စတုတ္ထပတ်တွင် ကျွန်းစားတော်ပဲ တစ်တင်းလျှင် ကျပ် ၁၃၆၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့၍ ဈေးနှုန်းနှိုင်းယှဉ်ပါက တစ်လအတွင်း စားတော်ပဲ တစ်တင်းလျှင် ကျပ် ၂၀၀၀၀ခန့်ဈေး တက်လာကြောင်း သိရသည်။ အရောင်းအဝယ် ဖြစ်မှုအနေဖြင့် ပွဲရုံဈေးကွက်သို့ တစ်ရက်လျှင် ကျွန်းစားတော်ပဲ သီးနှံ(အသစ်) ပိဿာ ၃၀ ဝင်အိတ်၅၀ မှ ၁၀၀ အထိ ဝင်ရောက် အရောင်းအဝယ်ဖြစ်ကြောင်း၊ ပြည်တွင်းစားသုံးမှုအနေဖြင့် မြန်မာ လူမျိုးများ သည် စားတော်ပဲသီးနှံကို မြန်မာ့ရိုးရာ အစားအစာအဖြစ် နေ့စဉ် စားသုံးကြကြောင်း သိရသည်။



**ပဲကြီး**

မေလအစောပိုင်းမှစတင်၍ ပဲကြီးဈေးနှုန်း မြင့်တက်လာပြီး ပဲကြီးတစ်တင်းလျှင် ကျပ် ၁၁၅၀၀၀-၉၅၀၀၀-၈၇၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ပြီး မေလစတုတ္ထပတ်တွင် ပဲကြီးတစ်တင်းလျှင် ကျပ် ၁၀၀၀၀၀- ၈၀၀၀၀- ၇၇၀၀၀ဖြစ်၍ တစ်လအတွင်း ပဲကြီးတစ်တင်းလျှင် ကျပ် ၁၅၀၀၀ ခန့် ဈေးမြင့်တက်လာကြောင်း၊ ပဲကြီးမှာ ပြည်တွင်းစားသုံးမှုများသော ပဲတစ်မျိုးဖြစ်ပြီး ဈေးကွက်ဝယ်လိုအားနှင့် ပဲလက်ကျန် အနည်းအများပေါ် မူတည်ပြီး ဈေးနှုန်း အတက်အကျရှိကြောင်း၊ ဇွန်လစတုတ္ထပတ်တွင် ပဲကြီးဈေးနှုန်း မြင့်တက်လာကြောင်း သိရသည်။

**မြေပဲ**

ပခုက္ကူပွဲရုံဈေးကွက်တွင် ဖြစ်ပေါ်နေသော မြေပဲဈေးနှုန်းများမှာ ဇွန်လစတုတ္ထပတ်တွင် မြေပဲဈေးကွက်ကျဆင်း၍ အရောင်းအဝယ်ဖြစ်ကြောင်း၊ မြေပဲအတောင့် (အခြောက်) တစ်ပိဿာလျှင် ကျပ် ၅၀၀၀ - ၄၅၀၀ - ၄၀၀၀၊ မြေပဲလုံးဆန်နီ တစ်ပိဿာလျှင် ကျပ် ၉၃၀၀-၉၂၀၀၊ မြေပဲလုံးဆန်ဖြူ တစ်ပိဿာလျှင် ကျပ် ၉၅၀၀-၉၃၀၀၊ ဆီဆန်တစ်ပိဿာလျှင် ကျပ်၈၄၀၀-၆၈၀၀၊ ဆုံမြေပဲဖတ် (အခွေ) တစ်ပိဿာလျှင် ကျပ် ၄၅၀၀-၄၀၀၀ ၊ စက်ပဲ ဖတ် တစ်ပိဿာလျှင် ကျပ် ၄၇၀၀-၄၆၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်မေလ စတုတ္ထပတ်နှင့် ဈေးနှုန်းနှိုင်းယှဉ်ပါက မြေပဲဆန် တစ်ပိဿာလျှင် ကျပ် ၄၀၀၊ ပဲဖတ်တစ်ပိဿာ ကျပ် ၁၅၀ ဈေးနှုန်းလျော့ကျခဲ့ကြောင်း သိရသည်။

**မတ်ပဲ**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်အတွင်းရှိပခုက္ကူဈေးကွက်၌ ဇွန်လ စတုတ္ထပတ်တွင် မတ်ပဲဈေးတက်ပြီး မတ်ပဲတစ်တင်းလျှင် သီးနှံအရည်အသွေးလိုက်၍ ကျပ် ၁၀၀၀၀၀ - ၉၀၀၀၀ ဈေးရှိပြီး ယခင်မေလ စတုတ္ထပတ်က ကျပ် ၈၅၀၀၀-၈၃၀၀၀ ဖြစ်ခဲ့၍ တစ်လအတွင်း မတ်ပဲတစ်တင်းလျှင် ကျပ် ၁၅၀၀၀ ခန့် ဈေးနှုန်းမြင့်တက်လာကြောင်း သိရှိရသည်။ မတ်ပဲသီးနှံသည် ပြည်တွင်း စားသုံးမှုနည်းသော်လည်း ပြည်ပနိုင်ငံများမှ ဝယ်လိုအားကောင်းသော သီးနှံတစ်မျိုးဖြစ်၍ ဈေးကွက်ခိုင်မာမှုရှိကြောင်း ပဲဈေးကွက်မှ သိရသည်။

**ပဲတီစိမ်း**

ပခုက္ကူခရိုင်အတွင်းရှိ ပခုက္ကူ၊ မြိုင်၊ ပေါက်၊ ရေစကြို၊ ဆိပ်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ပဲတီစိမ်းသီးနှံကို မိုးနှင့်ဆောင်းနှစ်ရာသီစိုက်ပျိုးကြပြီး ယခုနှစ်တွင် နွေပဲတီစိမ်း စိုက်ဧက ၂၀၀၀၀ ခန့် စိုက်ပျိုးထားကြောင်း သိရသည်။ နွေပဲတီစိမ်းကို ဖေဖော်ဝါရီလကုန် မတ်လဆန်းတွင် စတင်စိုက်ပျိုးပြီး ဇွန်လဆန်းပိုင်းတွင် လှိုင်လှိုင်ထွက်ပေါ်ကြောင်း၊ ဈေးနှုန်းအနေဖြင့် သီးနှံပေါ်စ ဇွန်လဆန်းပိုင်းတွင် ပဲတီစိမ်းတစ်တင်းလျှင် ကျပ် ၁၃၅၀၀၀-၁၃၀၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ဇွန်လ စတုတ္ထပတ်တွင် ပဲတီစိမ်း တစ်တင်းလျှင် ကျပ် ၁၂၀၀၀၀-၁၁၅၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး တစ်ဧက အကျိုးအမြတ်အနေဖြင့် ငွေကျပ် ၁၀၀၀၀၀၀ ခန့်ရရှိကြောင်း သိရသည်။

**ပဲစင်းငုံ**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူဈေးကွက်၌ ဇွန်လ စတုတ္ထပတ်တွင် ပဲစင်းငုံသီးနှံများ ဈေးပြန်လည်မြင့်တက်ပြီး အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။ သီးနှံပေါ်စ ဇန်နဝါရီလတွင် တစ်တင်းလျှင် ကျပ် ၁၂၆၅၀၀-၁၂၂၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာ ပြည်ပဈေးကွက် ဝယ်လိုအားနည်း၍ ဈေးအေးနေကြောင်း သိရသည်။

ဖေဖော်ဝါရီလတွင် ပဲစင်းငုံနီ တစ်တင်းလျှင် ကျပ် ၉၃၀၀၀-၉၂၀၀၀၊ မတ်လတွင် ကျပ် ၉၄၅၀၀-၉၃၀၀၀၊ ဧပြီလတွင် ကျပ် ၉၃၀၀၀-၉၂၆၀၀၊ မေလတွင် ကျပ် ၇၈၀၀၀-၇၅၀၀၀၊ ဇွန်လ စတုတ္ထပတ်တွင် တစ်တင်းလျှင် ကျပ် ၈၆၀၀၀-၈၅၀၀၀ ဖြင့် ဈေးပြန်လည်မြင့်တက်ပြီး အရောင်းအဝယ်ဖြစ်သည်။ ဈေးကွက်သို့ ကုန်ဝင်သလောက် အရောင်းအဝယ်ဖြစ်ကြောင်း၊ ပခုက္ကူဈေးကွက်သို့ ဝင်ရောက်လာသည့် ပဲစင်းငုံနီများကို ရန်ကုန်၊ မန္တလေးဈေးကွက်သို့ တင်ပို့ပြီး ထိုမှတစ်ဆင့် အိန္ဒိယနိုင်ငံသို့ တင်ပို့လျက်ရှိကြောင်း၊ ပဲစင်းငုံသီးနှံသည် ပြည်ပို့ကုန် ပဲတစ်မျိုးဖြစ်၍ ဈေးကွက် ဝယ်လိုအားပေါ် မူတည်ပြီး နေ့စဉ်နှင့်အမျှ ဈေးနှုန်းပြောင်းလဲမှုများရှိကြောင်း သိရသည်။

**ကုလားပဲ**

ယခုအချိန်တွင် တောင်သူများတွင် သီးနှံလက်ကျန် နည်းချိန်ရောက်ရှိပြီး ကုန်သည်ကြီးများမှ ဝယ်ယူသိုလှောင်ထားရှိသော ကုလားပဲများကို ရောင်းချဖြန့်ဖြူးလျက်ရှိကြောင်း သိရသည်။

# မော်လမြိုင် ဘိလပ်မြေ၊ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးနှင့် ရော်ဘာ ဈေးနှုန်းဈေးကွက်

**ဘိလပ်မြေ**

မော်လမြိုင်မြို့၌ ဇွန်လ စတုတ္ထပတ်တွင် ဘိလပ်မြေဈေးကွက်မှာ အရောင်းအဝယ် ပုံမှန်ရှိနေပြီး ဈေးနှုန်း တည်ငြိမ်နေကြောင်းသိရှိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ် ပုံမှန်ဖြစ်နေသောဈေးမှာ ယခုပတ်တွင် (အပါချီ) တစ်အိတ်လျှင် ကျပ် ၂၅၀၀၀၊ ကြံ့အသစ်(အပြာ) တစ်အိတ်လျှင် ကျပ် ၂၄၃၅၀၊ ကြံ့တံဆိပ်(အဝါ) တစ်အိတ်လျှင် ကျပ် ၂၅၀၀၀၊ ကြံ့နှစ်ကောင်(အနီ) တစ်အိတ်လျှင် ကျပ် ၂၄၅၀၀ ဖြင့် အရောင်းအဝယ် ဖြစ်နေပြီး မော်လမြိုင်မြို့၌ ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးဈေးနှုန်းမှာ အရောင်းအဝယ်ပုံမှန်ရှိနေပြီး ဈေးနှုန်းတည်ငြိမ်နေကြောင်း သိရသည်။

**ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး**

ဇွန်လစတုတ္ထပတ်တွင် ကွန်ပေါင်း (မြန်မာ့သြဘာ ရွှေကောမက်) 15:15:15 50kg ပါ တစ်အိတ်လျှင် ကျပ် ၁၅၂၀၀၀၊ ကွန်ပေါင်း 20:12:12 50kg ပါတစ်အိတ်လျှင် ကျပ် ၁၆၀၀၀၀၊ ကွန်ပေါင်း (Thai Grow How) 15:15:15 50kg ပါ တစ်အိတ်လျှင် ကျပ် ၂၂၀၀၀၀၊ ပုလဲ(အသေး) ၄၆% မြန်မာ (MPE) 50kg ပါတစ်အိတ် လျှင် ကျပ် ၇၀၀၀၀၊ ပုလဲ(အကြီး) ၄၆% ထိုင်း(မြင်းပျံ) 50kg ပါတစ်အိတ်မှာ ကျပ် ၁၂၅၀၀၀၊ ပုလဲအသေး တရုတ်(ရွှေတောင်) 50kg ပါတစ်အိတ်လျှင် ကျပ် ၁၀၀၀၀၀၊ ပိုတက် (အာမို) 50kg ပါတစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀၊ ပိုတက်(မြန်မာ့သြဘာ) 50kg ပါ တစ်အိတ်လျှင် ကျပ် ၁၃၂၀၀၀၊ တီစူပါ(သံကွင်း) 50kg ပါတစ်အိတ်လျှင် ကျပ် ၁၅၀၀၀၀၊ ပိုးသတ်ဆေး အမျိုးအစားဖြစ်သည့် မာလာမြိုင် ဆိုက်ပါ ၁၀% (သီးရွက်စုံ) 100cc တစ်ပုလင်းလျှင် ကျပ် ၆၀၀၀ မာလာမြိုင်ဆိုက်ပါ ၁၀% (သီးရွက်စုံ) 500cc တစ်ပုလင်းလျှင် ကျပ် ၂၂၀၀၀၊ ဖျူရာဒါန် ၅ ဂျီ (မြန်မာ့သြဘာ) 1 Kg ပါ တစ်ထုပ်၊ ကျပ် ၁၅၀၀၀၊ အဆီဖိတ်(ခရု) မြန်မာ့သြဘာ 500kg ပါ တစ်ထုပ် ကျပ် ၄၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**ရော်ဘာ**

မွန်ပြည်နယ်အတွင်းရှိ ရော်ဘာအဝယ်ဒိုင်များအနေဖြင့် အပတ်စဉ် အရောင်းအဝယ်ပုံမှန်ရှိနေသည်။ ရော်ဘာဈေးနှုန်းမှာ အဖွင့်ရာသီတွင် RSS-3 တစ်ပေါင်လျှင် ကျပ် ၃၅၀၀ ရှိခဲ့ပြီး ဇွန် ၂၅ ရက်မှ ၃၀ ရက်ထိဈေးနှုန်းမှာ မော်လမြိုင်မြို့တွင် RSS-3 တစ်ပေါင်လျှင် ကျပ် ၂၇၈၀၊ ကျိုက်မရောမြို့တွင် ကျပ် ၂၈၀၀၊ မုဒုံမြို့တွင် ကျပ် ၂၈၈၀၊ ချောင်းဆုံမြို့တွင် ကျပ် ၂၆၈၀၊ သံဖြူဇရပ်တွင် ကျပ် ၂၇၀၀ ဈေးဖြစ်ပေါ်နေပြီး ယခင်တစ်ပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက တစ်ပေါင်လျှင် ကျပ်၃၀ ခန့် ဈေးတက်လာသည်။ ယခင်နှစ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါကလည်း တစ်ပေါင်လျှင် ကျပ်၅၀၀ ခန့် ဈေးတက်လာခဲ့သည်။ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ သယ်ယူခနှုန်းထားမှာ 50kg ပါ တစ်ထုပ်လျှင် ကျပ်၃၂၀၀၊ ရော်ဘာ တစ်တန်လျှင် ကျပ် ၆၄၀၀၀ ဖြင့်လည်းကောင်း မော်လမြိုင်မှ မန္တလေးသို့ သယ်ယူခနှုန်းထားမှာ 50 kgပါ တစ်ထုပ်လျှင် ကျပ် ၄၂၀၀၊ ရော်ဘာတစ်တန်လျှင် ကျပ် ၈၄၀၀၀ ဖြင့် သယ်ယူပို့ဆောင်ပေးရကြောင်း၊ မိုးရာသီ ရောက်ရှိလာပြီဖြစ်သောကြောင့် ရော်ဘာခြံရှင်များအနေဖြင့် အစေးလှီးခြင်းကို ရပ်နားထားကြသဖြင့် အပတ်စဉ် အရောင်းအဝယ်ပုံမှန် ရှိနေသော်လည်း ရော်ဘာတစ်ပေါင်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ဈေးနှုန်း အနည်းငယ် မြင့်တက်လာကြောင်း ကုန်သည်များထံမှ သိရသည်။

အောင်မြင့်မြတ် (မွန်)




# SHWE WAH YAUNG Agriculture Production Co.,ltd.



Office : Nya/73, Yuzana Street, Bayint Naung (1) Ward, Mayangone Township, Yangon, Myanmar.

Ph : 01-3684437~38, 01-3680803, 01-3686158, 01-3686251 Fax : 01-3686251

Warehouse : No(465/A), Corner of Yaw Ah Twin Wun U Pho Hlaing Street & Kannar Street, Shwe Lin Pan Industrial Zone, Hlaing Tharyar Township, Yangon, Myanmar.

Ph : 01-3684437~38, 01-3680803, 01-3686158, 01-3686251 Fax : 01-3686251

website : www.swymyanmar.com, Email : eximdept@swymyanmar.com, thaungtike@swymyanmar.com

## AUNG NAING THITSAR GROUP OF COMPANIES

## RICE WHOLE SUPPLY CHAIN




## MULTI MODEL TRANSPORT & LOGISTICS



## RICE CONTRACT FARMING



Dagon Center II, Pyay Road,
No. 268 Room 14(C,E),
14th Floor, Sanchaung Township,
Yangon, Myanmar.

+95 1 2317836
+95 1 2317837
+95 1 2314053
+95 1 2314054

ant.bdmanager@aungnaingthitsar.com
export@aungnaingthitsar.com
export2@aungnaingthitsar.com

# SSS International Retail Business

## လက်အောက်ရှိ ဖွင့်လှစ်ထားသော လုပ်ငန်းခွဲများ

**Easy mart** — More than a Mart

ရန်ကုန်မြို့အတွင်း
ဆိုင်ခွဲပေါင်း (၂၃) ဆိုင်ကို
ဖွင့်လှစ်ကာ ပိုကုန်၊ သွင်းကုန်
ပစ္စည်းအစုံကို အရည်အသွေး
ပြည့်မီစွာရောင်းချ ပေးနေပါသည်။

**MAXI မက်(ခ်)စီ Wholesale**

ရန်ကုန်မြို့ မြောက်ဒဂုံမြို့နယ်
ပင်လုံလမ်းမပေါ်တွင်
Wholesale Center တစ်ခု
အဖြစ် ဖွင့်လှစ်ကာ
စားသောက်ကုန် ၊ လူသုံးကုန် အမျိုး
ပေါင်းများစွာကို လက်လီလက်ကား
ရောင်းချပေးလျက်ရှိပါသည်။

**Easy supermarket**

မော်ဘီမြို့ ပြည်လမ်းမပေါ်နှင့် ရန်ကုန်မြို့
သံသုမာ လမ်းမပေါ် ၊ သုဝဏ္ဏအပိုင်း တို့တွင်
ဆိုင်ခွဲ (၂)ဆိုင် ဖြင့် ဖွင့်လှစ်ထားသော
Easy Supermarket တွင်
ပိုကုန် သွင်းကုန် ပစ္စည်းအစုံ အဝတ်အထည်
အမျိုးမျိုး တို့ကို အရည်အသွေးပြည့်မီစွာဖြင့်
ရောင်းချပေးလျက်ရှိပါသည်။

# ဆင်နှစ်ကောင် အော်ဂဲနစ်ဓာတ်မြေဩဇာ

## Two Elephant Organic Chemical Fertilizer

| | |
|---|---|
| နိက်ထရိုဂျင် | ၁၀% |
| ဖော့စဖိုရပ် | ၃% |
| ပိုတက်ဆီယမ် | ၃% |

အော်ဂဲနစ်အာဟာရဓာတ်
၁၀% ထည့်သွင်းထားပြီး
မြေဆီလွှာကိုပြုပြင်ပေးသည်

စိတ်ချယုံကြည်စွာသုံး
ဆင်နှစ်ကောင်သည်သာ အကောင်းဆုံး







မြန်မာ့ရေမြေသဘာဝနှင့် ကိုက်ညီသော အာဟာရဓာတ်များ အချိုးအစားမှန်ကန်စွာထည့်သွင်းဖော်စပ်ထားသည့် "ဆင်နှစ်ကောင်" အော်ဂဲနစ်ဓာတ်မြေဩဇာသည် စပါး၊ ကြံ၊ ပဲ၊ ပြောင်း၊ သီးပင်စားပင်များတွင် စိတ်ချယုံကြည်စွာသုံးစွဲနိုင်ပါသည်။ မြေဆီလွှာကို ပြုပြင်ပေးပြီး ကုန်ကျမှုသက်သာ၍ အထွက်တိုးစေမည်။




Majestic Myanmar Group Trading Co.,Ltd တင်သွင်းခွင့်လိုင်စင် (တသ-၄၃၀၆) ဖြင့် ကိုယ်တိုင်ထုတ်လုပ်တင်သွင်းသည်။
ဖြန့်ဖြူးခွင့်လိုင်စင် ၅၁၆ ဖြင့် KT Home Mart မှ ဖြန့်ဖြူးသည်။

09 5559777 - 09 965361407 - 09 5036217



Golden World
One Stop Energy Solution
After Sale Service မှာ စိတ်ချရတာ
Golden World ပါ
Golden World
One Stop Energy Solutions
No-(7), 14 Qtr, Thanthuma St, South Okkalapa, Yangon, Myanmar.
+959 44470 1742 / 09 777 224 114

PULSES EXPRESS COMPANY LIMITED
Pulses Express Co.,Ltd - Yangon, Myanmar
Your Trusted Partner in Pulses Trade & Logistics
♦ FOB & CFR Purchasing Options
♦ Freight Booking Services Available
♦ Reliable Coordination from Origin to Destination
♦ Competitive Rates Timely Shipments Global Network
Specializing in : Mung Beans, Black Eye Beans, Red Kidney Beans & more
Based in Myanmar - Serving Global Markets
Contact us today for your trade inquires :
+95-9250075609/9974274232
pulsesexpress@gmail.com
#604,6th Floor, No.062, Bandula Road, Budling (B), Ocean Super Centre Pazundaung Township 11171, Myanmar
Email Address: pulsesexpress@gmail.com




ဝူးဂျယ်စိုက်ပျိုးရေး ကုမ္ပဏီလီမိတက်
WUJEL AGRICULTURAL COMPANY LIMITED
No (1/25), Pagoda Road (1) Street, AungZabu Quarter, Zabuthiri Township, Naypyitaw

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖြစ်ပေါ်နေသော စပါး၊ ဆန်ဈေးနှုန်းများ အခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဇွန်လနောက်ဆုံးပတ်တွင် ဖြစ်ပေါ်နေသော စပါး/ဆန်ဈေးနှုန်းများမှာ ရွှေဘိုခရိုင်တွင် ရေဘိုပေါ်ဆန်း (စပါး)(သစ်) တင်း ၁၀၀ လျှင် ကျပ် ၄၅၀၀၀၀၀၊ ပေါ်ဆန်း (ဆန်)(သစ်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၅၀၀၀၀၊ ဧရာမင်း (စပါး)(သစ်) တင်း ၁၀၀လျှင် ကျပ် ၂၅၀၀၀၀၀၊ ဧရာမင်း ဆန် (သစ်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ရေဦးခရိုင်တွင် ပေါ်ဆန်း (စပါး)(သစ်) တင်း ၁၀၀ လျှင် ၄၅၀၀၀၀၀၊ ပေါ်ဆန်း (ဆန်)(သစ်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၅၀၀၀၀၊ ဧရာမင်း (စပါး)(သစ်) တင်း ၁၀၀ လျှင် ကျပ် ၂၅၀၀၀၀၀၊ ဧရာမင်းဆန် (သစ်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ကလေးခရိုင်တွင် ဧည့်မထ(စပါး)(သစ်) တင်း ၁၀၀ လျှင် ကျပ် ၁၇၀၀၀၀၀၊ ဧည့်မထ (ဆန်)(သစ်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၆၈၀၀၀၊ ဧရာမင်း(စပါး)(သစ်) တင်း ၁၀၀ လျှင် ကျပ် ၂၁၀၀၀၀၀၊ ဧရာမင်း(ဆန်)(သစ်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၈၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

မုံရွာခရိုင်တွင် ဧရာမင်း(စပါး)(ဟောင်း) တင်း ၁၀၀ လျှင် ကျပ် ၂၈၅၀၀၀၀၊ ဧရာမင်း (ဆန်)(ဟောင်း) ၂၄ပြည် တစ်အိတ်လျှင် ကျပ် ၁၃၅၀၀၀၊ ဧရာမင်း (စပါး) (သစ်) တင်း ၁၀၀ လျှင် ကျပ် ၂၆၀၀၀၀၀၊ ဧရာမင်းဆန် (သစ်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၃၀၀၀၀၊ ရွှေဘိုပေါ်ဆန်း (စပါး)(သစ်) တင်း ၁၀၀ လျှင် ကျပ် ၄၅၀၀၀၀၀၊ ရွှေဘိုပေါ်ဆန်း (ဆန်)(သစ်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁၅၀၀၀၀၊ မနောသုခ (စပါး)(သစ်)တင်း ၁၀၀ လျှင် ကျပ် ၁၉၀၀၀၀၀၊ မနောသုခ (ဆန်)(သစ်) ၂၄ပြည် တစ်အိတ်လျှင် ကျပ် ၈၃၀၀၀၊ ရွှေဝါထွန်း (စပါး)(သစ်)တင်း ၁၀၀ လျှင် ကျပ် ၂၁၀၀၀၀၀၊ ရွှေဝါထွန်း (ဆန်)(သစ်) ၂၄ပြည် တစ်အိတ်လျှင် ကျပ် ၉၀၀၀၀၊ ရွှေသွယ်ရင် (စပါး)(သစ် ) တင်း ၁၀၀ လျှင် ကျပ် ၂၀၀၀၀၀၀၊ ရွှေသွယ်ရင် (ဆန်)(သစ်) ၂၄ပြည် တစ်အိတ်မှာ ကျပ် ၈၃၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်နေပြီး မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ထုတ်ပြန်သည့် စိုက်ပျိုးသူတောင်သူများ အပါအဝင် ကုန်သွယ် ရောင်းဝယ်သိုလှောင်ကြသူများအထိ သင့်တင့်မျှတသော ရည်ညွှန်းဈေးနှုန်းများအပေါ် မူတည်၍ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရွှေဘိုမြို့နယ်နှင့် မုံရွာမြို့နယ်တို့မှ ရွှေဘိုပေါ် ဆန်း (စပါး)ဈေးနှုန်းမှာ ဝယ်လက်များနေ ချိန်ဖြစ်သောကြောင့် ဈေးနှုန်းအနည်းငယ် မြင့်တက်လျက်ရှိကြောင်း သိရသည်။

**ငြိမ်းကို (မုံရွာ)**

စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ
(၃၀-၆-၂၀၂၅)ရက်နေ့မှ (၆-၇-၂၀၂၅)ရက်နေ့အထိ ရည်ညွှန်းဈေးနှုန်းထုတ်ပြန်ရန်
ခန့်မှန်းကုန်ကျစရိတ်စာရင်းနှင့် အရင်းဈေးတွက်ချက်မှု

| | |
|---|---|
| Quantity (MT) | 1000 |
| CIF Price (USD/MT) | 1068 |
| ငွေလဲနှုန်း | 3094 |
| Customs ငွေလဲနှုန်း | 2100 |

| စဉ် | အကြောင်းအရာ | တွက်ချက်နှုန်း | ၁၀၀၀ တန် ကုန်ကျစရိတ် | (၁) ပိဿာကုန်ကျစရိတ် |
|---|---|---|---|---|
| ၁ | သွင်းကုန်လိုင်စင်ကြေး | | 93,600 | 0.15 |
| ၂ | TT ဘဏ်စရိတ်ငွေလွှဲခ | 1000 MT x CIF x ငွေလဲနှုန်း x 0.125% | 4,130,490 | 6.74 |
| ၃ | စားအုန်းဆီအလျော့ | 1000 MT x 0.5% x CIF x ငွေလဲနှုန်း | 16,521,960 | 26.98 |
| ၄ | ဆီကန်သိုလှောင်ထိန်းသိမ်းခ | 1000 MT x 612.39 Viss x MMK 20 | 12,247,800 | 20.00 |
| ၅ | ကုန်သွယ်လုပ်ငန်းခွန် | 1000 MT x CIF x Customs ငွေလဲနှုန်း x 5% | 112,140,000 | 183.12 |
| ၆ | MITS စစ်ဆေးခ | 1000 MT x MMK 600 | 600,000 | 0.98 |
| ၇ | FDA + Lab Test | | 440,000 | 0.72 |
| ၈ | ဆိပ်ကမ်းကပ်ခ | 1000 MT x USD 3.15 x ငွေလဲနှုန်း | 9,746,100 | 15.91 |
| ၉ | ဆီအသင်းရန်ပုံငွေ | 1000 MT x MMK 600 | 600,000 | 0.98 |
| ၁၀ | Agent fee | | 250,000 | 0.41 |
| ၁၁ | ကန်ပြောင်းစရိတ် | 1000 MT x 612.39 Viss x MMK 45 | 27,557,550 | 45.00 |
| ၁၂ | အထွေထွေကုန်ကျစရိတ် | 1000 MT x 612.39 Viss x MMK 70 | 42,867,300 | 70.00 |
| ၁၃ | ဘဏ်အတိုးနှုန်း | 1000 MTx CIF x ငွေလဲနှုန်း x 1.333% | 44,047,545 | 71.93 |
| | **အထွေထွေစရိတ်ပေါင်း** | | **271,242,345** | **442.92** |
| ၁၄ | CIF Cost (1000 MT x CIF Price x ငွေလဲနှုန်း) | | **3,304,392,000** | **5,395.89** |
| | **စရိတ်စုစုပေါင်း** | | **3,575,634,345** | **5,838.82** |



# ပခုက္ကူမြို့တွင် ဖြစ်ပေါ်နေသော ဆန် ဈေးနှုန်းဈေးကွက်

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့သည် ဆန်စပါး စိုက်ဧက နည်းပြီး ဆန်လိုအပ်သော ဒေသတစ်ခုဖြစ်ပြီး အခြားတိုင်းဒေသကြီးများမှ ဆန်တင်သွင်းရသော မြို့လည်းဖြစ်သည်။ ပခုက္ကူမြို့သို့ ဆန်တင်သွင်းသောဒေသများမှာ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပုသိမ်၊ မြောင်းမြ၊ စစ်ကိုင်းတိုင်း ဒေသကြီးအတွင်းရှိ ရွှေဘို၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ ဆင်ဖြူကျွန်း၊ စလင်း၊ ပွင့်ဖြူ ကုန်းဆောင်းဒေသများမှ ဝင်ရောက် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ပခုက္ကူမြို့၏ လူအများဆုံး စားသုံးသောဆန်များမှာ ဧရာပဒေသာ (မြောင်းမြ)၊ ဧရာပဒေသာ(စလင်း)၊ အမေ့နို့ရည်၊ ကုန်းဆောင်း၊ မနောသုခ၊ ဖန်သီး(ရှယ်)တို့မှာ လူကြိုက်အများဆုံး ဆန်များဖြစ်ကြသည်။ ယခင်က ပခုက္ကူခရိုင်အတွင်းသို့ ဧရာဝတီတိုင်းဒေသကြီးမှ ရေလမ်းခရီးဖြင့် နေ့စဉ် ဆန်ဝင်ရောက်မှုမှာ တစ်ရက်လျှင် အိတ်ရေ ၁၂၀၀၀ ရှိပြီး ယခုအချိန်တွင် တစ်ပတ်လျှင် အိတ်ရေ ၁၂၀၀၀-၁၃၀၀၀၊ စစ်ကိုင်းတိုင်းဒေသကြီးမှ တစ်ရက်လျှင် အိတ်ရေ ၁၀၀၀ ဝင်ရောက်လျက်ရှိကြောင်း၊ ယခုအချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီးမှ တစ်ပတ်လျှင် အိတ်ရေ ၈၀၀ မှ ၁၂၀၀ ထိ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ပခုက္ကူမြို့၏ ဆန်ဈေးနှုန်းအနေဖြင့် ဇွန်လ နောက်ဆုံးပတ်တွင် ဧရာပဒေသာ(မြောင်းမြ)ဟောင်း တစ်အိတ်လျှင် ကျပ် ၁၃၅၀၀၀၊ ကုန်းဆောင်း တစ်အိတ်လျှင် ကျပ် ၁၄၅၀၀၀၊ ဖန်သီး(ရှယ်)တစ်အိတ်လျှင် ကျပ် ၉၄၀၀၀၊ မနောသုခ တစ်အိတ်လျှင် ကျပ်၈၇၀၀၀၊ ရက်(၉၀)တစ်အိတ်လျှင် ကျပ် ၉၀၀၀၀၊ ဝန်ကြီး ဧရာပဒေသာ တစ်အိတ်လျှင် ကျပ် ၁၃၅၀၀၀၊ အုန်းသျှစ်ကြီး တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀၊ ရွှေဘိုပေါ်ဆန်း တစ်အိတ်လျှင် ကျပ် ၁၆၀၀၀၀၊ သီးထပ်(ရှယ်)တစ်အိတ်လျှင် ကျပ် ၉၉၀၀၀၊ အမေ့နို့ရည် တစ်အိတ်လျှင် ကျပ် ၁၅၀၀၀၀ တို့ဖြင့် ရောင်းချလျက်ရှိကြောင်း ဆန်ကုန်သည်များထံမှ သိရသည်။

**လှိုင်ဥမ္မာဦး (ပခုက္ကူ)**

# ပုဇွန်တောင်ဈေးအတွင်း အခြေခံစားသောက်ကုန် ဈေးနှုန်းများအခြေအနေ

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် ပုဇွန်တောင်ဈေးအတွင်း အခြေခံစားသောက် ကုန်ဈေးနှုန်းများဖြစ်သော ဆန်ကြမ်း၊ ဆန်ချော အမျိုးအစားများအလိုက် ဇွန်လ နောက်ဆုံးပတ်တွင် ဧည့်မထ တစ်ပြည်လျှင် ကျပ် ၃၂၀၀ မှ ၄၀၀၀ ထိ၊ ငစိန်တစ်ပြည်လျှင် ကျပ် ၂၆၀၀၊ ဇီယာတစ်ပြည်လျှင် ကျပ် ၃၁၀၀ မှ ၃၄၀၀ ထိ၊ ပေါ်ကွဲ တစ်ပြည်လျှင် ကျပ် ၄၇၀၀၊ ပုသိမ်ပေါ်ဆန်း တစ်ပြည်လျှင် ကျပ် ၅၀၀၀၊ ဖျာပုံပေါ်ဆန်းတစ်ပြည်လျှင် ကျပ် ၄၈၀၀၊ ရွှေဘိုပေါ်ဆန်းမွှေး တစ်ပြည်လျှင် ကျပ် ၆၅၀၀ မှ ၆၇၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။



စားဖိုဆောင်သုံး စားသောက်ကုန်များတွင် ဆီ(စားအုန်းဆီ) တစ်ပိဿာ ကျပ် ၆၄၅၀၊ ပဲဆီ တစ်ပိဿာ ကျပ် ၂၁၀၀၀၊ ကြက်သွန်နီ တစ်ပိဿာ ကျပ် ၂၄၀၀၊ ကြက်သွန်ဖြူ(ရှမ်း)တစ်ပိဿာ ကျပ် ၁၂၀၀၀၊ (အမြွှာ) တစ်ပိဿာ ကျပ် ၁၂၀၀၀၊ (ဥတစ်လုံး) တစ်ပိဿာ ကျပ် ၂၃၀၀၀ တို့ဖြစ်ပြီး အာလူးတစ်ပိဿာ ကျပ် ၄၂၀၀၊ နန္နွင်းမှုန့် တစ်ပိဿာ ကျပ် ၁၅၀၀၀၊ နန္နွင်းတက် တစ်ပိဿာ ကျပ် ၉၀၀၀၊ အိုင်အိုဒင်းဆားတစ်ပိဿာ ကျပ် ၂၅၀၀၊ ရိုးရိုးဆား တစ်ပိဿာ ကျပ် ၂၀၀၀၊ မန်ကျည်းသီးမှည့် တစ်ပိဿာ ကျပ် ၁၀၀၀၀၊ ငရုတ်တောင့်(ရှည်) တစ်ပိဿာ ကျပ် ၁၂၀၀၀၊ ငရုတ်တောင့်(ပု) တစ်ပိဿာ ကျပ် ၁၉၀၀၀၊ မြန်မာပဲနီလေးတစ်ပိဿာ ကျပ် ၁၅၀၀၀၊ ပဲဝါလေး တစ်ပိဿာ ကျပ် ၅၀၀၀၊ ကုလားပဲခြမ်းတစ်ပိဿာ ကျပ် ၇၀၀၀၊ ချင်း တစ်ပိဿာ ကျပ် ၇၀၀၀ တို့ဖြစ်ကြောင်း သိရသည်။

အသား/ငါးဈေးနှုန်းများမှာ မွေးမြူရေးကြက်တစ်ပိဿာ ကျပ် ၂၁၀၀၀၊ မြန်မာကြက်တစ်ပိဿာ ကျပ် ၃၂၀၀၀၊ ဝက်သားတစ်ပိဿာ ကျပ် ၃၄၀၀၀၊ ဘဲသား တစ်ပိဿာ ကျပ် ၃၀၀၀၀၊ ဆိတ်သား တစ်ပိဿာ ကျပ် ၄၂၀၀၀၊ အမဲသားတစ်ပိဿာ ကျပ် ၃၀၀၀၀၊ ငါးကြင်း တစ်ပိဿာ ကျပ် ၂၂၀၀၀၊ ငါးမြစ်ချင်း တစ်ပိဿာ ကျပ် ၁၂၀၀၀၊ ရေချိုငါးခူ တစ်ပိဿာ ကျပ် ၂၇၀၀၀၊ မွေးမြူရေးငါးခူ တစ်ပိဿာ ကျပ် ၂၂၀၀၀၊ ပုစွန်တုပ် (ကြီး)တစ်ပိဿာ ကျပ် ၆၀၀၀၀၊ ပုစွန်တုပ် (လတ်)တစ်ပိဿာ ကျပ် ၅၀၀၀၀၊ ပုစွန်ကျော့ တစ်ပိဿာ ကျပ် ၃၀၀၀၀၊ ငါးတန်တစ်ပိဿာ ကျပ် ၁၅၀၀၀၊ ပင်လယ်ငါး တစ်ပိ သာ ကျပ် ၁၀၀၀၀၊ ငါးရံ့တစ်ပိဿာ( ကျပ် ၃၅၀၀၀၊ ငါးကျည်း တစ်ပိဿာ ကျပ် ၃၀၀၀၀၊ ရေချိုငါးသလောက် တစ်ပိဿာ ကျပ် ၃၅၀၀၀၊ ပုစွန်ခြောက် (ကြီး)တစ်ပိဿာ ကျပ် ၁၅၀၀၀၀၊ ပုစွန်ခြောက်(လတ်)တစ်ပိဿာ ကျပ် ၁၂၀၀၀၀၊ ပုစွန်ခြောက်(သေး) တစ်ပိဿာ ကျပ် ၁၀၀၀၀၀၊ ငါးရံ့ ခြောက် တစ်ပိဿာ ကျပ် ၉၀၀၀၀၊ ငါးကျည်းခြောက် တစ်ပိဿာ ကျပ် ၉၅၀၀၀၊ ငါးပိကောင်တစ်ပိဿာ ကျပ် ၁၈၀၀၀၊ အာပြဲခြောက် တစ်ပိဿာ ကျပ် ၃၂၀၀၀ တို့ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်များမှာ ကန်စွန်းရွက် တစ်စည်း ကျပ် ၈၀၀၊ ချဉ်ပေါင်ရွက် တစ်စည်း ကျပ် ၂၅၀၊ ဂေါ်ဖီထုပ် တစ်ထုပ်ကျပ် ၂၅၀၀၊ ခရမ်းချဉ်သီး တစ်ပိဿာ ကျပ် ၅၀၀၀၊ ခရမ်းသီး တစ်လုံး ကျပ် ၃၅၀၊ ဘူးသီးတစ်လုံး ကျပ် ၃၅၀၀၊ ရှောက်သီး တစ်လုံး ကျပ် ၁၂၀၀၊ မုန်လာဥ တစ်စည်း ကျပ် ၁၀၀၀ တို့ဖြစ်ကြောင်း သိရသည်။

ဆန်နှင့် စားအုန်းဆီမှာ ရည်ညွှန်းဈေးအပေါ် အခြေခံ ရောင်းချရသော ဈေးနှုန်းများဖြစ်ပြီး အသား/ငါးများမှာ ယခင်လထက် ဈေးနှုန်း အနည်းငယ်တက်ပြီး၊ အခြားစားဖိုဆောင်သုံးကုန်ပစ္စည်းများမှာ ယခင်လထက် ဈေးနှုန်းအနည်းငယ်ကျကြောင်း သိရသည်။

**DOCA (ရန်ကုန်)**

## အမှတ် (၃၆)အကြီးစားစက်ရုံ(ကျောက်ဆည်)မှ တစ်ရက်လျှင် ဘိလပ်မြေ တန် ၅၀၀၀ အမြန်ဆုံး ထွက်ရှိနိုင်ရေး ဆောင်ရွက်မည်

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည် စက်မှုနယ်မြေရှိ အမှတ် (၃၆)အကြီးစားစက်ရုံ (ကျောက်ဆည်) နှင့် မြစ်သား မြို့နယ်ရှိ အမှတ်(၇)အထည်စက်ရုံတို့မှ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများအား စစ်ဆေးပြုပြင်လျက်ရှိပြီး ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်လျက်ရှိရာ အမှတ် (၃၆)အကြီးစားစက်ရုံ (ကျောက်ဆည်)မှ တစ်ရက်လျှင် ဘိလပ်မြေ တန် ၅၀၀၀ အမြန်ဆုံး ထွက်ရှိနိုင်ရေး ဆောင်ရွက်သွားမည်ဟု သိရသည်။

အဆိုပါအမှတ် (၃၆)အကြီးစားစက်ရုံ (ကျောက်ဆည်) အနေဖြင့် ငလျင်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် လူနေအဆောက်အအုံများ၊ လမ်း ၊တံတားများ စက်ရုံအလုပ်ရုံများ သာသနိက အဆောက်အအုံများအား ပြုပြင်မှုများ ဆောင်ရွက်နိုင်ရေး လိုအပ်သည့် ဘိလပ်မြေများ ဖြည့်တင်းပေးနိုင်ရေး၊ လည်ပတ်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

စက်ရုံအနေဖြင့် ဇွန် ၁၂ ရက်တွင် မီးသင်းဖိုနှင့် ဘိလပ်မြေစက်ရုံတို့အား လည်ပတ်၍ တစ်ရက်လျှင် ဘိလပ်မြေ တန်ချိန် ၂၀၀၀ စတင်ထွက်ရှိနေပြီဖြစ်သော်လည်း သတ်မှတ်စက်စွမ်းအားဖြစ်သည့် တစ်ရက်လျှင် တန် ၅၀၀၀ အမြန်ဆုံး ထွက်ရှိနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် အမှတ်(၇)အထည်စက်ရုံ(မြစ်သား)မှ ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများအား ပြုပြင်လျက်ရှိပြီး ချည်မျှင်များ ထုတ်လုပ်လျက်ရှိပြီး စက်ရုံအနေဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ထုတ်လုပ်ရန် လျာထားပြီးဖြစ်ရာ လျာထားချက်များပြည့်မီအောင် ဆောင်ရွက်နိုင်ရန် စက်ရုံအမြန်လည်ပတ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်ရာ စက်ရုံမလည်ပတ်ခင် စက်ရုံတွင် တပ်ဆင်ထားသည့် စက်ပစ္စည်းကိရိယာများအား ကျွမ်းကျင်ပညာရှင်များဖြင့် စစ်ဆေးပြီးမှသာ စက်ရုံလည်ပတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

## တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျောက်မျက်ရတနာလုပ်ငန်း လိုင်စင်ပေါင်း ၅၆၀၀ ကျော် ထုတ်ပေးထား

တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျောက်မျက်ရတနာလုပ်ငန်းနှင့် သက်ဆိုင်သည့် လုပ်ငန်းလိုင်စင်ပေါင်း ၅၆၀၀ ကျော် ထုတ်ပေးထားကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သိရသည်။

ကျောက်မျက်ရတနာ လုပ်ငန်း ဆောင်ရွက်နေသူများအနေဖြင့် ကျောက်မျက်လုပ်ငန်းလိုင်စင်များကို မြန်မာ့ကျောက်မျက်ရတနာ ရုံးချုပ်(နေပြည်တော်)နှင့် ရန်ကုန်၊ မန္တလေး မြို့ကြီးများနှင့် မိုင်းရှူးမြို့တို့ရှိ မြန်မာ့ကျောက်မျက်ရတနာရုံးခွဲများတွင် လျှောက်ထားနိုင်ပြီး လက်ရှိအချိန်ထိ ကျောက်မျက်ရတနာလုပ်ငန်းနှင့် သက်ဆိုင်သည့် လုပ်ငန်းလိုင်စင် ၅၆၇၈ ကျော် ထုတ်ပေးထားပြီးဖြစ်သည်။

ကျောက်မျက်ရတနာ ရောင်းဝယ်ခြင်းလုပ်ငန်း ဆောင်ရွက်လိုသူများ အနေဖြင့်လုပ်ငန်းလိုင်စင်များ လျှောက်ထားနိုင်ပြီး အသက်(၁၈)နှစ်ပြည့်ပြီး မြန်မာနိုင်ငံသား မည်သူမဆို မိမိတို့ ဆောင်ရွက်လိုသည့် လုပ်ငန်းအလိုက် လိုင်စင်များကို လျှောက်ထားရယူနိုင်မည်ဖြစ်သည်။

လိုင်စင် လျှောက်ထားရာတွင် စတင် လျှောက်ထားသူများအတွက် တစ်နှစ်သက်တမ်း ခွင့်ပြုပေးပြီး သက်တမ်းမကုန်မီ သုံးလအလိုတွင် သက်တမ်းတိုးမြှင့်နိုင်မည်ဖြစ်သည်။ လိုင်စင်သက်တမ်းတိုးရာတွင် လျှောက်ထားသူ၏ ဆန္ဒအပေါ် မူတည်ပြီး လိုင်စင် တစ်နှစ်ဖြစ်စေ၊ နှစ်နှစ် ဖြစ်စေ၊ သုံးနှစ်ဖြစ်စေ တိုးမြှင့်နိုင်မည်ဖြစ်ပြီး သက်တမ်းတိုးဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ပြည်တွင်း အခွန်ဦးစီးဌာနမှ အခွန်ကင်းရှင်းကြောင်း ထောက်ခံချက်ဖြင့် သက်တမ်းတိုးရမည်ဖြစ်ကြောင်း သိရသည်။

## ဇွန်လအတွင်း စက်သုံးဆီလုပ်ငန်းရှင်များအား အမေရိကန်ဒေါ်လာ ရောင်းချပေးမှု သန်း ၂၀၀ နီးပါးရှိ

ပြီးခဲ့သည့်လအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားငွေကြေးဈေးကွက် (FX Trading Platform) တွင် စက်သုံးဆီလုပ်ငန်းရှင်များအား အမေရိကန်ဒေါ်လာ ရောင်းချပေးမှု သန်း ၂၀၀ နီးပါးအထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားငွေကြေးဈေးကွက် (FX Trading Platform) တွင် စက်သုံးဆီလုပ်ငန်းရှင်များအား ဇွန် ၄ ရက်တွင် အမေရိကန်ဒေါ်လာ သန်း ၃၀ အား လည်းကောင်း၊ ဇွန် ၁၀ ရက်တွင် အမေရိကန်ဒေါ်လာ ၃၂ သန်းအား လည်းကောင်း၊ ဇွန် ၁၇ ရက်တွင် အမေရိကန်ဒေါ်လာ သန်း ၃၀ အား လည်းကောင်း၊ ဇွန် ၁၀ ရက်တွင် အမေရိကန်ဒေါ်လာ ၃၂ သန်းအား လည်းကောင်း၊ ဇွန် ၁၇ ရက်တွင် အမေရိကန်ဒေါ်လာ ၃၃ သန်းအား လည်းကောင်း၊ ဇွန် ၂၃ ရက်တွင် အမေရိကန်ဒေါ်လာ သန်း ၃၀ အားလည်းကောင်း အသီးသီး ရောင်းချပေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံခြားငွေကြေးဈေးကွက် (FX Trading Platform) တွင် စားသုံးဆီနှင့် အခြားကုန်စည်များ တင်သွင်းသည့် လုပ်ငန်းရှင်များအတွက် CMP လုပ်ငန်းများသို့ ဝင်ရောက်သည့် နိုင်ငံခြားငွေမှ တစ်ရက်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၂ဒသမ၂ သန်းခန့် နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားငွေကြေးဈေးကွက်တွင် စက်သုံးဆီလုပ်ငန်းရှင်များအား အမေရိကန်ဒေါ်လာ သန်း ၁၀၀ ပံ့ပိုးပေးရန် စီစဉ်ထားကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းရှင်များအတွက် အမေရိကန်ဒေါ်လာများ ဆက်တိုက်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ယခုလအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ် အနေဖြင့် နိုင်ငံခြားငွေကြေးဈေးကွက်(FX Trading Platform) တွင် စက်သုံးဆီလုပ်ငန်းရှင်များအတွက် ပထမဦးဆုံးအကြိမ်အဖြစ် အမေရိကန်ဒေါ်လာ ၃၃ သန်း ရောင်းချပေးခဲ့ကြောင်း သိရသည်။

## ဆန်စပါး ကုန်စည်ဒိုင်များမှ တစ်ပတ်လျှင် သုံးရက် ပြည်သူများအား ဆန် ရောင်းချပေးမည်

ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)တွင် ဆန်ရောင်းချခြင်း အစီအစဉ်အား အင်္ဂါနေ့၊ ဗုဒ္ဓဟူး၊ ကြာသပတေးနေ့များတွင် တစ်ပတ်လျှင် သုံးရက် ရောင်းချပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ အသိပေးထားကြောင်း သိရသည်။

မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဆန်စပါးကုန်စည်ဒိုင်များမှ သက်သာသော နှုန်းထားဖြင့် ဆန်ရောင်းချပေးခြင်းအစီအစဉ်အား ယခင်က အပတ်စဉ် ဗုဒ္ဓဟူးနှင့် ကြာသပတေးနေ့များတွင် ရောင်းချပေးခဲ့သော်လည်း ယခုအခါတွင် အင်္ဂါနေ့၊ ဗုဒ္ဓဟူး၊ ကြာသပတေးနေ့ သုံးရက် တိုးမြှင့်ရောင်းချပေးမည်ဖြစ်သည်။

ဆန်ရောင်းချပေးခြင်း အစီအစဉ်အား နံနက် ၁၁ နာရီမှ ညနေ ၃ နာရီထိ ရန်ကုန်မြို့ ဝါးတန်းလမ်းနှင့် ကိုင်းတန်းလမ်းကြား လမ်းမတော်မြို့နယ် ရန်ကုန်မြို့ရှိ ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)တွင် ရောင်းချသွားမည်ဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ရန်ကုန်မြို့တွင်းတွင်လည်း သက်သာသောနှုန်းထားဖြင့် ဆန်များအား လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

## အိန္ဒိယကုန်စည်ပြပွဲ၌ ပါဝင်ပြသရန် မြန်မာလုပ်ငန်းရှင်များကို ဖိတ်ခေါ်

၂၀၂၅-၂၀၂၆ ခုနှစ် အိန္ဒိယအပြည်ပြည်ဆိုင်ရာ မီဂါ ကုန်စည်ပြပွဲတွင် ပါဝင်ပြသရန် မြန်မာစီးပွားရေးလုပ်ငန်းရှင်များကို ဖိတ်ခေါ်ထားကြောင်း မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့မှ သိရသည်။

ယင်းပြပွဲကို လာမည့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၅ ရက်မှ ၂၅ ရက်အထိ အိန္ဒိယနိုင်ငံ၊ ကိုလ်ကတ္တားမြို့တွင် အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် G.S Marketing Association တို့ ပူးပေါင်းကျင်းပသွားမည်ဖြစ်သည်။

ပြပွဲတွင် လူသုံးကုန်ပစ္စည်း၊ အလှကုန်ပစ္စည်း၊ စားသောက်ကုန်၊ အဝတ်အထည်၊ အထည်အလိပ်၊ အိမ်အသုံးအဆောင်ပစ္စည်း၊ မီးဖို ချောင်သုံးပစ္စည်း၊ လက်ဝတ်ရတနာများနှင့် စက်ပစ္စည်းများ စသည့် ကုန်ပစ္စည်းမျိုးစုံကို နိုင်ငံပေါင်း ၁၈နိုင်ငံမှ ကုမ္ပဏီများနှင့် လုပ်ငန်းများမှ ပါဝင်ပြသသွားမည်ဖြစ်သည်။

သို့ဖြစ်ရာ ကုန်စည်ပြပွဲမှာ ပါဝင်ပြသလိုသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲတွင် ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က ထုတ်ပြန်ထားပြီး မြန်မာနိုင်ငံအတွက် ပြခန်းအရေအတွက်အလိုက် လျှော့ဈေး ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ ရရှိမည်ဖြစ်ကြောင်း သိရသည်။

ကိုတိုး - စုစည်းသည်

## ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းကို ကျေးရွာယူနစ်ပေါင်း ၅၆ ယူနစ် တိုးချဲ့ ဆောင်ရွက်မည်

ယခု ဘဏ္ဍာနှစ်အတွင်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီးနှင့် ပြည်နယ် ငါးခုတွင် ၅၆ ယူနစ် တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်တွင်းတွင် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းကို ၂၀၂၂-၂၃ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၂၄-၂၅ ဘဏ္ဍာနှစ်အထိ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခုရှိ မြို့နယ်ပေါင်း ၁၀၈ မြို့နယ်၊ ကျေးရွာပေါင်း ၁၅၀ ကျော်တွင် ဖော်ဆောင်နိုင်ခဲ့ပြီးဖြစ်သည်။

ယခုဘဏ္ဍာနှစ်တွင် ငလျင်ဘေးဒဏ်သင့်ဒေသများဖြစ်သည့် နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရန်ကုန်တိုင်းဒေသကြီး အပါအဝင် စုစုပေါင်း တိုင်းဒေကြီးနှင့် ပြည်နယ် ငါးခုတွင် ကျေးရွာယူနစ်ပေါင်း ၅၆ ယူနစ်ကို ထပ်မံတိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပြီးလက်ရှိတွင် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်း လုပ်ငန်းဆောင်ရွက်မည့် ကျေးရွာများကို သက်ဆိုင်ရာက စိစစ်ရွေးချယ်လျက်ရှိကြောင်း သိရသည်။

# “မြန်မာ့လက်မှု ပစ္စည်းတွေကို နိုင်ငံခြားသားတွေက အများဆုံး စိတ်ဝင်စားတာပေါ့”

## ခနအောင် မြန်မာ့လက်မှုပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းပိုင်ရှင် ဦးမောင်မောင်အေးနှင့် တွေ့ဆုံမေးမြန်းခြင်း

**မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များထဲမှ (ပဲ၊ တိမ်၊ တဉ်း၊ တော့၊ ရန်၊ ပု၊ မော့၊ ပွတ်၊ ချီ၊ ယွန်း) ဟူသည့် ရိုးရာလက်မှုအနုပညာဆယ်မျိုးအနက်မှ လက်မှုပညာရပ်အချို့ဖြင့် ထုတ်လုပ်ထားသည့် မြန်မာ့လက်မှုပစ္စည်းများသည် ဈေးကွက်ထဲတွင် လူကြိုက်များလျက်ရှိသည်။ ဈေးနှုန်းအားဖြင့် သက်သာပြီး အရည်အသွေးကောင်းမွန်သည့် မြန်မာမှု Handmade ဖြင့် ထုတ်လုပ်ထားသော ယွန်းထည်၊ သစ်သားထည် ဒီဇိုင်းများအား နိုင်ငံခြားသားအများစုမှ စိတ်ဝင်စားမှုမြင့်မားသလို ပြည်တွင်းမှလည်း ကြိုက်နှစ်သက်မှု မြင့်မားလျက်ရှိသည်။ သို့ဖြစ်ရာ ဈေးကွက်အတွင်း မြန်မာ့လက်မှုပစ္စည်းများအား ဖြန့်ဖြူးပေးလျက်ရှိသည့် ခနအောင် မြန်မာ့လက်မှုပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းပိုင်ရှင် ဦးမောင်မောင်အေးနှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ရပါသည်။**

**မြန်မာ့လက်မှုပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းကို ဘယ်တုန်းက စတင်ပြီး လုပ်ကိုင်ခဲ့တာပါလဲ။**

ဒီလုပ်ငန်းကို ၂၀၁၂ ခုနှစ်မှာ စတင်ပြီးတော့ လုပ်ကိုင်ခဲ့တာပါ။ လက်ရှိအနေအထားကတော့ အရောင်းအဝယ်လေးတွေက မဆိုးဘူးပြောရမှာပေါ့။ ကျွန်တော်ကကျတော့ အနယ်နယ်အရပ်ရပ်က ဒေသတွေဆီက မြန်မာ့လက်မှုပစ္စည်းလုပ်ပြီးသားကို တစ်ဆင့်ပြန်လည် ဖြန့်ဖြူးရောင်းချပေးတာဖြစ်ပါတယ်။ အခုလတ်တလောမှာတော့ ယွန်းထည် မြန်မာ့လက်မှုပစ္စည်းလေးတွေက ဈေးကွက်ထဲမှာ အရောင်းအဝယ်သွက်နေပါတယ်။ ယွန်းနဲ့ လုပ်ထားတဲ့ပစ္စည်းလေးတွေ၊ ဆွမ်းအုပ်၊ နားဆွဲလေးတွေ ကျွန်တော့်ဆီမှာ အစုံရှိပါတယ်။ ဒီမြန်မာလက်မှု ပစ္စည်းလေးတွေက ခေတ်ကာလအခြေအနေအရတော့ ဈေးလေးတွေက သူ့ဈေးနဲ့သူအသင့်အတင့်ရှိပါတယ်။ ဒီပစ္စည်းလေးတွေကို နိုင်ငံခြားသားတွေ အများဆုံး စိတ်ဝင်စားကြသလို တချို့ကျတော့လည်း နိုင်ငံခြားသွားမယ့်သူတွေကနေပြီးတော့ လက်ဆောင်ပေးဖို့အတွက် ဝယ်ကြယူတာတွေလည်း ရှိပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ဘတ်ဂျက်ပေါ်မူတည်ပြီးတော့ ပစ္စည်းလေးတွေကို ထိန်းပြီး တင်ရောင်းရတာပေါ့။ တချို့ပစ္စည်းလေးတွေ ကျတော့လည်း ဟောင်းသွားတာလေးတွေလည်း ရှိတာပေါ့။ အဲဒီအတွက် နောက်ပိုင်းကျတော့ ဆိုင်မှာ ချိန်ပြီးတော့ တင်လို့ရတာပေါ့။



ဒီပစ္စည်းလေးတွေက ဈေးကတော့ အနိမ့်ဆုံး ကျပ် တစ်သောင်းကနေ ကျပ်သိန်း ၂၀၊ ၃၀ အထိ ရှိပါတယ်။ ဈေးရောင်းပွဲတော်တွေမှာလည်း မြန်မာ့လက်မှုပစ္စည်းတွေကို ရောင်းချပေးလျက်ရှိပါတယ်။ ယွန်းထည်ပစ္စည်းရော၊ သစ်သားပစ္စည်းရောကိုတော့ အများဆုံး ဝယ်ယူကြပါတယ်။ မြန်မာလက်မှုပစ္စည်းတွေကို အော်ဒါလည်း မှာလို့ရပါတယ်။ သစ်သားပစ္စည်းပဲဖြစ်ဖြစ် ယွန်းထည်ပစ္စည်းပဲဖြစ်ဖြစ် အဓိကတော့ အချိန်ပါပဲ။ အော်ဒါမှာတဲ့အခါကျရင် အချိန်ပေးနိုင်ရမယ်။ ဒီပစ္စည်းလေးတွေက အရေအတွက်ပေါ်မှာ မူတည်သလို ပစ္စည်းအပေါ်မှာလည်း မူတည်ပြီးတော့ တစ်လကနေ တစ်လခွဲလောက်တော့ ကြာပါတယ်။

**လက်ရှိမှာရော မြန်မာ့လက်မှုပစ္စည်းတွေကို စိတ်ဝင်စားမှု အခြေအနေ ဘယ်လိုရှိပါသလဲ။**

ဒီလိုမျိုး မြန်မာလက်မှုပစ္စည်းတွေကို နိုင်ငံခြားသားတွေကတော့ အများဆုံး စိတ်ဝင်စားတာပေါ့။ လက်ရှိအနေအထားအရလည်း ပြည်တွင်းကလည်း စိတ်ဝင်စားမှု များပြားပါတယ်။ ပြည်တွင်းမှာရှိတဲ့ ကုမ္ပဏီတွေကသော် လည်းကောင်း၊ တစ်ဦးချင်းကသော်လည်းကောင်း သူတို့ရဲ့ ပြည်ပမှာရှိနေတဲ့ ဆွေမျိုးသားချင်း၊ မိတ်ဆွေသူငယ်ချင်းလေးတွေကို လက်ဆောင်ပေးရင်တော့ အဲလိုမျိုး မြန်မာလက်မှုပစ္စည်းတွေကို ဝယ်ကြပါတယ်။ အွန်လိုင်းကနေမှာယူကြတာတွေလည်း များပါတယ်။ အများဆုံးကတော့ သစ်သားပစ္စည်း၊ ယွန်းထည်ပစ္စည်းလေးတွေ တစ်နိုင်တစ်ပိုင်လေးတွေကို မှာယူကြပါတယ်။ သေတ္တာလေးတွေ၊ ဘောပင်ထည့်တဲ့ ခွက်လေးတွေ မှာယူကြပါတယ်။ လက်ရှိဈေးကွက်အနေအထားကတော့ အခုကာလမှာ အရောင်းအဝယ်လေး နည်းနည်းတော့ အေးတာပေါ့။ မိုးတွင်းကာလလည်းဖြစ်သလို ဧည့်သည်လည်း နည်းနည်းရှားတဲ့အချိန် ဖြစ်နေတာကြောင့်ပါ။ ဒါပေမယ့် သူ့ဟာနဲ့သူတော့ အရောင်းအဝယ်တွေက ရှိနေပါတယ်။ ပြည်တွင်းလက်မှု အထည်ပစ္စည်းတွေနဲ့ပတ်သက်ပြီး ဈေးကွက်မြှင့်တင်ဖို့ဆိုရင်တော့ ကုန်ကြမ်းတွေ ဒီပစ္စည်းတွေမှာ သုံးရတဲ့ ဆေးတွေ ဒါလေးတွေကို ဈေးသက်သက်သာသာလေးနဲ့ ရမယ်ဆိုရင်တော့ ပိုပြီးအဆင်ပြေပါတယ်။ ကုန်ကြမ်းရရှိမှု အပိုင်းရယ်၊ ဒီပစ္စည်းတွေမှာ သုံးရတဲ့ ဆေးရဲ့ဈေးနှုန်းလေးတွေရယ် အဲဒါနဲ့ပတ်သက်တဲ့ အခက်အခဲလေးတွေတော့ ရှိပါတယ်။

**ဘယ်လိုမျိုး မြန်မာ့လက်မှုပစ္စည်းတွေကို ဈေးကွက်ထဲ ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသလဲ။**


မြန်မာ့လက်မှုပစ္စည်းလေးတွေကတော့ သစ်သားထဲမှာဆိုရင် Lucky Fish၊ မြင်းရုပ်လေးတွေ ရှိမယ်။ မြင်းအတွဲလေးတွေရှိမယ်။ Lucky Fish ဆိုရင် သေးသေးလေးကနေစပြီး ဆိုဒ်မျိုးစုံရှိပါ

တိုပ္ပ

တယ်။ မြင်းရုပ်ဆိုလည်း ဆိုဒ်စုံ၊ ပုံစံစုံရှိပါတယ်။ နောက်ပြီးတော့ ခြင်္သေ့ရုပ်၊ ဆင်ရုပ်၊ ကျားရုပ်တို့ နောက်ပြီးတော့ ပုဂံသူ အရုပ်လေးတွေလည်းရှိပါတယ်။ ရွက်လှေ၊ နာရီ၊ ယွန်းထည်၊ ဆွမ်းအုပ်လေးတွေ နွားရုပ် ၊ ဇီးကွက်ရုပ် ဒီဇိုင်းအမျိုးမျိုးရှိပါတယ်။

**ဖြည့်စွက်ပြောချင်တာများ ရှိပါသလား။**

ခနအောင် မြန်မာ့လက်မှုပစ္စည်းတွေကို မှာယူချင်တယ်ဆိုရင်တော့ ဖေ့ဘွတ်(Facebook) ပေ့ဂျ်ကသော် လည်းကောင်း၊ ဗိုက်ဘာ(Viber)အက်ပလီကေးရှင်းကနေသော် လည်းကောင်း မှာယူနိုင်ပါတယ်။ လူကိုယ်တိုင် လာရောက်ဝယ်ယူမယ်ဆိုရင်တော့ ရန်ကုန်မြို့က ဝန်ကြီးများရုံးထဲမှာ ရှိပါတယ်။ ပရိုမိုးရှင်းပွဲလေးတွေလည်း မကြာခဏဆိုသလို ကျင်းပပေးလျက်ရှိပါတယ်။ ဒီလထဲမှာဆိုရင်လည်း ရန်ကုန်မြို့ ကန်သာယာ ဈေးဝယ်စင်တာမှာလည်း မြန်မာ့လက်မှုပစ္စည်းတွေကို ဈေးသက်သက်သာသာနဲ့ လွယ်လင့်တကူ ဝယ်ယူနိုင်အောင်လို့ ပရိုမိုးရှင်း လုပ်ပေးသွားမှာဖြစ်ပါတယ်။ အများပြည်သူအနေနဲ့လည်း မြန်မာလက်မှုပစ္စည်းတွေကို လာရောက်လေ့လာ အားပေးနိုင်ပါတယ်လို့ ဖိတ်ခေါ်ပါတယ်။









# မြန်အောင်မြို့နယ်မှ ထွက်ရှိသည့် ရာသီစာ မင်းကွတ်သီး

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ် အင်ပင်မြို့နှင့် ထူအင်းတွင် သဘာဝသစ်ဆွေးမြေ ဧရိယာ ဟက်တာ ၅၀၀ ကျော်ရှိပြီး အဆိုပါ သစ်ဆွေးမြေ၏ ပတ်ဝန်းကျင်ရှိ ဥယျာဉ်ခြံမြေများတွင် စိမ့်စမ်းများရှိသည့်အတွက် နှစ်ရှည်သီးနှံများဖြစ်သည့် ကွမ်းသီး၊ မင်းကွတ်၊ ကြက်မောက်၊ အုန်းပင်များ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည်။

မိုးဦးကျရာသီ မေလ၊ ဇွန်လနှင့် ဇူလိုင်လများတွင် မင်းကွတ်သီးများ ထွက်ရှိပြီး မြန်အောင်မြို့နယ် အင်ပင်မြို့မှ ထွက်ရှိသည့် မင်းကွတ်သီးသည် အရည်အသွေးကောင်းသည့်အတွက် စားသုံးသူများ ကြိုက်နှစ်သက်ကြသည်။ အင်ပင်မြို့တွင် မင်းကွတ်သီး စိုက်ဧက ၁၅ ဧက စိုက်ပျိုးထားရှိပြီး တချို့ မင်းကွတ်ပင်များသည် နှစ် ၈၀ ကျော် သက်တမ်းရှိသည်။ အပင်သက်တမ်း (၈)နှစ်မှ (၁၃)နှစ်အတွင်း အသီးစသီးပြီး အပင်သက်တမ်း ၂၀ နှင့် ၅၀ ကြားတွင် သီးအားအကောင်းဆုံးဖြစ်ကြောင်း သိရသည်။

တောင်နီလေးကျေးရွာ မင်းကွတ်စိုက်ပျိုးသူတောင်သူမှ ယခုစိုက်ပျိုးထားသော အပင်များမှာ အပင်သက် ၃၅ နှစ်မှ ၄၀ ဝန်းကျင်ရှိ၍ ရာသီချိန်တွင် တစ်ပင်လျှင် အသီးလုံးရေ ၅၀၀ မှ ၁၀၀၀ ကြားထိ ခူးဆွတ်ရရှိကာ အသီးပုံမှန်ခူးနေသော အပင်မှာ ၁၅၀ ပင်ခန့်ရှိကြောင်းသိရသည်။

မင်းကွတ်ပင်သည် ဒီဇင်ဘာလတွင် သီးကင်းစသီးပြီး ဧပြီလကုန်ခန့်တွင် ရင့်မှည့်ကာ အညိုရောင်သို့ပြောင်းလဲလာချိန်တွင် အသီးခူးခြင်းကို ဆောင်ရွက်သည်။ မေ၊ဇွန်၊ဇူလိုင် သုံးလခန့် အသီးခူးခြင်းကို ဆောင်ရွက်ပြီး ဇူလိုင်နှောင်းပိုင်းထွက်ရှိသည့်အသီးများတွင် မိုးများ၍ ရေဝင်ခြင်းကြောင့် အသီများပိုးထိုး၍ အသီးမာသွားခြင်းများဖြစ်နိုင်သည်။ မင်းကွတ်သီးသည် အမျှင် ဓာတ်ကြွယ်ဝခြင်း၊ သွေးတွင်း အချိုဓာတ်ကို ကျစေခြင်း၊ ရောင်ရမ်းခြင်းကို လျော့ကျစေခြင်း၊ ရေတိမ်ဖြစ်ပွားမှုကို ကာကွယ်ပေးခြင်း၊ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ကြွယ်ဝခြင်း စသည့် အချက်များကြောင့် ကျန်းမာရေးအတွက် ကောင်းမွန်ပြီး ရာသီချိန်တွင် အသီးထွက်သလောက် ရောင်းမလောက်ဘဲ ဈေးကောင်းရသော အသီးလည်းဖြစ်သည်။ မေလဆန်း စပေါ်ချိန်မှ ခြံအထိုင်ဈေး တစ်လုံးလျှင် ကျပ် ၇၀၀ ရှိပြီး ယခုအချိန်ထိ ကျဆင်းခြင်းမရှိဘဲ ဈေးတည်ငြိမ်လျက်ရှိသည်။

မင်းကွတ်အပင်ပေါက်တစ်ပင်လျှင် ကျပ် ၃၀၀၀ ရှိပြီး တစ်ဧက လျှင် အပင် ၅၀ မှ ၆၀ ကြား စိုက်ပျိုးကြသည်။ မြက်ရှင်းခြင်း၊ မြောင်းဘောင်ဖော်ခြင်း၊ စိုက်ပျိုးခြင်းတို့အတွက် တစ်ပင်လျှင် ကျပ် ၃၀၀၀ ကုန်ကျပြီး တစ်ဧက အပင် ၆၀ စိုက်ပျိုးခြင်းအတွက် အပင်ပေါက်နှင့် စိုက်ခ အပါ သုံးသိန်းခြောက်သောင်းခန့် ကုန်ကျသည်။ တစ်နှစ်လျှင် ကွန်ပေါင်းမြေဩဇာ တစ်ကြိမ်နှင့် သဘာဝမြေဩဇာတစ်ကြိမ် ကျွေးခြင်း၊ ကိုင်းလှီကိုင်းခြောက်များ ရှင်းလင်းခြင်းတို့သာ ပြုလုပ်ရပြီး အပင်သက် ၁၀ နှစ်ကျော်ပါက အသီးစတင်ခူးဆွတ်ပြီး ဝင်ငွေစတင်ရရှိသည်။

၂၀၂၄ ခုနှစ် အသီးပေါ်ချိန်တွင် ရောင်းတန်းဝင်အသီးတစ်လုံးလျှင် ကျပ် ၅၀၀ ရရှိပြီး ယခု ၂၀၂၅ ခုနှစ် မင်းကွတ်သီးပေါ်ချိန်တွင် ကျပ် ၇၀၀ ရရှိသည်။ မင်းကွတ်ပင်သည် ရာသီဥတုနှင့် ရောဂါဒဏ်ခံနိုင်ရည်ရှိသည့် အပင်မျိုးဖြစ်သည့်အတွက် ပြုပြင်ထိန်းသိမ်းစရိတ်နည်းပါးသည်။ တစ်ဧကတွင် ထွက်ရှိသည့် အပင်အရေအတွက် နှင့် အသီး အရွယ်အစားပေါ် လိုက်၍ အပင်သက်တမ်း ၃၅ နှစ်ဝန်းကျင်ရှိသည့် မင်းကွတ်တစ်ဧကတွင် တစ်နှစ်လျှင် ပျမ်းမျှ ကျပ်သိန်း ၈၀မှ ၁၀၀ကြား ဝင်ငွေရလျက်ရှိသည်။

**မောင်မောင်မြတ်ခိုင်**

# တနင်္သာရီတိုင်းဒေသကြီးအတွက် ဝင်ငွေပိုမိုရရှိလာမည့် ဝဥလုပ်ငန်း



တနင်္သာရီတိုင်းဒေသကြီးသည် တောင်ကုန်း၊ တောင်တန်း၊ တောင်စွယ်များ ပေါများသဖြင့် အဆိုပါနေရာများတွင် သဘာဝအလျောက် ဝဥပင်များ အများအပြား ပေါက်ရောက်လျက်ရှိရာ သဘာဝတရားကြီးမှ ဒေသခံများအား ဝင်ငွေရရှိအောင် ဖန်တီးပေးလျက်ရှိသည်။

ဝဥပင်များသည် မိုးဦးကျချိန် ဇွန်လတွင် တောင်ကုန်း၊ တောင်တန်း၊ တောင်စွယ်များ၌ စတင်ပေါက်ရောက်ပြီး စက်တင်ဘာလတွင် ပင်စည်အရင်း မြေကြီးအတွင်း၌ ဥများ စတင်ဥကာ နိုဝင်ဘာ၊ ဒီဇင်ဘာများတွင် ဒေသခံများမှ မြေကြီးအတွင်းမှ ဝဥများကို တူးယူပြီး ဝဥအဝယ်ဒိုင်များသို့ လာရောက် ရောင်းချကြသည်။ ဝဥတစ်ဥလျှင် ပျမ်းမျှ ၅၀ ကျပ်သားမှ သုံးပိဿာခန့်အထိရှိသည်။ ဝဥများအနေဖြင့် အတွင်းသား အဝါ၊ ပန်းရောင်၊ အဖြူရောင်များဖြစ်ကြပြီး တနင်္သာရီတိုင်းဒေသကြီးတွင် ပေါက်ရောက်သော ဝဥများမှာ အဝါနှင့် ပန်းရောင် နှစ်မျိုးဖြစ်ကာ အဝါရောင်မှာ အကောင်းဆုံး၊ ပန်းရောင်မှာ ဒုတိယအကောင်းဆုံး၊ အဖြူရောင်မှာ အညံ့ဆုံးဖြစ်သည်ဟု သိရသည်။ ဝဥများအား နိုဝင်ဘာလ မတိုင်ခင် စောစောတူးဖော်ပါက အစိုဓာတ်များပြီး ဝဥ အခြောက် (Chip) ပြား အထွက်နှုန်းလျော့နည်းကာ အရည်အသွေးလည်း ကျဆင်းကြောင်း သိရသည်။

မိုးတွင်းကာလ ဇူလိုင်လတွင် ဝဥပင်များသည် အရွက်ဖားဖားနှင့် မြေကြီးအတွင်းမှ စတင်ထွက်ရှိပေါက်ရောက်လာကြပြီး နိုဝင်ဘာလနှောင်းပိုင်းတွင် ဝဥပင်မှ အသီးများရင့်မှည့်ကာ မြေပေါ်သို့ ဝဥမျိုးစေ့များအဖြစ် ကြွေကျပြီး အပင်များ သေဆုံးသည်။ နောက်ဆုံး မိုးဦးကျကာလတွင် အဆိုပါ မျိုးစေ့များမှ ဝဥအပင်များ သဘာဝအတိုင်း ပြန်လည်ပေါက်ရောက်ကြသည်။ ဝဥများ တူးဖော်ရာတွင် မျိုးစေ့ချပြီး ပင်စည်နှင့် အရွက်များ ညှိုးနွမ်းချိန်၊ အပင်သက်တမ်း ကုန်ချိန် နိုဝင်ဘာလနှောင်းပိုင်း၊ ဒီဇင်ဘာလဆန်းတွင်တူးဖော်ပါက အရည်အသွေးကောင်းမွန်သော ဝဥများရရှိသည်ဟု သိရသည်။

ဝဥဈေးများအနေဖြင့် ယမန်နှစ် ဝဥပေါ်ချိန်တွင် တစ်ပိဿာ ကျပ် ၂၀၀၀ မှ ၄၀၀၀ ထိဈေးဖြင့် အဝယ်ဒိုင်များမှ ဝယ်ယူခဲ့ကြသည်။ ဝဥလုပ်ငန်းရှင်အချို့မှ ၎င်းကုန်ကြမ်းဝဥအတိုင်း တစ်ပိဿာကျပ် ၂၀၀ ခန့်အမြတ်ဖြင့် တစ်ဆင့်ပြန်လည်ရောင်းချကြသည်။ ၎င်းတို့မှ တစ်ဆင့် တရုတ်ပြည်သို့ တင်ပို့ရောင်းချကြသည်။ အချို့သော လုပ်ငန်းရှင်များမှာ ဒေသတွင်း တစ်နိုင်တစ်ပိုင် အလုပ်ရုံများဖြင့် ဝဥ အကြမ်းများအား ရေဆေးသန့်စင်ကာ လှီးစက်ဖြင့်(Chip)ပြား ပြုလုပ်အခြောက်ခံပြီး အရည်အသွေးကောင်းသော ဝဥခြောက်များ ရွေးထုတ်၍ ပိဿာ ၄၀ ပါ ပီနံအိတ်များဖြင့် ထုပ်ပိုးကာ တရုတ်ပြည်သို့ တိုက်ရိုက်တင်ပို့ ရောင်းချရာ ဝဥအခြောက် တစ် ပိဿာလျှင် ကျပ် ၂၅၀၀၀ ခန့်ရရှိကြောင်း သိရသည်။

တရုတ်ပြည်တွင် ၎င်းဝဥအခြောက်များတွင် ပါဝင်သော ကန့်များအား ဖယ်ထုတ်၍ စားသောက်ကုန်များ၊ စက်မှုကုန်ကြမ်းများ၊ အလှကုန်များ၊ ဆေးဝါးများ၊ ဂျယ်လီများ၊ ခေါက်ဆွဲခြောက်များအဖြစ် ထုတ်လုပ်ရောင်းချပြီး အဆိုပါကန့်ထုတ်ပြီး ဝဥများအား အမှုန့်ကြိတ်၍ ပေါင်ဒါမှုန့်ပြုလုပ်ပြီး အဆိုပါ ပေါင်ဒါမှုန့်များကို ဂျပန်နိုင်ငံမှ ကျန်းမာရေးနှင့် ညီညွတ်သည့် အစားအသောက်များ၊ အဆင့်မြင့် ကုန်ပစ္စည်းများ ထုတ်လုပ်သည့်အတွက် ဝယ်လိုအားကောင်းကြောင်း သိရသည်။

ဒေသတွင်း၌ ဝဥကုန်ကြမ်း ခြောက်ပိဿာအား ကုန်ချော ပြုလုပ်ပါက ဝဥခြောက်(Chip)ပြား တစ်ပိဿာခန့်ရရှိပြီး ဒေသတွင်း အလုပ်ရုံတစ်ရုံတွင် ဝဥကုန်ကြမ်းအလေးချိန်ချိန်ရန် အမျိုးသားအလုပ်သမား ၁၀ ဦးနှင့် ရေဆေး၊ ဝဥအခြောက်ပြားရွေး အမျိုးသမီး ခုနစ်ဦးခန့်လိုအပ်ပြီး အမျိုးသားတစ်ဦးလျှင် လစာ တစ်လစရိတ်ငြိမ်း ငါးသိန်း၊ အမျိုးသမီးတစ်ဦးလျှင် တစ်လ စရိတ်ငြိမ်း သုံးသိန်းခန့်ရရှိကြောင်း ဒေသတွင်း လုပ်ငန်းရှင်ထံမှ သိရသည်။ ယခုအခါ ဒေသတွင်း လုပ်ငန်းရှင်များမှ တစ်ရက် ၂၅ တန်နှင့် တန် ၁၀၀၊ ဝဥခြောက် စက်ရုံနှစ်ရုံကို ဝဥပေါ်ချိန်အမီ လည်ပတ်ရန်အတွက် တည်ဆောက်လျက်ရှိပြီး စက်ရုံမှထွက်ရှိလာသော ဝဥခြောက်များကို တရုတ်နိုင်ငံသို့ တိုက်ရိုက်တင်ပို့ရောင်းချရန် ဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါ စက်ရုံနှစ်ရုံအနေဖြင့် တစ်ရက် ဝဥကြမ်း ပိဿာ ၇၅၀၀၀ ခန့်လိုအပ်မည်ဖြစ်ပြီး တစ်နှစ် ဝဥထွက်ချိန် ၄ လခန့် စက်ရုံလည်ပတ်မည်ဖြစ်ရာ တစ်နှစ် ဝဥကုန်ကြမ်း ပိဿာ ၉၀ သိန်းခန့် လိုအပ်မည်ဖြစ်သည်။ တနင်္သာရီတိုင်းဒေသကြီးအနေဖြင့် ဝဥကို ကုန်ကြမ်းအတိုင်း ရောင်းချလျက်ရှိပြီး တိုင်းဒေသကြီးအနေဖြင့် သဘာဝအလျောက် ဝဥကုန်ကြမ်း ပိဿာချိန် သိန်း ၁၀၀ ကျော်ခန့် ထွက်မည်ဟု ခန့်မှန်းထားပြီး ဒေသတွင်းဝင်ငွေရရှိနေသည့် သဘာဝတရားမှ ဖန်တီးပေးထားသော လုပ်ငန်းတစ်ခုဖြစ်ကြောင်းသိရသည်။

ထို့အပြင် ယခုအခါ ဒေသလုပ်ငန်းရှင်များမှလည်း ဝဥစိုက်ပျိုးမှုသည် တွက်ခြေကိုက်မှုရှိသဖြင့် မိမိတို့ခြံများအတွင်းတွင်လည်း စိုက်ပျိုးလာခဲ့ကြရာ တနင်္သာရီတိုင်းအနေဖြင့် လာမည့်နှစ်အတွင်း ဝဥခြောက်ကုန်ချော (Chip)ပြားများအား ပြည်ပသို့ တိုက်ရိုက်တင်ပို့ရောင်းချနိုင်ခြင်းဖြင့် ဝင်ငွေပိုမိုရရှိလာမည်ဖြစ်ပြီး ဒေသခံ ဝဥတူးဖော်ရောင်းဝယ်သူများအနေဖြင့်လည်း ပိုမိုအကျိုးဖြစ်ထွန်းလာမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**စိုးငြိ (ထားဝယ်)**

# ဒေသတွင်း နေကြာစိုက်ပျိုးမှုနှင့် ဆီထုတ်လုပ်မှု

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်တွင် ဆောင်းသီးနှံဖြစ်သော မြေပဲ၊ ဆောင်းနှမ်း၊ နေကြာ၊ ပန်းနှမ်း စသော သီးနှံများကို စိုက်ပျိုးထားကြောင်း သိရသည်။

၂၀၂၄ -၂၀၂၅ ခုနှစ်၌ နေကြာကို မအူပင်မြို့နယ်တွင် ၁၁၅၂ ဧက၊ ပန်းတနော်မြို့နယ် တွင် ၄၇၄၆ ဧက၊ ညောင်တုန်း မြို့နယ်တွင် ၆၉၀၁ ဧက၊ ဓနုဖြူမြို့နယ်တွင် ဧက ၁၇၆၆၀ စုစုပေါင်း ၄၀၈၅၉ ဧကစိုက်ပျိုးထားသည်။ မြေပဲသီးနှံကို မအူပင်တွင် ၂၀၁၂ ဧက၊ ပန်းတနော်တွင် ၁၂၆ဧက၊ ညောင်တုန်းတွင် ၉၆၅ ဧက၊ ဓနုဖြူမြို့နယ်တွင် ၃၃ ဧက စုစုပေါင်း ၃၁၃၆ ဧက စိုက်ပျိုးခဲ့ကြောင်း သိရသည်။ စိုက်ပျိုးသော နေကြာ၊ မြေပဲ သီးနှံများ အထွက်နှုန်း ကောင်းစေရန်နှင့် ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန် သက်ဆိုင်ရာဌာနများမှလည်း ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ နေကြာမှာ မြေအမျိုးအစားပေါ် မူတည်ပြီး အထွက်နှုန်း ကွာခြားသဖြင့် အထွက်နှုန်း နည်းသည့်မြေယာများကို ပိုမိုထွက်ရှိအောင် ဆောင်ရွက်လျက်ရှိပြီး မြေပဲမှာ အထွက်နည်းပြီး လိုအပ်ချက်များအရ အခြားဒေသမှ မှာယူ၍ ဆီကြိတ်ခွဲထုတ်လုပ်ရကြောင်း သိရသည်။

မေလအတွင်း မအူပင်တွင် ဆီစက် သုံးစက်မှ ကြိတ်ခွဲထုတ်လုပ်နိုင်မှု ၁ ဒသမ ၄၁ တန်၊ ပန်းတနော်မြို့နယ်တွင် ဆီစက်လုပ်ငန်း သုံးစက်မှ ကြိတ်ခွဲထုတ်လုပ်မှု သုည ဒသမ ၅၃တန်၊ ညောင်တုန်းမြို့နယ်တွင် ဆီစက် တစ်စက်မှ ကြိတ်ခွဲထုတ်လုပ်မှု သုည ဒသမ ၁၆ တန်၊ ဓနုဖြူမြို့နယ်တွင် ဆီစက်လုပ်ငန်း နှစ်စက်မှ ကြိတ်ခွဲထုတ်လုပ်နိုင်မှု သုည ဒသမ ၄၈ တန်ရှိပြီး မအူပင်ခရိုင်အနေဖြင့် ဆီစက်လုပ်ငန်း ၉ စက် မှ စုစုပေါင်း ကြိတ်ခွဲထုတ်လုပ်နိုင်မှု ၂ဒသမ၅၈ တန်ရှိ ကြောင်း သိရသည်။

ဆီစက်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ ကြိတ်ခွဲထုတ်လုပ်သော ဆီများ ဘေးအန္တရာယ်ကင်းစွာ ထုတ်လုပ်နိုင်ရေး ထုတ်ကုန်လုံခြုံစိတ်ချရမှု ရှိစေရေးတို့အတွက် သက်ဆိုင်ရာဌာနများက ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခြင်း များလည်းရှိသည်။ ဆီစက်လုပ်ငန်းတစ်ခုမှ တစ်နာရီလျှင် နေကြာလေးတင်းမှ ခြောက်တင်းအထိ ကြိတ်ခွဲနိုင်ကြောင်းနှင့် ထွက်ရှိသော နေကြာဆီများကို တစ်ပိဿာလျှင် ကျပ် ၁၈၀၀၀၊ မြေပဲဆီ တစ်ပိဿာလျှင် ကျပ် ၂၂၀၀၀ ဖြင့် မြို့နယ်အတွင်း ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သဇင် (မအူပင်)**

# ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ မေလအတွင်း ဖိလစ်ပိုင်နိုင်ငံ၏ အုန်းသီးနှင့် အုန်းထွက်ပစ္စည်းတင်ပို့မှုမြင့်တက်

ဖိလစ်ပိုင်စာရင်းအင်းအာဏာပိုင်အဖွဲ့၏ ထုတ်ပြန်ချက်အရ ဖိလစ်ပိုင်နိုင်ငံ၏ အုန်းသီးနှင့် အုန်းထွက်ပစ္စည်း (coconut-based products) များ၏ တင်ပို့မှုပမာဏသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ မှ မေလအထိ အမေရိကန်ဒေါ်လာ ၉၃၀ ဒသမ ၆၁ သန်းရှိရာမှ ၂၀၂၅ ခုနှစ်၊ အလားတူကာလတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၁ ဘီလီယံ (၅၂ရာခိုင်နှုန်း) သို့လည်းကောင်း၊ အုန်းဆီ (Coconut Oil) တင်ပို့မှုမှာလည်း အမေရိကန်ဒေါ်လာ ၇၆၁ ဒသမ ၈၈ သန်းရှိရာမှ ၁ဒသမ ၁၈ ဘီလီယံသို့ အသီးသီး မြင့်တက်ခဲ့သည်။

အုန်းဆီ စိုက်ပျိုးထုတ်လုပ်သည့် နိုင်ငံများတွင် ရာသီဥတု ဖောက်ပြန်မှုများနှင့် အခြားသော ဟင်းသီးဟင်းရွက်ဆီများတင်ပို့မှုဆိုင်ရာ ခွဲတမ်းအပြောင်းအလဲများကြောင့် အုန်းဆီဈေးနှုန်းသည် စံချိန်တင် မြင့်တက်ခဲ့ကြောင်းနှင့် ကမ္ဘာ့ဘဏ်မှ ထုတ်ပြန်သည့် ကိန်းဂဏန်းအချက်အလက်များအရ ၂၀၂၅ ခုနှစ် မေလတွင် မက်ထရစ်တစ်တန်လျှင် ၂၇၄၂ အမေရိကန်ဒေါ်လာသို့ ရောက်ရှိခဲ့ကြောင်း ဖော်ပြထားသည်။ ယခုကဲ့သို့ ဆက်ရှိပါက ဖိလစ်ပိုင်နိုင်ငံ၏ အုန်းဆီတစ်ခုတည်းတင်ပို့မှုမှ ရရှိငွေသည် ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂ဒသမ၂၂ ဘီလီယံအထိ စံချိန်သစ်တင်ကာ မြင့်တက်လာနိုင်ကြောင်း ဖော်ပြပါရှိသည်။

ကမ္ဘာ့ဘဏ်မှလည်း ၂၀၂၅ ခုနှစ်တွင် အုန်းဆီတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၈၀၀ ထိမြင့်တက်လာနိုင်သည်ဟု ခန့်မှန်းထားရှိပြီး ၂၀၂၄ ခုနှစ် စံချိန်တင်ဈေးနှုန်း အမေရိကန်ဒေါ်လာ ၁၅၁၉ ထက်ပင် မြင့်တက်နေသည်ကို တွေ့ရသည်။

ဖိလစ်ပိုင်နိုင်ငံ၏ အုန်းဆီတင်ပို့မှုသည်လည်း ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ မေလအတွင်း ၅၅ ဒသမ ၁ ရာခိုင်နှုန်း အမေရိကန်ဒေါ်လာ ၁၆၅ ဒသမ ၁၆ သန်းထိ မြင့်တက်လာခဲ့ပြီး ၂၀၂၄ ခုနှစ် အလားတူကာလတွင် အမေရိကန်ဒေါ်လာ ၁၀၆ ဒသမ ၄၉ သန်း ရရှိခဲ့သည်။ အခြားသော အုန်းထွက်ပစ္စည်း (coconut based products) များ တင်ပို့မှုသည်လည်း ၄၈ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၅၆ သန်းမှ ၄၃ ဒသမ ၇၈ သန်းထိ တိုးမြင့်ရရှိခဲ့ကြောင်း ဖော်ပြထားသည်။

၂၀၂၆ ခုနှစ်အတွင်း အုန်းပင်စိုက်ပျိုးမှုကို အပင်ပေါင်း သန်း ၅၀ ထိ တိုးချဲ့စိုက်ပျိုးသွားရန် လျာထားပြီး ကမ္ဘာ့အုန်းစိုက်ပျိုးမှု ထိပ်တန်းနိုင်ငံဖြစ်စေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖိလစ်ပိုင်စာရင်းအင်းအာဏာပိုင်အဖွဲ့မှ ပြောကြားထားသည်။ အဆိုပါ အစီအစဉ်သည် ၂၀၂၃ ခုနှစ်က ရေးဆွဲပြဋ္ဌာန်းခဲ့သည့် အုန်းပင်စိုက်ပျိုးရေးအစီအစဉ် ၅ နှစ်တာစီမံကိန်းပါ မူလရည်မှန်းထားသည့် ပမာဏထက် နှစ်ဆ ရှိကြောင်း စိုက်ပျိုးရေးဝန်ကြီးမှ ပြောကြားခဲ့သည်ဟု ဖော်ပြပါရှိသည်။ သမ္မတမှလည်း အုန်းပင်များ စိုက်ပျိုးထုတ်လုပ်ခြင်းအတွက် သုံးစွဲနိုင်ရန် ရန်ပုံငွေများကို တိုးမြင့်ခွဲဝေချထားပေးထားကြောင်း၊ ဖိလစ်ပိုင်နိုင်ငံသည် ကမ္ဘာ့အုန်း စိုက်ပျိုးထုတ်လုပ်မှုတွင် ဒုတိယနေရာတွင် ရပ်တည်နေပြီး ထိပ်တန်းတင်ပို့သည့် နိုင်ငံများတွင်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ၂၀၂၄ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၏ အုန်းထွက်ရှိမှုသည် မက်ထရစ်တန် ၁၇ ဒသမ ၁၃ သန်းရှိပြီး ဖိလစ်ပိုင်နိုင်ငံသည် ၁၄ ဒသမ ၇၇ တန် ထိ စံချိန်တင်ထွက်ရှိခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံတွင် ၂၀၂၈ ခုနှစ်အတွင်း အုန်းပင်ပေါင်း သန်း ၁၀၀ စိုက်ပျိုးသွားရမည့် အစီအစဉ်အား အကောင်အထည်ဖော်လျက်ရှိပြီး ၂၀၂၄ ခုနှစ်တွင် စိုက်ပျိုးရန် ကျန်ရှိသည့် ၁၅ သန်းအနက် ၈ ဒသမ ၅ သန်းကျော်ကို ယခုနှစ်တွင် စိုက်ပျိုးပြီးဖြစ်သည်။ ချမှတ်ထားသည့် မဟာဗျူဟာတွင် လက်ရှိ အပင်ပေါင်း သန်း ၃၄၀ မှာ သက်တမ်းရင့်နေပြီး အသီးမသီးနိုင်တော့သဖြင့် အစားထိုးစိုက်ပျိုးသွားရန်လည်း ပါဝင်သည်။ ဖိလစ်ပိုင် စာရင်းအင်း အာဏာပိုင်အဖွဲ့၏ ထုတ်ပြန်ချက်အရ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ တင်ပို့မှုမှရငွေသည် အမေရိကန်ဒေါ်လာ ၁ ဘီလီယံမှ ၁ ဒသမ ၆ ဘီလီယံထိ ၁၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ငှက်ပျောသီးတင်ပို့မှုသည်လည်း ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅၄၃ ဒသမ ၄၇ သန်းမှ ၆၅၄ ဒသမ ၈၈ သန်းထိ ၂၀ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ နာနတ်သီးဖျော်ရည်တင်ပို့မှုသည်လည်း ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၀၆ သန်းမှ ၅၄ ဒသမ ၅၇ သန်းထိ ၃၉ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။ သို့သော် နာနတ်သီးစည်သွတ်ဘူးများ တင်ပို့မှုမှာမူ ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၉၄ ဒသမ ၄၇ သန်းရရှိရာမှ ၉၃ ဒသမ ၉၀ သန်းသို့ သုည ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ဖော်ပြပါရှိသည်။

**(ကေသွယ်ခိုင်၊ စီးပွားရေးသံမှူး၊ မနီလာမြို့)**

# ဖိလစ်ပိုင်နိုင်ငံတွင် တင်သွင်းသည့် ဆန်၏ ရည်ညွှန်းဈေးအား တစ်ကီလိုလျှင် ၄၃ ပီဆိုသို့ လျှော့ချသတ်မှတ်

၂၀၂၅ ခုနှစ် ဇူလိုင် ၁ ရက်မှစတင်၍ တင်သွင်းသည့် ဆန်ဈေးနှုန်းအား တစ်ကီလိုလျှင် ၄၅ ပီဆိုမှ ၄၃ ပီဆိုသို့ လျှော့ချသတ်မှတ်လိုက်ကြောင်း ဖိလစ်ပိုင် စိုက်ပျိုးရေးဝန်ကြီးဌာနမှ ပြောကြားခဲ့သည်။ ထိုသို့ လျှော့ချသတ်မှတ်ရခြင်းမှာ လတ်တလော ကမ္ဘာ့ဆန်ဈေးနှုန်း ကျဆင်းနေမှုကို အကာအကွယ်ဖြစ်စေရန်အတွက် ဖြစ်ကြောင်း၊ ဖိလစ်ပိုင်ဗဟိုဘဏ်မှလည်း အလုပ်အကိုင်၊ အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်နှင့် စီးပွားရေးလုပ်ဆောင်ချက်များ ပိုမိုဆောင်ရွက်နိုင်ရန် အတိုးနှုန်းများ လျှော့ချပေးလျက်ရှိပြီး သို့မှသာ ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေး ဆောင်ရွက်ရာတွင် အကူအညီ အထောက်အပံ့ဖြစ်စေသည့် ငွေကြေးဖောင်းပွနှုန်းကို လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ဆန်စပါးဆိုင်ရာ ငွေကြေးဖောင်းပွမှုနှုန်း (Rice Inflation) သည်လည်း ကျဆင်းလျက်ရှိပြီး rice-for-all program အောက်မှ ရောင်းချမည့် ရည်ညွှန်းဈေးကို ညှိနှိုင်းသတ်မှတ်ခြင်းဖြစ်ကြောင်း၊ တင်သွင်းလာသည့်ဆန်များအား ဈေးကွက်တွင်း ရောင်းချရမည့် ရည်ညွှန်းဈေး သတ်မှတ်ချက်ကို ၂၀၂၅ ခုနှစ် ဇန်နဝါရီမှ စတင် အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၄ ခုနှစ် ဇူလိုင်လတွင် ဆန်တင်သွင်းမှုအပေါ် ကောက်ခံသည့် အခွန်နှုန်းထားအား ၃၅ရာ ခိုင်နှုန်း မှ ၁၅ ရာခိုင်နှုန်းသို့ လျှော့ချခဲ့ခြင်းကို ဆက်လက်သက်တမ်းတိုးခဲ့ခြင်းကြောင့် ဈေးကွက်ထိခိုက်မှု မရှိကြောင်း ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံမှ ဘာစမာတီမဟုတ်သည့် ဆန်ဖြူတင်ပို့ခြင်းကို ပြန်လည်ခွင့်ပြုခဲ့သဖြင့် ကမ္ဘာ့ဆန်ဈေးနှုန်းကျဆင်းခဲ့ခြင်းကြောင့် ရည်ညွှန်းဈေး သတ်မှတ်သည့် စနစ်ကို အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။ ဇန်နဝါရီ ၂၈ ရက်တွင် တစ်ကီလိုလျှင် ၅၈ ပီဆို သတ်မှတ်ရာမှ မတ် ၃၁ ရက်တွင် တစ်ကီလိုလျှင် ၄၅ ပီဆိုသို့ တဖြည်းဖြည်းချင်း လျှော့ချခဲ့ကြောင်း၊ ယခု တစ်ကီလိုလျှင် ၄၃ ပီဆို အဖြစ် ထပ်မံလျှော့ချခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

သမ္မတ မားကို့စ်ဂျူနီယာ၏ သမ္မတသက်တမ်းပြီးမြောက်မည့် ၂၀၂၈ ခုနှစ်တာကာလအထိ ဆန် တစ်ကီလိုလျှင် ပီဆို ၂၀ သတ်မှတ်ပြီး အစိုးရမှ ရောင်းချပေးနေသည့် rice program များကိုလည်း ချဲ့ထွင်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ အစီအစဉ်များအရ ဇွန် ၄ ရက်အထိ လူပေါင်း ၄၀၀၀၀ နီးပါး သို့မဟုတ် အိမ်ထောင်စုပေါင်း ၉၄၈၇ အတွက် အထောက်အပံ့ဖြစ်စေခဲ့ ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနမှ ပြောကြားထားသည်။ အမျိုးသား စားနပ်ရိက္ခာဖူလုံရေး အာဏာပိုင်အဖွဲ့၏ သတ်မှတ်ဈေးနှုန်းမှာ တစ်ကီလိုလျှင် ၃၃ ပီဆိုဖြစ်သဖြင့် ကွာဟချက် ၁၃ ပီဆိုကို ကာမိစေရန် သက်ဆိုင်ရာ ဒေသအာဏာပိုင် အစိုးရ အဖွဲ့အစည်းများနှင့် Food Terminal Inc. တို့မှ တစ်ကီလိုလျှင် ၆ ဒသမ ၅၀ ပီဆို ကျခံပေးရန် လိုအပ်သည်။ အစိုးရနောက်ခံ ဆန်သက်သာဆိုင်များဖြစ်သော Kadiwa Outlets များတွင် ဆန်တစ်ကီလိုရောင်းချခြင်းမှ ၉ ပီဆိုကို အဆိုပါ Food Terminal Inc. များမှရရှိခံစားကြောင်း ဖော်ပြပါရှိသည်။

ယခုကဲ့သို့ အစိုးရမှဆန်သက်သာဆိုင်များ ဖွင့်လှစ်ရောင်းချ ပေးနေခြင်းကို အမြဲတမ်းဆောင်ရွက်ပေးမည်ဆိုပါက အစိုးရ၏ အသုံးစရိတ်နှင့် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများကို အသေးစိတ် လေ့လာပြီး မူဝါဒများချမှတ်နိုင်ရေး အောက်လွှတ်တော်ကိုယ်စားလှယ်များသို့ ညွှန်ကြားထားကြောင်း ဖော်ပြထားသည်။

**(ကေသွယ်ခိုင်၊ စီးပွားရေးသံမှူး၊ မနီလာမြို့)**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန | ဖုန်း-၀၁ ၃၈၅၃၂၃ | အီးမေးလ်-mitcmyantrade@gmail.com |
| အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ဖုန်း-၀၁ ၉၆၆၉၉၅၉ | အီးမေးလ်-mhcyangon@gmail.com |

**ယှဉ်ပြိုင်မှုဥပဒေပါတားမြစ်ချက်များကို ဖောက်ဖျက်မှုအတွက် အောက်ပါလိပ်စာသို့ ဆက်သွယ်စုံစမ်းတိုင်ကြားနိုင်ပါသည်-**

**မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ကော်မရှင်ရုံး**
**ရုံးအမှတ် (၃)၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်။**
**ဖုန်း - ၀၆၇(၃)၄၀၈၅၀၅**
**အီးမေးလ် - mmcc.office@commerce.gov.mm**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

# ပြည်တွင်း၊ ပြည်ပ ဈေးကွက်ဝင် ပုသိမ်ထီးဈေးကွက်

မြန်မာနိုင်ငံတစ်ဝန်း ထင်ပေါ်ကျော်ကြားသော လက်မှုလုပ်ငန်းများတွင် မန္တလေးမြို့မှ ရွှေချည်ထိုး၊ ငွေချည်ထိုးလုပ်ငန်း၊ ပုဂံမြို့မှ ယွန်းထည်လုပ်ငန်းအပြင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့မှ ထုတ်လုပ်လျက်ရှိသော မြန်မာ့ ရိုးရာလက်မှုအနုပညာ ပုသိမ်ထီးလုပ်ငန်းသည် မြန်မာနိုင်ငံအတွင်း သာမက ကမ္ဘာမှာပင် နာမည်ကျော်ကြား၍ ပြည်တွင်း ပြည်ပဈေးကွက်တွင် လူကြိုက် များလျက်ရှိကြောင်း ထီးလုပ်ငန်းရှင်များထံမှသိရသည်။

ပုသိမ်ထီးကို အစပထမတွင် ဆီစိမ်စက္ကူဖြင့် ပြုလုပ်ခဲ့သော်လည်း နောက်ပိုင်းတွင် ဖျင်စကို တည်ရေများ သုတ်လိမ်းပြီး ဆီစိမ်ကာ ရေစိုခံအောင် ပြုလုပ်သုံးစွဲခဲ့ပြီး ပြည်တွင်းမှ ထွက်ရှိသော ပိတ်ရောင်စုံ၊ တက်ထရွန် ရောင်စုံဖြင့်ထုတ်လုပ်၍ နိုင်ငံခြားငွေဖြင့် ဝယ်ယူရသော ကုန်ကြမ်းပစ္စည်းများမပါဘဲ ဒေသထွက် ကုန်ကြမ်းများဖြစ်သော မအူသစ်၊ ထီးရိုးဝါး၊ သရက်ဝါး ၊ မြန်မာပိတ်စများ၊ ဒေသတွင်း ထွက်ရှိသည့် သုတ်ဆေး၊ ဆိုးဆေးများဖြင့် အသုံးပြုကာ ထီးရွက်ပေါ်တွင် ကနုတ်ပန်းချီ ရေးဆွဲခြင်း၊ ရှုခင်းပုံများ ရေးဆွဲခြင်း၊ ရှေးခေတ်ပန်းချီ လက်ရာများ ရေးဆွဲခြင်းများ၊ ဆေးဆိုးခြင်းများ ပြုလုပ်၍ ထီးရွက်ကို အလှဆင်ထားသည့်အတွက် မြန်မာ့လက်မှုအနုပညာကို ဖော်ထုတ်နိုင်သည့် ရိုးရာလုပ်ငန်းတစ်ခုအဖြစ် ထင်ရှားကျော်ကြားလျက်ရှိသည်။

ပုသိမ်ထီးကို ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ စစ်ကိုင်း ၊ မွန်ပြည်နယ်နှင့် မြန်မာနိုင်ငံအနှံ့အပြားမှဝယ်ယူလျက်ရှိပြီး ၁၀ လက်မခွဲဆိုဒ် အလှဆောင်းထီး တစ်လက်လျှင် ကျပ် ၁၂၀၀၀၊ ၁၄ လက်မထီး ကျပ် ၁၄၀၀၀၊ ၁၅ လက်မထီး ကျပ် ၁၆၀၀၀ ဈေးနှင့် ပြည်တွင်းဈေးကွက်ဝယ်ယူသူများမှ အမှာစာဖြင့်လည်းကောင်း လူကိုယ်တိုင် လာရောက်ဝယ်ယူမှုရှိကြသည်။ ဟိုတယ်အလှဆင်ရန်နှင့် ကမ်းခြေသုံးထီး ၃ပေ၊ ၄ ပေထီး တစ်လက်လျှင် ကျပ် ၁၆၀၀၀၀-၂၀၀၀၀၀ ဖြင့် ရောင်းချလျက်ရှိပြီး ပြည်တွင်းသုံးစွဲရန်နှင့် ပြည်ပတင်ပို့ရန် ကုမ္ပဏီများမှ လာရောက်ချိတ်ဆက်မှုများရှိကြောင်း ကုန်ကြမ်းဈေးနှုန်းများ မြင့်တက်မှုရှိသည့်အတွက် ယခုနှစ် ပုသိမ်ထီးတစ်လက်လျှင် ကျပ် ၂၀၀၀-၃၀၀၀ ဈေးနှုန်း မြင့်တက်လျက်ရှိကြောင်း ဈေးကွက်မှ သိရသည်။

**ဧရာမြေ (ပုသိမ်)**

# ပခုက္ကူမြို့တွင် ဒေသတွင်း တစ်နိုင်တစ်ပိုင် မြေပဲဆုံဆီလုပ်ငန်းများ တွင်ကျယ်စွာ လုပ်ကိုင်လျက်ရှိ

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့တွင် ပြည်တွင်းဆီစက်/ဆုံဆီ လုပ်ငန်း များတွင်ကျယ်စွာ လုပ်ကိုင်လျက်ရှိပြီး ဆုံဆီလုပ်ငန်းရှင်တစ်ဦးမှ မြေပဲဆုံဆီလုပ်ငန်းကို တည်ထောင်ခဲ့သည်မှာ (၆/၇)နှစ်ခန့် ရှိပြီဖြစ်ကြောင်း၊ ယခင်ကထက် တိုးချဲ့၍ ဆုံခြောက်လုံးတွဲဖြင့် ကြိတ်ခွဲနေရကြောင်း၊ လျှပ်စစ်မီးလာသည့် အချိန်ပေါ်တွင် မူတည်၍ တစ်ရက်လျှင် ၂၅ ပိဿာဝင် မြေပဲအိတ်(၈/၉)အိတ်ခန့်ကြိတ်ခွဲရကြောင်း၊ အိမ်တွင် ပဲခွဲစက်ရှိ၍ လုပ်သားများခေါ်ပြီး ပဲရွေး သန့်စင်ကြောင်း၊ လုပ်သား ငါးဦးရှိပြီး လုပ်သားခမှာ တစ်ရက်လျှင် အမျိုးသားတစ်ဦး ကျပ် ၁၀၀၀၀၊ အမျိုးသမီးအလုပ်သမတစ်ဦးလျှင် ကျပ် ၈၀၀၀ ပေး ရကြောင်း၊ ဆုံဆီ၏ အရည်အသွေးကိုလည်း အာမခံကြောင်း၊ မြေပဲဆန်ကို နဝလီ အငှားမကြိတ်ဘဲ ကိုယ်ပိုင်အမှတ်တံဆိပ်ဖြင့်သာ (၁/၃/၅/၁၀)ပိဿာဝင်ဘူးများဖြင့် ရောင်းချကြောင်း သိရသည်။

ကုန်ကြမ်း မြေပဲဆန်ကို မြို့ပေါ်ရှိ မြေပဲပွဲရုံများနှင့် ပခုက္ကူနယ်ရှိ ကိုင်း၊ အင်ပင်၊ ချောက်ကန်ကျေးရွာ၊ ညောင်ဦးနယ်ရှိ ပျော့ကန်၊ ငါ့ သရောက် ကျေးရွာမှ တောင်သူများက အိမ်သို့ လာရောက်ရောင်းချကြောင်း၊ မြေပဲလုံးဆန်တစ်ပိဿာ ကျပ် ၉၅၀၀-၉၆၀၀ ဖြင့် ဝယ်ယူရကြောင်း၊ မြေပဲဆုံဆီ တစ်ပိဿာလျှင် ကျပ် ၁၉၀၀၀ ဖြင့် ရောင်း ချ၍ ပဲဖတ်တစ်ပိဿာကို ကျပ် ၄၆၀၀/ ၄၇၀၀ ဖြင့် ပွဲစားများက အိမ်သို့ လာရောက်ဝယ်ယူကြောင်း၊ မြေပဲဆုံဆီလုပ်ငန်းအနေဖြင့် ယခုနှစ်သည် ပိုမို တွင်ကျယ်စွာ ကြိတ်ခွဲလုပ်ကိုင်ရကြောင်း၊ ဈေး ကွက်အနေဖြင့် ပခုက္ကူမြို့မဈေး၊ ကုန်စုံဆိုင်နှင့် စူပါမားကတ်များ၊ ရန်ကုန်၊ မန္တလေး၊ မိုးကုတ်မြို့များသို့ အမှာရှိလျှင် တင်ပို့ရောင်းချကြောင်း သိရသည်။

**သူဇာကျော်(ပခုက္ကူ)**



# တညင်းကုန်း လက်ကားဈေးကြီးတွင် ရက်သတ္တပတ်အတွင်း ရောင်းချနေသော ကုန်ဈေးနှုန်း အခြေအနေ

အင်းစိန်မြို့နယ်ရှိ တညင်းကုန်း လက်ကားဈေးကြီးတွင် ဇွန်လ နောက်ဆုံးပတ်အတွင်း ခရမ်းချဉ်သီး ထိုင်ဝမ်(ပိဿာ) ကျပ် ၂၄၀၀ မှ ၃၅၀၀ အတွင်း၊ ဂေါ်ဖီထုပ်(တစ်ထုပ်)ကျပ် ၁၀၀၀ မှ ၁၇၀၀ အတွင်း၊ ပန်းဂေါ်ဖီ(ထုပ်)ကျပ် ၁၅၀၀ မှ ၂၅၀၀ အတွင်း၊ အာလူး(ပိဿာ)ကျပ် ၂၅၀၀ မှ ၃၀၀၀ အတွင်း၊ မုန်လာဥနီ(ပိဿာ) ကျပ် ၆၀၀၀ မှ ၇၀၀၀ အတွင်း ရွှေဖရုံသီး(လုံး)ကျပ် ၁၅၀၀ မှ ၂၀၀၀ အတွင်း၊ ဘူးသီး(လုံး) ကျပ် ၁၅၀၀ မှ ၃၀၀၀ အတွင်း၊ မုန်ညင်း(ထုပ်)(ပိဿာ)ကျပ် ၃၅၀၀ မှ ၆၀၀၀ အတွင်း၊ ကြက်သွန်နီ(ဆိပ်ဖြူ)ကျပ် ၁၁၀၀ မှ ၁၆၀၀ အတွင်း၊ ကြက်သွန်ဖြူ(ရှမ်း)(ပိဿာ)ကျပ် ၅၀၀၀ မှ ၇၀၀၀အတွင်း၊ ကြက်သွန်ဖြူ(ကြူကုတ်)(ပိဿာ) ကျပ် ၉၀၀၀ မှ ၁၀၀၀၀ အတွင်း၊ ချင်း(ပိဿာ)ကျပ် ၃၀၀၀ မှ ၅၀၀၀ အတွင်း၊ ဆလပ်ရွက်(စီး) ကျပ် ၃၀၀ မှ ၅၀၀ အတွင်း၊ ချဉ်ပေါင်ရွက်(စည်း) ကျပ် ၁၀၀ မှ ၂၀၀ အတွင်း၊ ခရမ်းသီး (ရှည်) (ပိဿာ)ကျပ် ၂၅၀၀ မှ ၃၅၀၀ အတွင်း၊ သံပရာသီး(လုံး)ကျပ် ၅၀ မှ ၂၅၀ အတွင်း၊ ငရုတ်သီးစိမ်း (ကျောက်စိမ်း) (ပိဿာ)ကျပ် ၄၀၀၀ မှ ၅၀၀၀ အတွင်း၊ ဖရဲသီး (အကြီး၊ အလတ်၊ အသေး)ကျပ် ၁၅၀၀ မှ ၆၀၀၀ အတွင်း ဈေးနှုန်း များရှိကြောင်း သိရသည်။

တညင်းကုန်းလက်ကားဈေးကြီးအတွင်းသို့ ယခုရက်သတ္တပတ်အတွင်း သံပရာသီး အလုံးရေ ၁၃၂၅၄၅၀ ကျော်၊ ခရမ်းသီး(ရှည်) (ပိဿာ) ၄၅၅၃၀ ကျော်၊ ဘူးသီးအလုံးရေ ၁၅၄၀၀ ကျော်၊ ရွှေဖရုံသီးအလုံးရေ ၁၀၆၂၅ ကျော်၊ ဂေါ်ဖီ ထုပ် ရေ ၉၀၈၂၅ကျော်၊ ပန်းဂေါ်ဖီထုပ် ၄၅၀၀၀ကျော်၊ မုန်ညင်းထုပ် (ပိဿာ)ပေါင်း ၁၃၄၉၅ ကျော်၊ ဖရဲသီးအလုံးရေ ၂၈၃၃၃ ကျော် အသီးသီး ကုန်အဝင်ရှိကြောင်း သိရ သည်။

**ဇော်မင်းဦး (ရန်ကုန်)**

# ဈေးကောင်းရနေသည့် ဧရာဒေသထွက် ကွမ်းသီးနုဈေးကွက်

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်နှင့် ဖျာပုံခရိုင်တို့တွင် ကွမ်းသီးပင်များ အများဆုံး စိုက်ပျိုးလျက်ရှိပြီး ထွက်ရှိလာသော ကွမ်းသီးအရင့်များကို ပြည်တွင်းတွင် သုံးစွဲလျက် ကွမ်းသီးအနုများကိုပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ယခင်နှစ် ကွမ်းသီးအနုဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၃၃၀၀ ဈေးနှုန်းသာရှိ၍ ယခုနှစ်တွင် တစ်ပိဿာလျှင် ကျပ် ၅၂၀၀ ဈေးရရှိသဖြင့် ယခင်နှစ်ထက် တစ်ပိဿာလျှင် ကျပ် ၂၀၀၀ ဝန်းကျင် ဈေးနှုန်းပိုမိုရရှိပြီး ကွမ်းသီးစိုက်ပျိုးသော တောင်သူများ ဈေးကောင်းရလျက်ရှိကြောင်း ဈေးကွက်မှ သိရသည်။

ကွမ်းသီးအနုထွက်ရှိချိန် မတ်လအတွင်း ဈေးကွက်သို့ စတင် ဝင်ရောက်လာပြီး ဇွန်၊ ဇူလိုင်လများတွင် အသီးလှိုင်လှိုင် ဝင်၍ ဩဂုတ်လရောက်လျှင် ကွမ်းသီးအနု မထွက်ရှိသောကြောင့် အရောင်းအဝယ်ရာသီ ပြီးဆုံးသွားကြောင်း သိရသည်။ ကွမ်းသီးအနု ထွက်ရှိချိန်တွင် တရုတ်ဝယ်လက်များမှ မြောင်းမြမြို့ပေါ်တွင် ကိုယ်စားလှယ်ထားရှိပြီး အဝယ်ဒိုင်များ ဖွင့်လှစ်ဝယ်ယူ၍ ကျေးရွာများရှိ လက်လီဒိုင်ခွဲ ၃၀/၄၀ မှ လာရောက် ရောင်းချလျက်ရှိကြောင်း သိရသည်။

ကွမ်းသီးအနုဝယ်ယူရာတွင် ကွမ်းသီးအဝိုင်းကို ဝယ်ယူမှုမရှိဘဲ ဒေသအခေါ် ဘဲဥချွန်း၊ ကပ်ချွန်း၊ မျှောချွန်းပုံစံရှိသော အလေးချိန် ၁၉ ဂရမ်နှင့် ၃၇ ဂရမ်အတွင်းရှိ ကွမ်းသီးအစိမ်းရောင်အနုကိုသာ ဝယ်ယူပြီး အဝါရောင်ရှိသော ကွမ်းသီးများကို ဝယ်ယူမှု မရှိကြောင်း သိရသည်။ ကွမ်းသီးအနုအရောင်းအဝယ်ဖြစ်သည့် ကာလများတွင် ကွမ်းပင်တက်သောဒေသခံများမှာ မြောင်းမြခရိုင်၊ ဖျာပုံခရိုင်အတွင်း မြို့နယ်များနှင့် အခြားမြို့နယ်များရှိ ကွမ်းစိုက်ပျိုးသော တောင်သူများ၏ စိုက်ခင်းများသို့ ဈေးကွက်ဝင်သော ကွမ်းသီးအနုများကို လိုက်လံဝယ်ယူကာ လက်လီအဝယ်ဒိုင်ခွဲများသို့ လာရောက် ရောင်းချလျက် အလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး တစ်ရက်ဝင်ငွေ ကျပ် ၁၅၀၀၀-၂၀၀၀၀ ဝန်းကျင်ရရှိနေကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ကွမ်းသီးစိုက်ဧက ၂၁၈၆၂ ဧကရှိပြီး မြောင်းမြခရိုင်တွင် ၃၅၆၉ ဧက နှင့် ဖျာပုံခရိုင်တွင် ၁၁၆၃၂ ဧက စိုက်ပျိုးလျက်ထွက်ရှိလာသော ကွမ်းသီးအနုများကို တရုတ်နိုင်ငံမှ ဝယ်ယူလျက်ရှိကြောင်းသိရပြီး မြောင်းမြမြို့ပေါ် အဝယ်ဒိုင်များမှ ဝယ်ယူ၍ ကွမ်းသီးအနု တစ်အိတ်လျှင် ပိဿာ ၃၀ ထည့်သွင်းပြီး တစ်ဒိုင်လျှင် နေ့စဉ် တစ်ရက်အိတ်ရေ ၂၀၀ နှင့် ၃၀၀ အထက် ရန်ကုန်မြို့သို့ တင်ပို့လျက်ရှိသည်။

ထန်းတပင်မြို့နယ်နှင့် လှိုင်သာယာမြို့နယ်ရှိ စက်ရုံများတွင် ကွမ်းသီးအနုများကို ပြုတ်၍ တရုတ်နိုင်ငံသို့တင်ပို့ပြီး တရုတ်နိုင်ငံတွင် အဆိုပါ ကွမ်းသီးအနုများကို ပြန်ပေါင်း၍ ကုန်ချောပြုလုပ်ကာ အစားအစာအဖြစ် သုံးစွဲလျက်ရှိကြောင်း သိရသည်။

**ဧရာမြေ(ပုသိမ်)**



# အိမ်ခြံမြေ ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေ အဖွဲ့




အိမ်ခြံမြေ တိုက်တာ အဆောက်အအုံများသည် ရင်းနှီးမြှုပ်နှံမှု Portfolio အစုထဲတွင် အရေးပါသည့် အမျိုးအစားတစ်ခု ဖြစ်သည်။ ရင်းနှီးမြှုပ်နှံသူများသည် ခိုင်မာသည့် ရင်းနှီးမြှုပ်နှံမှုများ အဖြစ် အိမ်၊ ခြံ၊ မြေ တိုက်တာများကို ရှေးမဆွကပင် ဝယ်ယူရင်းနှီးမြှုပ်နှံကြသော်လည်း ယင်းထက်ပိုမို အဆင့်မြင့်သည့် အိမ်ခြံမြေ အခြေပြု ရင်းနှီးမြှုပ်နှံမှု စာချုပ်စာတမ်းများဖြစ်သည့် Real Estate Investment Trust (REIT)များတွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံသည့် အလေ့အထ နည်းပါးလျက်ရှိသည်။

REIT များတွင် ရင်းနှီးမြှုပ်နှံမှုမပြုလုပ်မီ အစောပိုင်းကာလများတွင် ရင်းနှီးမြှုပ်နှံသူများသည် အိမ်ခြံမြေကုမ္ပဏီများတွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံခြင်းဖြင့်လည်းကောင်း၊ အိမ်ခြံမြေ တိုက်ခန်းများကို ကိုယ်တိုင်ကိုယ်ကျ တိုက်ရိုက်ဝယ်ယူခြင်းဖြင့် လည်းကောင်း အတွေ့ အကြုံ များ ရယူရန် လိုအပ်သည်။ ဆက်လက်၍ နောက်တစ်ဆင့်တက်ကာ REIT များတွင် မိမိတို့၏ငွေကြေး တစ်စိတ်တစ်ပိုင်းကို ရင်းနှီးမြှုပ်နှံခြင်းဖြင့် စတင်သင့်သည်။

အမှန်စင်စစ် REIT များသည် အရွယ်အစားကြီးမားပြီး အရည်အသွေးမြင့်သည့် အိမ်ခြံမြေ ပရောဂျက်ကြီးများဖြစ်ပြီး ယင်းပရောဂျက်များတွင်ပါဝင်သည့် မည်သည့် အိမ်ခြံမြေ အစိတ်အပိုင်းကိုမျှ တိုက်ရိုက်ဝယ်ယူရန်မလိုဘဲ သွယ်ဝိုက်၍ ရင်းနှီးမြှုပ်နှံခြင်းဖြစ်သည်။ REIT များတွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံခြင်းဖြင့် တည်ငြိမ်၍ မြင့်မားသော အကျိုးအမြတ်များကို ရရှိစေသည်။

REIT (Real Estate Investment Trust) ဆိုသည်မှာ ဝင်ငွေများ ပြန်လည်ရရှိနေသည့် ကော်မာရှယ် အိမ်ခြံမြေလုပ်ငန်းများ ဖြစ်သည့် ဈေးဝယ်စင်တာကြီးများ၊ ဆေးရုံများ၊ စိုက်ခင်းကြီးများ၊ ဟိုတယ်ကြီးများ၊ ရုံးခန်းများ၊ ဒေတာစင်တာများ၊ ကုန်တိုက်ကြီးများ၊ လူနေအဆောက်အအုံများ အစရှိသည့် လုပ်ငန်းများကို ပိုင်ဆိုင်ကာ ကိုယ်တိုင်လည်ပတ်နေသည့် ရန်ပုံငွေအဖွဲ့များဖြစ်သည်။ ယင်း အဖွဲ့များသည် တစ်ဦးချင်းနှင့် အဖွဲ့အစည်းလိုက် ရင်းနှီးမြှုပ်နှံသူများသို့ ၎င်းတို့၏ ရန်ပုံငွေအစုများကို ထုတ်ရောင်းခြင်းဖြင့် လိုအပ်သည့် ရင်းနှီးငွေများကို တိုးပွားစေရန်ဆောင် ရွက်လေ့ရှိသည်။ ရင်းနှီးမြှုပ်နှံသူတစ်ဦးအနေနှင့် အဆိုပါ REIT ရန်ပုံငွေ အစုများကို ဝယ်ယူထားခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေသည်။

- အိမ်ခြံမြေများတွင် တိုက်ရိုက်ရင်းနှီးစရာမလိုဘဲ မိမိတတ်နိုင်သည့် အသေးငယ်ဆုံး ငွေကြေးအစိတ်အပိုင်း တစ်ခု အထိ ဝယ်ယူရင်းနှီးမြှုပ်နှံနိုင်ခြင်း၊
- REIT များသည် သာမန် အိမ်မြံမြေများကို ဝယ်ယူရောင်းချခြင်းထက် ငွေဖြစ်လွယ်မှု ပိုမိုလွယ်ကူ မြန်ဆန်စေခြင်း၊
- REIT ရန်ပုံငွေအစုများသည် ရှယ်ယာအမြတ်ဝေစုကဲ့သို့ပင် တည်ငြိမ်သည့် ဝင်ငွေကိုရရှိပြီး ယင်းဝင်ငွေကို ရင်းနှီးမြှုပ်နှံထားသည့် အိမ်ခြံမြေများမှ ငှားရမ်းခများမှ ရရှိစေခြင်း၊
- အရည်အသွေးမြင့်မားပြီး ကြီးမားသည့် ပရောဂျက်ကြီးများ ဖြစ်သည့်အတွက် ယင်းပုံရိပ်များသည် ရှယ်ယာရှင်များ၏ ဝင်ငွေကောင်းမွန်မှုကို ထင်ဟပ်စေခြင်း၊
- ပရော်ဖက်ရှင်နယ်များမှ ဦးဆောင်ကာ အဆိုပါ အက်ဆက်များကို စီမံခန့်ခွဲနေခြင်းကြောင့် အဆိုပါ REIT ၏ တန်ဖိုးကို မြင့်တက်စေပြီး ပြန်ရနှုန်းကိုလည်းပိုမိုမြင့်မား စေခြင်းတို့ဖြစ်သည်။

**REIT များဝယ်ယူရာတွင် ထည့်သွင်းစဉ်းစားရမည့်အချက်များ**

ဈေးကွက်တွင်ဖြစ်ပေါ်နိုင်သည့် ယေဘုယျ ဆုံးရှုံးနိုင်ခြေများ၊ နိုင်ငံရေးအခြေအနေများ၊ အရင်းအနှီး ဈေးကွက်နှင့် အတိုးနှုန်းများ အပြင် အောက်ဖော်ပြပါ အချက်များကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။

- စီမံခန့်ခွဲမှု အရည်အချင်းများ၊ REIT ၏ ဖွဲ့စည်းပုံနှင့် REIT အဖွဲ့တွင် တာဝန်ယူဆောင်ရွက်နေသည့် မန်နေဂျာများ၏ အရည်အချင်းများနှင့် ကိုယ်ကျင့်သိက္ခာ၊
- ရင်းနှီးမြှုပ်နှံသည့် ရည်ရွယ်ချက်နှင့် ကျင့်သုံးသည့် မဟာဗျူဟာများ၊
- ထည့်ဝင်ရင်းနှီးမြှုပ်နှံထားသည့် အိမ်မြံမြေများ၏ အရည်အသွေး၊ ပေါင်နှံမှု အခြေအနေ၊ ပထဝီ အနေအထား၊ ငှားရမ်းနေထိုင်မှု အနေအထား၊
- အကျိုးအမြတ်ခွဲဝေမှု မူဝါဒနှင့် အခွန်မူဝါဒများ စသည်တို့ ဖြစ်ပါသည်။

## ထွန်းသက်ထွန်း

**REIT မှ မည်သို့သော အကျိုးအမြတ်များ မျှော်လင့်နိုင်သနည်း။**

ပုံမှန်အားဖြင့် REIT ယူနစ်များကို ကိုင်ဆောင်ထားသူများသည် အောက်ဖော်ပြပါ အကျိုးအမြတ်များကို မျှော်လင့်နိုင်ပါသည်။

- ဝင်ငွေခွဲဝေမှု ပေါ်လစီအရ REIT ယူနစ်ကိုင်ဆောင်ထားသူများသို့ ခွဲဝေပေးသည့် အမြတ်ငွေ၊
- REIT ယူနစ်များ ဈေးနှုန်းမြင့်တက်မှုမှ ရရှိသည့် အမြတ်ငွေတို့ဖြစ်ပါသည်။

REIT ၏ ပြန်ရနှုန်း (Yield) ကို နာမည်ကျော် သတင်းစာများ၏ စီးပွားရေးကဏ္ဍတွင် ထည့်သွင်းဖော်ပြလေ့ရှိပါသည်။ ယင်း၏ ပြန်လည်ရရှိမည့်နှုန်းကို အောက်ဖော်ပြပါ ပုံသေနည်းအတိုင်း တွက်ချက်ပါသည်။

ဖြန့်ဝေသည့်နှုန်း = REIT ပိုင်ရှင်သို့ ပေးဝေသည့် အမြတ်ငွေ / REIT ယူနစ်တစ်ခု၏ ဈေးကွက်ပေါက်ဈေး

REIT အဖွဲ့များ၏နှစ်ပတ်လည် အစီအရင်ခံစာများတွင် တွေ့ရှိမည့် အချက်များမှာ -

- Net Asset Value (NAV): REIT တစ်ခု၏ တန်ဖိုးကို ယင်းအစုထဲတွင်ပါဝင်သည့် ကိုင်တွယ်၍ ရနိုင်သော အခြေပစ္စည်းများ၏တန်ဖိုးကို ပေးရန်တာဝန်များ နုတ်ထားသည့် တန်ဖိုးဖြစ်ပါသည်။
- Management Expense Ratio : REIT ရန်ပုံငွေအစုကို စီမံခန့်ခွဲပေးသည့် စရိတ်။ NAV ထဲတွင် ပါဝင်သည့် စရိတ်။
- Total Return : REIT တန်ဖိုး ပြောင်းလဲမှုနှင့် ကာလတစ်ခုအတွင်း ပြန်လည်ရရှိသည့် နှုန်းပေါင်းခြင်း ရလဒ် စသည်တို့ဖြစ်ပါသည်။

**Reference : Investment guide book**

# ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ကုန်စည်ဒိုင်၏ ပဲမျိုးစုံ ပြည်တွင်းတစ်တန် ဈေးနှုန်းများ

ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ကုန်စည်ဒိုင်၏ ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ် ဇူလိုင်လ ၃ ရက်တွင်ဖြစ်ပေါ်နေသည့် ပဲမျိုးစုံ ပြည်တွင်းတစ်တန်ဈေးနှုန်းများ နှိုင်းယှဉ်ရာတွင် မတ်ပဲတစ်တန်ဈေးနှုန်းမှာ ၂၀၂၄ ခုနှစ်တွင် ကျပ် ၃၃၃၀၀၀၀ ရှိရာမှ ၂၀၂၅ ခုနှစ်တွင် ကျပ် ၃၀၁၀၀၀၀ သို့လည်းကောင်း၊ ပဲစင်းငုံတစ်တန် ဈေးနှုန်းမှာ ၂၀၂၄ ခုနှစ်တွင် ကျပ် ၄၄၈၀၀၀၀ ရှိရာမှ ၂၀၂၅ ခုနှစ်တွင် ကျပ် ၂၈၂၃၀၀၀ သို့လည်းကောင်း အသီးသီး ဈေးကျဆင်းသွားပြီး ပဲတီစိမ်းတစ်တန်ဈေးနှုန်းမှာ ၂၀၂၄ ခုနှစ်တွင် ကျပ် ၂၀၉၄၄၀၀ ရှိရာမှ ၂၀၂၅ ခုနှစ်တွင် ကျပ် ၃၇၈၇၆၀၀ သို့ လည်းကောင်း၊ ပဲလွမ်းဖြူအနေဖြင့် ၂၀၂၄ ခုနှစ်တွင် ကျပ် ၂၄၀၀၆၀၀ ရှိရာမှ ၂၀၂၅ ခုနှစ်တွင် ကျပ် ၂၈၀၇၈၀၀ သို့လည်းကောင်း အသီးသီး ဈေးမြင့်တက်သွားသည်ကို တွေ့ရှိရသည်။

လက်ရှိတွင် အိန္ဒိယအစိုးရ နိုင်ငံခြားကုန်သွယ်မှု အထွေထွေညွှန်ကြားမှုဦးစီးဌာနက ပဲစင်းငုံနှင့် မတ်ပဲကို လွတ်လပ်စွာတင်သွင်းခွင့် မူဝါဒကို ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ သက်တမ်းတိုးလိုက်သည့်အတွက် မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့လျက်ရှိသော ပဲစင်းငုံနှင့် မတ်ပဲအတွက် ဈေးကွက်အခွင့်အလမ်းများ ဆက်လက်ရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

တောင်သူများအနေဖြင့် ပဲမျိုးစုံများအနက် ပဲစင်းငုံနှင့် မတ်ပဲအား စီးပွားဖြစ် ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

**ဇာစ်မြစ်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၀၂၄ ခုနှစ် နှင့် ၂၀၂၅ ခုနှစ်တို့၏ ဇူလိုင်လ ၃ ရက် နေ့တွင် ဖြစ်ပေါ်နေသည့် ပဲမျိုးစုံများ၏ အမြင့်ဈေးနှုန်းများအား ကာလတူ နှိုင်းယှဉ်ထားခြင်းဖြစ်ပါသည်။**


၃.၇.၂၀၂၅

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၀၂၄ ခုနှစ် နှင့် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့တွင် ဖြစ်ပေါ်နေသည့် ပဲမျိုးစုံ ပြည်တွင်းတစ်တန်ဈေးနှုန်းကာလတူနှိုင်းယှဉ်ချက်

ရေတွက်ပုံ- တန်/ကျပ်

| စဉ် | လအမည် | မတ်ပဲ | ပဲစင်းငုံ | ပဲတီစိမ်း | ပဲလွမ်းဖြူ |
|---|---|---|---|---|---|
| ၁ | ၂၀၂၄ (ဇူလိုင်လ) | ၃၃၃၀၀၀၀ | ၄၄၈၀၀၀၀ | ၂၀၉၄၄၀၀ | ၂၄၀၀၆၀၀ |
| ၂ | ၂၀၂၅ (ဇူလိုင်လ) | ၃၀၁၀၀၀၀ | ၂၈၂၃၀၀၀ | ၃၇၈၇၆၀၀ | ၂၈၀၇၈၀၀ |

ဇာစ်မြစ်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၀၂၄ ခုနှစ် နှင့် ၂၀၂၅ ခုနှစ် တို့၏ ဇူလိုင်လ ၃ ရက်နေ့တွင်ဖြစ်ပေါ်နေသည့် ပဲမျိုးစုံများ၏ အမြင့်ဈေးနှုန်းများအား ကာလတူနှိုင်းယှဉ်ထားခြင်းဖြစ်ပါသည်။




SWTun (Domestic YGN TC)

# ၂၀၂၅ ခုနှစ်တွင် ကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၃၅ ဘီလီယံရောက်ရှိရန် အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့ ရည်မှန်းချက်ချ

အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့သည် ကုန်းလမ်း၊ လေကြောင်းလမ်းနှင့် ရေကြောင်းတို့မှ ချိတ်ဆက်မှုမြှင့်တင်ခြင်းနှင့် ကုန်သွယ်မှုအတားအဆီးများ လျှော့ချခြင်းအားဖြင့် နှစ်နိုင်ငံအပြန်အလှန် ကုန်သွယ်မှုကို ၂၀၂၇ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၅ ဘီလီယံထိ ရောက်ရှိရန် ရည်မှန်းထားကြောင်း သိရသည်။

၂၀၂၄ ခုနှစ်တွင် နှစ်နိုင်ငံကြား အပြန်အလှန် ကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၅ ဘီလီယံထိ ရောက်ရှိခဲ့ပြီး ၂၀၂၃ ခုနှစ်ကထက် ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း အိန္ဒိယ-ထိုင်း ကုန်သည်များအသင်းက ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဇွန် ၂၆ ရက်ကကျင်းပခဲ့သည့် Connection & Converse ပွဲအခမ်းအနားတွင် ထိုင်းကုန်သွယ်ရေးတာဝန်ရှိသူတစ်ဦးဖြစ်သည့် Nalinee Taveesin က ပြောကြားခဲ့သည်။

Ms Nalinee က ထိုင်းနိုင်ငံသည် ၎င်းတို့၏ ထွန်းသစ်စ လုပ်ငန်းများ အထူးသဖြင့် အရှေ့ပိုင်းစီးပွားရေးစကြ်္ကန်တိုးမြှင့်ရန်နှင့် ထိုင်းနိုင်ငံ ဆီလီကွန်တောင်ကြားတည်ထောင်ရန်အတွက် အာကာသနည်းပညာ၊ AI နည်းပညာ၊ ဇီဝနည်းပညာ၊ လျှပ်စစ်မော်တော်ယာဉ်များနှင့် ဆော့ဖ်ဝဲတို့တွင် အိန္ဒိယ၏ ကျွမ်းကျင်မှုကို ခြေကုပ်ယူနိုင်ရန် ကြိုးပမ်းသွားမည်ဟု ပြောကြားခဲ့သည်။


အိန္ဒိယ-ထိုင်း ကုန်သည်များအသင်း (ITCC) တွင် အဖွဲ့ဝင်ကုမ္ပဏီ ၄၀၀ ခန့်ပါဝင်ပြီး ကျောက်မျက်ရတနာ၊ အဝတ်အထည်၊ ကုန်ထုတ်လုပ်ခြင်းနှင့် ဧည့်ခံရေးလုပ်ငန်းနယ်ပယ်အစရှိသည့် အဓိက ကဏ္ဍများကို လွှမ်းခြုံထားကြောင်း သိရသည်။ ITCC သည် နှစ်နိုင်ငံ၏ ပုဂ္ဂလိက ကဏ္ဍများကြား အားကောင်းသောပူးပေါင်းဆောင်ရွက်မှုအတွက် ယန္တရားတစ်ခုအနေဖြင့် တည်ရှိနေကြောင်း သိရသည်။

Ms Nalinee က အသင်းသည် Public နှင့် Private ကဏ္ဍများကြား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းစဉ်များ ချိတ်ဆက်မှု အရှိန်မြှင့်တင်ရာတွင် ပေါင်းကူးတံတားသဖွယ် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။ ထိုကြိုးပမ်းအားထုတ်မှုသည် ထိုင်း-အိန္ဒိယ ဆက်ဆံရေးအား မဟာဗျူဟာမြောက် မိတ်ဖက်အဖြစ် မြှင့်တင်ရန် ထိုင်းအစိုးရ၏ မျှော်မှန်းချက်နှင့် ချိန်ညှိဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ Ms Nalinee သည် ထိုင်းအစိုးရ၏ ပါဝါပျော့မူဝါဒအောက်တွင် အိန္ဒိယခရီးသွားဈေးကွက် မြှင့်တင်ရေး ဆပ်ကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ခန့်အပ်ခြင်းခံခဲ့ရကြောင်း သိရသည်။

ထိုင်းနိုင်ငံ ခရီးသွားအာဏာပိုင်အဖွဲ့နှင့် သက်ဆိုင်ရာ အေဂျင်စီများနှင့် ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ ဆပ်ကော်မတီသည် အောက်တိုဘာလတွင် နိုင်ငံတစ်ဝန်း ကျင်းပမည့် ဒီဝါလီပွဲတော်တွင် Amazing Thailand Grand Diwali Festival 2025 ကို ကျင်းပရန်အတွက် ပြင်ဆင်နေကြောင်း သိရသည်။

ဗန်ကောက်ရှိ အိန္ဒိယသံရုံး၏ ပံ့ပိုးမှုဖြင့် ကျင်းပမည့်ပွဲတော်သည် အိန္ဒိယကမ္ဘာလှည့် ခရီးသွားများနှင့် ကမ္ဘာတစ်ဝန်းရှိပွဲတော်လည်ပတ်သူများကို ဆွဲဆောင်ရန် ရည်ရွယ်ကြောင်း သိရသည်။ Ms Nalinee က အိန္ဒိယယဉ်ကျေးမှုဖြင့် ပွဲတော်ကျင်းပခြင်းအပြင် ၎င်းတို့သည် နိုင်ငံတစ်ဝန်းစီးပွားရေးကြီးထွားမှု လှုံ့ဆော်ရန်အတွက် ထိုင်းထုတ်ကုန်များ၊ ဝန်ဆောင်မှုများနှင့် ခရီးသွားလုပ်ငန်း လည်ပတ်ရာနေရာများကို ပြသသွားမည်ဟု ပြောကြားခဲ့သည်။

**Bangkok Post၊**
**မြသူ DOCA (ရန်ကုန်)**



# ထိုင်းနိုင်ငံ၌ စပါးဈေးနှုန်းများ ၁၇ နှစ်အတွင်း အနိမ့်ဆုံးသို့ရောက်ရှိ

ထိုင်းနိုင်ငံ၌ စပါးဈေးနှုန်းများသည် ၂၅ ရာခိုင်နှုန်းခန့် သိသာစွာ ကျဆင်းလျက်ရှိပြီး တစ်တန်လျှင် ဘတ်ငွေ ၅၀၀၀ ကျော်နှုန်းထားဖြင့် ၁၇ နှစ်အတွင်း အနိမ့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့မှုအပေါ် တုံ့ပြန်ဖြေရှင်းရန်အတွက် အမျိုးသားဆန်စပါးမူဝါဒနှင့် စီမံခန့်ခွဲမှုကော်မတီ (NRPMC) ၏ ဥက္ကဋ္ဌဖြစ်သူ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး Pichai Chunhavajira က ဇွန် ၂၆ ရက်တွင် အရေးပေါ် အစည်းအဝေးကျင်းပရန် ခေါ်ယူခဲ့ကြောင်း သိရသည်။

ဇွန်လ တတိယပတ်အတွင်း အဓိကဆန်တင်ပို့သူများက ဝယ်ယူသည့်ဈေးနှုန်းများကို သတ်မှတ်ဆုံးဖြတ်မှုကြောင့် ထိုကဲ့သို့ စပါးဈေးနှုန်းများ ကျဆင်းခဲ့ခြင်းဖြစ်ပြီး ဆန်စက်လုပ်ငန်း အများအပြားကလည်း အလျှံစလိုရောင်းချလျက်ရှိခြင်းကြောင့် ဈေးနှုန်းထပ်မံကျဆင်းမှုကို ဖြစ်ပေါ်စေလျက်ရှိကြောင်း The Nation သတင်း ဌာနက ဖော်ပြထားသည်။

ထိုင်းစိုက်ပျိုးရေးလုပ်ငန်းရှင်များအသင်း၏ ဥက္ကဋ္ဌ Pramote Charoensilp က လက်ရှိကာလ၌ တောင်သူများသို့ ကမ်းလှမ်းမှုပြုသည့် လွတ်လပ်သော ဈေးကွက်ဈေးနှုန်းမှာ ထိန်းသိမ်းနိုင်မှုမရှိဘဲ ကျဆင်းနေခြင်းကြောင့် အရေးပေါ် ကြားဝင်ဖြေရှင်းမှုကို လုပ်ဆောင်ရန် လိုအပ်လျက်ရှိကြောင်း၊ နွေစပါးစိုက်ပျိုးသော တောင်သူများသို့ စိုက်ဧရိယာ တစ်ရိုင်လျှင် ဘတ်ငွေ ၁၀၀၀ နှုန်းဖြင့် လယ်သမားတစ်ဦးလျှင် အများဆုံး ၁၀ ရိုင်အထိ တိုက်ရိုက်ငွေကြေး ထောက်ပံ့ရန် NRPMC က အတည်ပြုပေးလိမ့်မည်ဟု မျှော်လင့်ကြောင်း၊ ဈေးကွက်လိုအပ်ချက်နှင့်အညီ စိုက်ပျိုးထုတ်လုပ်မှုကို လယ်သမားများက ပြန်လည်တည်ဆောက်ရာတွင် အကောက်အကူပြုစေရန်အတွက် ရည်ရွယ်ချမှတ်ထားသည့် ဘတ်ဂျက်ရန်ပုံငွေကို ကနဦး မူလ၌ ဘတ် ၂ ဒသမ ၈၆ ဘီလီယံ လျာထားရာမှ ဘတ် ၅ ဘီလီယံအထိ တိုးမြှင့်ပေးရဖွယ်ရှိကြောင်း ပြောကြားခဲ့သည်။ စိုက်ပျိုးရေးပညာပေးဦးစီးဌာန၏ ပြောကြားချက်အရ ယခင်နှစ် နွေစပါးရာသီတွင် တောင်သူ အိမ်ထောင်စုပေါင်း ၃၃၇၀၀၀ က စပါးစိုက်ဧရိယာ ရိုင် ၅ ဒသမ ၆၄ သန်း စိုက်ပျိုးမှုကို မှတ်ပုံတင်ထားရှိခဲ့မှုနှင့် နှိုင်းယှဉ်ပါက ယခုနှစ်တွင် အိမ်ထောင်စုပေါင်း ၈၄၉၀၀၀ သည် နွေစပါးစိုက် ဧရိယာ ရိုင် ၁၁ ဒသမ ၈၃ သန်းအထိ မှတ်ပုံတင်ခဲ့ကြောင်း၊ လယ်သမားမိသားစု မှတ်ပုံတင်မှုအရ ၁၅၁ ရာခိုင်နှုန်းနှင့် စိုက်ပျိုးမှုဧရိယာအရ ၁၁၀ ရာခိုင်နှုန်း တိုးတက်လာခြင်းဖြစ်ကြောင်း သိရှိရသည်။

ဈေးကွက်စီမံဆောင်ရွက်မှုများဆိုင်ရာ ဆပ်ကော်မတီသည် ရှေ့လာမည့် ၂၀၂၅-၂၀၂၆ သီးနှံ ရာသီနှစ်အတွက် စပါးစိုက်ဧရိယာ တစ်ရိုင်လျှင် ဘတ်ငွေ ၂၀၀၀ ထောက်ပံ့ပေးအပ်မည့် အစီအစဉ်ကို အတည်ပြုထားပြီးဖြစ်ကြောင်း၊ မကြာမီသေးမီကာလတွင် ဓာတ်မြေဩဇာဈေးနှုန်း တစ်တန်လျှင် ဘတ် ၂၀၀ ပိုမိုမြင့်တက်လာမှု၊ လူနေမှုစရိတ် ကြီးမြင့်မှုများနှင့် စပါးဈေးနှုန်းကျဆင်းမှုတို့ကို ကာမိစေရန်အတွက် ယခင်နှစ်ထက် ပိုမိုလျက် တောင်သူတစ်ဦးလျှင် ၁၀ ရိုင်မှ ၂၅ ရိုင်အထိ ထောက်ပံ့ရန် ကနဦး ဆွေးနွေးမှုများ ပြုလုပ်ထားကြောင်း၊ စပါးဈေးနှုန်းကျဆင်းခြင်း၊ ငွေကြေးဖောင်းပွခြင်းနှင့် သွင်းအားစုစရိတ်မြင့်မားခြင်း စသည့် ဘက်ပေါင်းစုံမှ ရိုက်ခတ်မှုများကို တောင်သူများခံစားနေရသဖြင့် ဖြေလျှော့မှု အစီအမံများ အရေးပေါ် လုပ်ဆောင်ပေးရန် ၎င်းတို့အသင်းက အစိုးရသို့ တိုက်တွန်းထားကြောင်း Mr. Pramote က ပြောကြားခဲ့သည်။

**Source: The Nation Thailand, June 24, 2025**
**ပိုးဇာခြည်၊ DOCA**

# ထိုင်းနိုင်ငံ ဘဏ္ဍာရေးဝန်ကြီး ဦးဆောင်သည့် အခွန်အကောက်ဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ အမေရိကန်နိုင်ငံသို့ သွားရောက်မည်

ဘဏ္ဍာရေးဝန်ကြီး Pichai Chunhavajira ဦးဆောင်သည့် ထိုင်းနိုင်ငံ၏ အခွန်အကောက်ဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့သည် ကုန်သွယ်မှုဆိုင်ရာ ဆွေးနွေးပွဲများပြုလုပ်ရန် ဇူလိုင်လ ပထမပတ်အတွင်း အမေရိကန်နိုင်ငံသို့ သွားရောက်ရန် စီစဉ်ထားသည်ဟု ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။ အဖွဲ့ ၁၀ ဦးအထိပါဝင်သည့် အဆိုပါအဖွဲ့တွင် ကူးသန်းရောင်းဝယ်ရေး အမြဲတမ်းအတွင်းဝန် Vuttikrai Leewiraphan ပါဝင်မည်ဖြစ်သည့်အပြင် အမေရိကန်နှင့် ကုန်သွယ်ရေးဆွေးနွေးရာတွင် အရေးပါသည့်သူများလည်း ပါဝင်မည်ဖြစ်သည်။

ထိုင်းနိုင်ငံအနေဖြင့် အဆိုပါခရီးစဉ်တွင်အခြားခေါင်းစဉ်များကို ဆွေးနွေးခြင်းမပြုဘဲ အခွန်အကောက်ဆိုင်ရာကိစ္စကို အမေရိကန်မှ ပြန်လည်သုံးသပ်နိုင်ရေးအတွက် ပြီးပြည့်စုံသည့် အချက်အလက်များနှင့် ရှုထောင့်အမျိုးမျိုး တိုင်းတာမှုအမျိုးမျိုးတို့ဖြင့် ဆွေးနွေးနိုင်ရေး ပြင်ဆင်စီမံထားပြီး ဖြစ်သဖြင့် ရလဒ်ကောင်းတစ်ရပ် ရရှိမည်ဟု မျှော်လင့်ထားကြောင်း သိရသည်။ ဘဏ္ဍာရေးဝန်ကြီး Pichai Chunhavajira သည် အမေရိကန်နှင့် အကောက်ခွန်ဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲသို့ ပထမဆုံးအကြိမ် တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

ကူးသန်းရောင်းဝယ်ရေး အမြဲတမ်းအတွင်းဝန် Mr Vuttikrai သည် ဇွန်လအစောပိုင်းတွင် အမေရိကန်ကုန်သွယ်ရေး ကိုယ်စားလှယ်များနှင့် virtual တွေ့ဆုံမှုတစ်ခု ပြုလုပ်ခဲ့ပြီး အမေရိကန်မှ တင်သွင်းမှု တိုးမြှင့်ခြင်းအပါအဝင် အဓိကကဏ္ဍ ငါးခုကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြောင်း သိရသည်။ သွင်းကုန်များအပေါ် အခွန်နှင့် အခွန်ကင်းလွတ်မှုဆိုင်ရာ အစီအမံများကို ဖြေလျှော့ပေးမည်ဟု ထိုင်းနိုင်ငံအနေဖြင့် မျှော်လင့်နေသည်။ အမေရိကန်နှင့် ထိုင်းနိုင်ငံတို့သည် အိမ်မွေးတိရစ္ဆာန် အစားအစာ ထုတ်လုပ်ခြင်း ကဲ့သို့သော နှစ်ဦးနှစ်ဖက် အကျိုးရှိစေမည့် လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် ထိုင်းနိုင်ငံသည် တတိယနိုင်ငံများ၏ Made in Thailand တံဆိပ်ကို အလွဲသုံးစား ပြုလုပ်ခြင်းမှ ကာကွယ်ရန်အတွက် ၎င်း၏ ပို့ကုန်ထုတ်ကုန်များကို ကုန်အမှတ်တံဆိပ် အညွှန်းကို ပွင့်လင်းမြင်သာမှုရှိအောင် ပိုမိုဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုင်းနိုင်ငံအစိုးရက ထိုင်းစီးပွားရေးလုပ်ငန်းများကို အမေရိကန်၌ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် တွန်းအားပေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုင်းနိုင်ငံသည် ၎င်း၏ ကနဦး ကုန်သွယ်မှုအဆိုပြုချက်ကို အမေရိကန်နိုင်ငံသို့ ဇွန် ၂၀ ရက်က တင်သွင်းခဲ့ပြီး အနာဂတ်တွင် ပိုမိုအသေးစိတ်သည့် စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်ရန် စီစဉ်သင့်သည်ဟု Mr Vuttikrai က ပြောကြားခဲ့သည်။ ကုန်သွယ်ရေးဝန်ကြီး Pichai Naripthaphan က အစောပိုင်းတွင် အမေရိကန်နှင့် အပြန်အလှန် အကောက်ခွန်ဆိုင်ရာ ဆွေးနွေးမှုများသည် တိုးတက်မှုရရှိခဲ့ပြီး နှစ်ဖက်စလုံးမှ သွင်းကုန်ခွန် ၁၀ရာခိုင်နှုန်းအထိ လျှော့ချရန် ၎င်းအနေဖြင့် မျှော်လင့်ထားကြောင်း သိရှိရသည်။

**မြိတ်ကုန်သွယ်ရေးစခန်း**
**Source : Bangkok Post**


NSD
NATIONAL SHIPPING DEVELOPMENT Co.,LTD
Our Services
Sea Freight
Air Freight
Vehicle Imports
Cross Border Sales
Cargo Insurance
Import/Export Customs
Myanmar Office
NSD-National Shipping Development Co.,Ltd
No.247/249, 9B, Bo Myat Tun Steet, Botahtaung Tsp, Yangon Region, Myanmar.
Ph: 09457499259 / Email - sales@nsdgroups.com
Thailand Office
NSD Logistics Group Co.,Ltd
159/22 M.9 Thepkasattri Thalang Phuket 83110 Thailand.
Ph +959 457499259 / Email - sales@nsdgroups.com


GREEN SHINE
Company Limited
GREEN SHINE
Company Limited
09 782 493 934 admin@greenshinemm.com
NO. (108), CORNER OF KABAR AYE PAGODA ROAD AND NAT MAUK ROAD, BO CHO (1) QUARTER, BAHAN TOWNSHIP, YANGON REGION, MYANMAR 11201
NO. C-53, PATHEIN INDUSTRIAL CITY, PATHEIN-NGA PU TAW ROAD PATHEIN TOWNSHIP, AYEYARWADDY REGION, MYANMAR 10011


အရည်အသွေး
ကောင်းမွန်သောကားအမျိုးအစားစုံ
စိတ်ကြိုက်ရွေးချယ်ဖို့
JPM နဲ့ဆက်သွယ်စို့...
JPM
CAR SALE CENTER
jpmautocenter@gmail.com
www.jpmmotors.com
HOT LINE : 09253008800
အမှတ် (၄၂-အေ)၊တက္ကသိုလ်ရိပ်သာလမ်းသစ်၊ဗဟန်းမြို့နယ်၊ရန်ကုန်။ Ph: 09 44 888 2944,09 7 3333 555

မြန်မာ့ရိုးရာ
ငရုတ်ဆီ
Sein
Brown Chilli Sauce
DELOUS
No 1101, 1102, 1103, Shwe Taung Kyar Street, 63 Quarter, Industruial Zone -2,
Dagon Myothit ( South ) Township, Yangon Region, Myanmar, 11431.
(Hot Line) : 09883493884, (YGN) Ph : 09 977899668, 977899669


TRUST®
FOR EXTRA POWER
STOP
WITH CONFIDENCE
BRAKE FLUID DOT-3
TRUST
BRAKE FLUID
DOT-3
500ml
Authorized Distributor & Sole Agent :
JVC International Company Limited
www.trustengineoil.com
Office Address : No. (322), Mahar Bandoola Park Street, Kyauktada Township, Yangon.


TR
Ever, Always, Sunshine
အလူမီနီယံဖြန့်ချိရေး
မှန်နှင့် တရုတ်ကတင်းဘောင်အမျိုးမျိုး၊ အလိုက်တံခါး၊ ဖွင့်တံခါး၊ ဟိုက်ဒရောလစ်တံခါး၊ လိပ်တံခါး၊ ကဲလားတံခါး၊
ပါဝါတံခါး၊ လိုက်ကာတန်း၊ ခြင်ဇကာ၊ ခန်းစီး၊ မျက်နှာကြက်၊ ဂျီးကော့စ်၊ ဘုရားခင်၊ ပရိဘောဂအမျိုးမျိုးနှင့်
အဆင့်မြင့်ဆိုင်းဘုတ်လုပ်ငန်းများကို စိတ်တိုင်းကျ လုပ်ကိုင်ဆောင်ရွက်ပေးပါသည်။
1 အမှတ်(၈)၊ အရှေ့ ရွှေဂုံတိုင်လမ်း၊ ဗိုလ်စိန်မှန်လမ်း၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗဟန်းမြို့နယ်
2 အမှတ် ၂၂/၂၄၊ ဗိုလ်စိန်မှန်လမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်
Viber.
နယ်အော်ဒါများကို ကားဂိတ်၊ သင်္ဘောဆိပ်များသို့ပို့ဆောင်ပေးပါသည်။



OUR BRAND
Manufactured by
Global Good Pure Group Co., Ltd
DIAMOND
VEGETABLE COOKING OIL
HALAL
MYANMAR
HCC 05460
Distributed by :
Global Good Pure Group Co., Ltd
No.(155/156), Yo Gi Chaung Pak Street, Bayintnaung,
Mayangone Township, Yangon, Myanmar.
Manufactured by
Global Good Pure Group Co., Ltd
GLOBAL
KAUNG THANT
Vegetable Cooking Oil
HALAL
MYANMAR
HCC 05460
Distributed by :
Global Good Pure Group Co., Ltd
No.(155/156), Yo Gi Chaung Pak Street, Bayintnaung,
Mayangone Township, Yangon, Myanmar.
Manufactured by
Global Good Pure Group Co., Ltd
HALAL
MYANMAR
HCC 05460
Distributed by :
Global Good Pure Group Co., Ltd
No.(155/156), Yo Gi Chaung Pak Street, Bayintnaung,
Mayangone Township, Yangon, Myanmar.
Manufactured by
Global Good Pure Group Co., Ltd
VEGETABLE
COOKING OIL
HALAL
MYANMAR
HCC 05460
Distributed by :
Global Good Pure Group Co., Ltd
No.(155/156), Yo Gi Chaung Pak Street, Bayintnaung,
Mayangone Township, Yangon, Myanmar.




Plot No.20/21, Thilawa Port Development Zone,
Kyauktan Township, Yangon, Myanmar.
Ph : +959 33162666

COMMERCE INTERNATIONAL

# ထရန့်အစိုးရက အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီကို ပိတ်သိမ်း

သမ္မတ ဒေါ်နယ်ထရန့် အစိုးရက အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီကို အပြီးတိုင် ပိတ်သိမ်းလိုက်ပြီဖြစ်ကြောင်း ဇူလိုင် ၃ ရက်တွင် တရားဝင်ထုတ်ပြန်လိုက်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

၆၄ နှစ်နီးပါးကြာ လုပ်ငန်းလည်ပတ်မှုရှိခဲ့သည့် အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ (USAID) အနေဖြင့် ဇူလိုင် ၁ ရက်မှစ၍ လုပ်ငန်းလည်ပတ်မှုများကို တရားဝင် ပိတ်သိမ်းလိုက်ကြောင်း ကြေညာခဲ့ခြင်းဖြစ်သည်။

အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ (USAID)သည် ဇူလိုင် ၁ ရက်မှစ၍ ပြည်ပအကူအညီပေးမှု တာဝန်များကို တရားဝင် ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း၊ သမ္မတ ဒေါ်နယ်ထရန့်၏ အစိုးရမူဝါဒနှင့် ကိုက်ညီသော စီမံကိန်းအချို့ကိုသာ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက ဆက်လက် အကောင်အထည်ဖော်ဆောင်ရန် လွှဲပြောင်းထားကြောင်း အမေရိကန် နိုင်ငံခြားရေး




ဝန်ကြီး မာကိုရူဘီယိုက ဇူလိုင် ၃ ရက်တွင် ကြေညာချက်ထုတ်ပြန် ပြောဆိုခဲ့သည်။

အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ (USAID)သည် အမေရိကန်ဒေါ်လာ ၇၁၅ ဘီလီယံ သုံးစွဲခဲ့ကြောင်း၊ အမေရိကန် အခွန်ထမ်းများ၏ ငွေကြေးဖြင့် "ကမ္ဘာတစ်ဝန်း နေရာအနှံ့တွင် အစိုးရမဟုတ်သော အဖွဲ့အစည်း(NGO)လုပ်ငန်း အထွေထွေအုပ်စု" တစ်ခုကို တည်ဆောက်ခဲ့သော်လည်း ၁၉၉၀ ပြည့်လွန်နှစ်များ စစ်အေးတိုက်ပွဲပြီးဆုံးချိန်မှစ၍ ၎င်း၏ လုပ်ငန်းဆောင်တာများမှာ ထိရောက်မှု အလွန်နည်းပါးကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်မှာလည်း အကောင်အထည်ဖော်နိုင်မှု အလွန်နည်းပါးကြောင်း၊ ကမ္ဘာတစ်ဝန်း မတည်ငြိမ်သည့် အခြေအနေများသည် ၎င်းတို့၏ လုပ်ငန်းဆောင်တာများကို များစွာ ထိခိုက်စေမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

ယခုအချိန်တွင် အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ (USAID)၏ စီမံကိန်း ၈၃ ရာခိုင်နှုန်းကို ဖျက်သိမ်းကာ ကျန်ရှိသည့် စီမံကိန်း ၁၀၀၀ ခန့်ကို ဆက်လက်ထားရှိမည်ဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်းရှိ အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ (USAID) ဌာနခွဲများ ပိတ်သိမ်းပြီးနောက် ယင်းဌာန၏ လုပ်ငန်းဆောင်တာများကိုလည်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ထည့်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။

**Source; Xinhua**



## ကမ္ဘောဒီးယား အန်ကောရှေးဟောင်းသုတေသနဥယျာဉ်သို့ တရုတ်ခရီးသွားဧည့်သည် ဝင်ရောက်မှု တိုးလာ

ကမ္ဘောဒီးယားနိုင်ငံ၏ အထင်ကရဖြစ်သည့် အန်ကောရှေးဟောင်းသုတေသနဥယျာဉ်သို့ လာရောက်လည်ပတ်သည့် တရုတ်ခရီးသွားဧည့်သည် အရေအတွက်သည် ၂၀၂၅ ခုနှစ် ပထမနှစ်ဝက်အတွင်း သိသိသာသာ မြင့်တက်လာပြီး ယမန်နှစ် ကာလတူထက် ၂၅ ရာခိုင်နှုန်းအထိပင် တိုးတက်လာခဲ့ခြင်း ဖြစ်ကြောင်း ဇူလိုင် ၃ ရက်တွင် ထုတ်ပြန်ခဲ့သည့် တရားဝင် အစီရင်ခံစာတစ်စောင်က ဖော်ပြထားသည်ဟု သတင်းတွင် ဖော်ပြထားသည်။

ကမ္ဘောဒီးယားအစိုးရပိုင် အန်ကောလုပ်ငန်းစုမှ ထုတ်ပြန်သည့် အစီရင်ခံစာအရ ယူနက်စကိုစာရင်းဝင် အန်ကော ရှေးဟောင်းသုတေသနဥယျာဉ်သို့ ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ခြောက်လတာ ကာလအတွင်း တရုတ်ခရီးသွားဧည့်သည် ၄၇၅၇၁ ဦး လာရောက်ခဲ့ခြင်းကြောင့် ယမန်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၂၅ ရာခိုင်နှုန်းအထိ တိုးလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် အမေရိကန်၊ ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့၏ နောက်တွင် အန်ကော ရှေးဟောင်းသုတေသနဥယျာဉ်သို့ အများဆုံး လာရောက်လည်ပတ်သည့် စတုတ္ထမြောက်နိုင်ငံအဖြစ် ဆက်လက်တည်ရှိနေကြောင်းလည်း အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားသည်။ နိုင်ငံနှင့် ဒေသ ၁၇၁ ခုမှ နိုင်ငံခြားသား ၅၆၇၆၇၃ ဦးသည် အန်ကော ရှေးဟောင်းသုတေသနဥယျာဉ်သို့ လာရောက်လည်ပတ်ခဲ့ကြပြီး လက်မှတ်ရောင်းချခြင်းမှ အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၃ သန်း ဝင်ငွေရရှိခဲ့ကြောင်း သိရသည်။

၂၀၂၅ ခုနှစ်သည် ကမ္ဘောဒီးယား-တရုတ် ခရီးသွားလာရေးနှစ်အဖြစ် သတ်မှတ်ထားခြင်းကြောင့် အန်ကော ရှေးဟောင်းသုတေသနဥယျာဉ်သို့ တရုတ်ခရီးသွားဧည့်သည် ဝင်ရောက်မှု သိသိသာသာ မြင့်တက်လာမည်ဟု ခန့်မှန်းထားသည်။ အန်ကော ရှေးဟောင်းသုတေသနဥယျာဉ်သည် ကမ္ဘောဒီးယားနိုင်ငံ စီရမ်ရိ(ပ်)ပြည်နယ် အနောက်မြောက်ပိုင်းတွင် တည်ရှိကာ စတုရန်း ကီလိုမီတာ ၄၀၁ ကျယ်ဝန်းသည့် ခရီးသွားနေရာတစ်ခုဖြစ်ပြီး ၉ ရာစုမှ ၁၃ ရာစုအတွင်း တည်ဆောက်ခဲ့သော ရှေးဟောင်းဘုရားကျောင်းပေါင်း ၉၁ ခု ရှိသည့် သမိုင်းဝင် နေရာတစ်ခုဖြစ်သည်။ **Source; Xinhua**

## ကမ္ဘာကျော် ဂီတပွဲတော်ကြီးဖြစ်သည့် Tomorrowland ကို ထိုင်းနိုင်ငံတွင် ကျင်းပမည်

ကမ္ဘာတစ်ဝန်း၌ အအောင်မြင်ဆုံးနှင့် အကြီးကျယ်ဆုံးဖြစ်သည့် ဂီတပွဲတော်ကြီးတစ်ခုဖြစ်သော Tomorrowland ကို ၂၀၂၆ ခုနှစ် ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ ချွန်ဘူရီ၌ ကျင်းပမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့(Tourism Authority of Thailand-TAT)က တရားဝင် အတည်ပြု ပြောဆိုလိုက်ကြောင်း ဗန်ကောက်ပို့စ်သတင်းဌာနက ဇူလိုင် ၃ ရက်တွင် ရေးသားဖော်ပြထားသည်။

ရင်းနှီးမြှုပ်နှံမှု ထိုင်းဘတ်ငွေ ဘီလီယံပေါင်းများစွာရှိသည့် Tomorrowland ပွဲတော်ကို အာရှတိုက်တွင် ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း၊ TAT၏ အုပ်ချုပ်ရေးမှူးဖြစ်သူ Thapanee Kiatphaibool က ဘယ်လ်ဂျီယံနိုင်ငံအခြေစိုက် Tomorrowland ပွဲတော်စီစဉ်သူများအနေဖြင့် ၂၀၂၆ ခုနှစ်အတွက် Tomorrowland ပွဲတော်ကို ထိုင်းနိုင်ငံ ချွန်ဘူရီမြို့အား ရွေးချယ်လိုက်ခြင်းဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ သို့အတွက်ကြောင့် ထိုင်းနိုင်ငံတွင် ကျင်းပမည့် Tomorrowland ပွဲတော်မှာ အာရှတိုက်၌ ပထမဆုံးအကြိမ်ကျင်းပခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

Tomorrowlandသည် ကမ္ဘာပေါ်တွင် အကြီးမားဆုံးသော Electronic Dance Music (EDM) ဂီတပွဲတော်ဖြစ်ပြီး ကမ္ဘာ့အကောင်းဆုံးအဖြစ် သတ်မှတ်ခံထားရသည့် ပွဲတော်တစ်ခုလည်းဖြစ်သည်။ ၂၀၂၆ ခုနှစ် Tomorrowland ပွဲတော်အတွက် ထိုင်းနိုင်ငံ ချွန်ဘူရီကို ရွေးချယ်ရခြင်းမှာ ကျယ်ဝန်းသည့်နေရာရှိခြင်းနှင့် သွားလာရေး လွယ်ကူအဆင်ပြေမှုကြောင့် ဖြစ်ကြောင်း သိရသည်။

Tomorrowland ပွဲတော် ကျင်းပမည့် ချွန်ဘူရီခရိုင်သည် U-Tapao အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် တိုက်ရိုက် ချိတ်ဆက်ထားသလို သုဝဏ္ဏဘူမိ လေဆိပ်နှင့် ဒွန်မောင်း လေဆိပ်တို့မှလည်း အလွယ်တကူ သွားရောက်နိုင်သည်။ ထို့ပြင် ကုန်းလမ်းခရီးနှင့်လည်း အဆင်ပြေခြင်းကြောင့် ကမ္ဘာတစ်ဝန်းမှ ခရီးသွားများအနေဖြင့် ယင်းပွဲတော်ကို အဆင်ပြေပြေ လာရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အခြားတစ်ဖက်တွင် ချွန်ဘူရီသည် နိုင်ငံခြားဧည့်သည်များ တည်းခိုရန် ဟိုတယ်များနှင့် တခြားလိုအပ်သည့် အခြေခံ အဆောက်အအုံများလည်း အသင့်ရှိနေပြီး ပွဲတော်လာရောက်မည့် ခရီးသွားဧည့်သည်များကို လက်ခံရန် အဆင်သင့်ရှိနေသည်ဟု ဆိုသည်။

**Source; Nation Thailand**

စိုင်းဗညား - စုစည်းသည်

